www.burmeseclassic.com

THOE SAUNG

# သိုးဆောင်း

BURMESE CLASSIC .com

FIRST EDITION

SECOND EDITION

# ခြေသည်တစ်ရှုမ်း အချစ်တောင်းမလွှာ

www.burmeseclassic.com

SHWE THAMIEE PUBLISHING HOUSE

www.burmeseclassic.com

ဒိုတာဝန်အရေးသုံးပါး
ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား
ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအားဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။
နိုင်ငံရေးဦးတည်ချက် (၄) ရပ်
နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ်တစ်ရပ်
တည်ဆောက်ရေး။
စီးပွားရေးဦးတည်ချက် (၄) ရပ်
စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်
တွင်ရှိရေး။
လူမှုရေးဦးတည်ချက် (၄) ရပ်
တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင်
ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။




သားသား စီစဉ်သည်။

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၅၅၆၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၆၉၄၀၆၁၁

ထုတ်ဝေသူ
ဒေါ်ခင်မာချို(ပန်းဝေဝေစာပေ)
အမှတ် - ၁၆၀၊ဗိုလ်အောင်ကျော်လမ်း၊ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၅၈၊ ၄၇(လမ်း) ရန်ကုန်။

ပုံနှိပ်ခြင်း
၂၀၁၁ ခုနှစ် ၊ နိုဝင်ဘာလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

သိုးဆောင်း ရွှေ-ဆု

(ခြေဆယ့်တစ်လှမ်း၊ အချစ်တောင်ခံလွှာ) / သိုးဆောင်း။ ရန်ကုန်၊
ပန်းဝေဝေ စာပေ၊ ၂၀၁၁
၂၂၄ - စာ၊ ၁၂.၅၊ ၁၉.၅ စင်တီ။
(၁) ခြေဆယ့်တစ်လှမ်း၊ အချစ်တောင်ခံလွှာ


www.burmeseclassic.com

www.burmeseclassic.com

# I

နိုင်ငံတကာ သံရုံးတစ်ခုရဲ့ အဝင်ဝနားမှာ လူအချို့တမျှော်တခေါ် ရပ်တုံ့နေကြတယ်။ သူတို့ရဲ့အမြင်အာရုံတွေအားလုံးက သံရုံးထဲကို တစိမ့်စိမ့်ကြည့်ပြီး တရိပ်ရိပ်စိုးရိမ်နေသလိုပဲ။ ပြီးတော့ အားလုံးရဲ့မျက်နှာတွေမှာ တစ်စုံတစ်ရာသော အကြောင်းတစ်ခုနဲ့ ပတ်သက်ပြီး ကြိတ်မနိုင်ခဲမရဟန်တွေ ပေါ်နေတယ်။

ဘာတွေလဲ၊ ဘာတွေ ဖြစ်နေကြတာလဲ။

လူတွေပုံစံကြည့်ရတော့ သပ်သပ်ရပ်ရပ်နဲ့ အထက်တန်းကျတဲ့ စရိုက်လက္ခဏာတွေ မပေါ်ပါဘူး။ ဒါပေမဲ့ တချို့တလေတော့လည်း သန့်ပြန့်တောက်ပြောင်နေကြတယ်။ ပြီးတော့ လူအများကြီးလည်း မဟုတ်ဘူး။ အလွန်ဆုံးရှိလှမှ အယောက်နှစ်ဆယ်ဝန်းကျင်ပါ။

တချို့က လွယ်အိတ်တွေ စလွယ်သိုင်းလို့။ တချို့ကျတော့လည်း ဆေးပေါ့လိပ်တိုတွေကို ခဲလို့၊ စိတ်လှုပ်ရှားမှုကို ရရာလက်နက်တွေနဲ့ အတတ်နိုင်ဆုံး ဖြေဖျောက်နေပုံပါပဲ။ သူတို့ပုံစံတွေကို ခြုံငုံအကဲခတ်ရရင်တော့ အနိမ့်စပ်ဆုံး အနုပညာသမားတွေ ဖြစ်နိုင်ခြေရှိတယ်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါတယ်။ တကယ်ပါပဲ၊ အနုပညာသမားတွေပါ။ အနုပညာကို တရိုက်မက်မက် ခုံမင်သူတွေပါ။ အနုပညာကို ဘုရားသခင်လို ကိုးကွယ်ကြသူတွေပါ။

ဒါပေမဲ့ တစ်ခုထူးဆန်းနေတာက ဒီအနုပညာသမားတွေ သံရုံးရှေ့မှာ ဘာလို့စုဝေးနေကြတာလဲ။ လုံးလုံးမသက်ဆိုင်တဲ့ နေရာတစ်ခုမှာ အစုလိုက် တည်ရှိနေတာမို့ ထူးဆန်းကာနေပါတယ်။ ပြီးတော့လည်း ညကြီး အချိန်မတော်။ ဟုတ်တယ်။ ယခုတည်ရှိနေဆဲအချိန်ကား ညသန်းခေါင်ကျော်လို့ ညလယ်နှစ်နာရီထိုးနေပြီ။

မာကျူရီမီးရောင်တွေက ဖျတ်ဖျတ်လင်းနေတဲ့ ပတ်ဝန်းကျင်မှာ သူတို့တွေကတော့ ဖွဲနပဲကြီးစွာနဲ့ တစ်စုံတစ်ရာထွက်အလာကို စောင့်မျှော်လို့နေတယ်။ ထိုစဉ်မှာပဲ စုဝေးနေတဲ့သူတွေထဲက တစ်စုံတစ်ယောက်ရဲ့စကားသံကို စတင်ကြားရပါတယ်။

"နှစ်နာရီတောင် ထိုးနေပြီ၊ ဘာလို့ထွက်မလာသေးတာလဲ "

ဘယ်သူမျှ ပြန်ဖြေသူ မရှိကြဘူး။ အကုန်လုံးကလည်း ထိုမေးခွန်းကိုပဲ စဉ်းစားနေကြတာပါ။ အမှန်က ထွက်လာဖို့ကောင်းနေပြီ။

"ဘယ်အချိန်က တွေ့ခဲ့တာလဲ "

"ညနေ ခြောက်နာရီ"

ဒီမေးခွန်းကိုတော့ ချက်ချင်းပဲ ပြန်ဖြေသံကြားရတယ်။

"ဘယ်သူပါလဲ . . ."

"ဘယ်သူမှမပါဘူး . . ."

အမေးအဖြေတို့ စိုးရိမ်တကြီး သွက်လက်နေကြတယ်။ တကယ်ပါပဲ၊ ဘူးအပေါက်တစ်ရာသာပိတ်နိုင်မယ်၊ ပါးစပ်တစ်ပေါက်ကို မပိတ်နိုင်ဘူးဆိုတာ အရမ်းမှန်တဲ့စကားပါ။ အဲ့ဒီပါးစပ်တစ်ပေါက်ကြောင့်ပဲ အခုလို သူတို့တွေ စုဝေးခွင့်ရခဲ့တာပေါ့။ ထိုစဉ်မှာပဲ တောက်တောက်ပြောင်ပြောင်ဝတ်ထားတဲ့ ခန့်ခန့်ညားညားလူကြီးတစ်ယောက်က သူရဲ့လက်ကိုင်ဖုန်းကို အင်္ကျီအိတ်ထဲ ထိုးထည့်ပြီးမေးတယ်။



"ဒါဖြင့် မင်းတို့ ဘယ်လိုသိခဲ့တာပဲ"

"ဒီလိုပဲ ဟိုလူပြော ဒီလူပြောနဲ့ သိလာခဲ့တာ"

"တကယ်ရော ဟုတ်လို့လား"

"ဟုတ်တယ်"

"အဲဒါဆို ဒီအချိန်ထိ ဘာလို့ ထွက်မလာသေးတာလဲ . . ."

ခဏတိတ်ဆိတ်သွားကြတယ်။ပြီးတော့မှ လွယ်အိတ်ကို စလွယ်သိုင်းပြီး မုတ်ဆိတ်မွေးမျှင်တွေနဲ့ တစ်ယောက်က . . .

"ဆေးရုံက ကိစ္စမပြီးပြတ်သေးလို့နဲ့တူတယ်"

တောက်တောက်ပြောင်ပြောင်လူကြီး ခဏငြိမ်သွားတယ်။ နောက် ခေါင်းကို ဆတ်ခနဲညိတ်ပြီး . . .

"အင်း . . . ဒါလည်းဖြစ်နိုင်တာပဲ"

"ဒါနဲ့ . . . နောင်ရိုးကရော . . . "

ထိုမေးခွန်းရဲ့ အဖြေကိုတော့ မုတ်ဆိတ်မွေးမျှင်တွေနဲ့ လူကပဲ စိတ်မကောင်းဟန်ပြောပြပါတယ်။ စကားဆုံးတော့ တောက်တောက်ပြောင်ပြောင် လူကြီးရဲ့မျက်နှာမှာ နမြောတသဖြစ်ဟန်၊ ယူကြုံးမရ ပုံ[illegible] တစ်ပြိုင်နက်ပေါ်သွားပြီး . . .

"ကြားရတာ စိတ်မကောင်းလိုက်တာကွာ"

တကယ်ပဲ စိတ်ပျက်လက်ပျက် ညည်းတွားပါတယ်။ ထိုစဉ်မှာပဲ အမေးအဖြေလုပ်နေသူ နှစ်ယောက်ကြားကို နောက်တစ်ယောက်က ဝင်မေးတယ်။

"တကယ်ရော အဲလို ဖြစ်နိုင်လို့လားဗျ"

မုတ်ဆိတ်မွေးမျှင်တွေနဲ့လူ စဉ်းစားသွားပါတယ်။ သူ[illegible] ပညာရှိတစ်ယောက် ပုံစံမပေါက်ပေမဲ့ ဗဟုသုတတော့ အတော်အတန်ပြည့်ဝပုံပါပဲ။

"ဖြစ်နိုင်တာပေါ့။ နောင်ရိုးက အရင်ကတည်းက [illegible]တယ်ဘဲ့ မှတ်ခံရှိတယ်။ မွေးကတည်းက လူတကာအနှိမ်ခံ၊ အခိုး[illegible]ဘဝမှာ ကြီး



www.burmeseclassic.com

www.burmeseclassic.com

ပြင်းလာတော့ လူတောမတိုးရဲတဲ့ စိတ်ဝေဒနာတစ်မျိုးလည်း ရှိတယ်။ ရှင်းရှင်းပြောရရင်တော့ စိတ်ဓာတ်ချို့တဲ့တာပေါ့ကွာ။ ဒါကိုမှ နောက်ထပ် ဖိစီးမှုတွေ ထပ်တိုးလာတယ်။ မအိပ်နိုင် မစားနိုင်ဖြစ်လာတယ်။ စိတ်တွေ ယောက်ယက်ခတ်လာတယ်။ အဲဒီအချိန်မှာ အရင်ကတည်းက အကျင့် မလုပ်ထားတော့ စိတ်ကို ထိန်းချုပ်နိုင်တဲ့သတိ သူ့မှာမရှိတော့ဘူး။ အမိက ကတော့ သတိပဲ။ သတိလွတ်သွားတဲ့ အချိန်မှာ အခုလိုဖြစ်သွားတာပဲ"

မှတ်ဆိတ်ကျင်စွယ်နဲ့ လူကြီးရဲ့စကားကို နှစ်ယောက်လုံး လေး လေးနက်နက် နားထောင်နေကြတယ်။ စကားရှည်ကြီးဆုံးတော့ သက်ပြင်း ကိုယ်စီချရင်း ခေါင်းတဆတ်ဆတ်ညိတ်ကြပါတယ်။

ရှည်လျားဖြူလျော်နေတဲ့ မှတ်ဆိတ်ရှည်ရှည်ကို ဖွဖွယယပွတ် ရင်း ထပ်ဆက်တယ်။

"အင်း . . . ဒါမျိုးက ဖြစ်တတ်ပါတယ်"

ထိုစဉ်မှာပဲ တောက်တောက်ပြောင်ပြောင်လူကြီးအိတ်ထဲက လက်ကိုင်ဖုန်းမှာ ထမြည်လာတယ်။ ဖုန်းအရှည်အသွေးကောင်းလို့လား တော့မသိဘူး။ တစ်ဖက်လူရဲ့ ပြောစကားကိုပါ အတိုင်းသား ကြားရ တယ်။

"ဟယ်လို . . ."

"ကိုသက်နိုင် . . . အခု ဘယ်မှာလဲ"

"ငါ သံရုံးရှေ့မှာ"

"ဒါဆို အဲ့ဒီသတင်းက တကယ်ဟုတ်တယ်ပေါ့"

"ဟုတ်တယ်၊ ငါတောင်ကြည့်ချင်လို့ စောင့်နေတာ တစ်နာရီ လောက်ရှိပြီ"

"ဟာ . . .ဟုတ်လား၊ ဒါဆို ကျွန်တော် အခုချက်ချင်းလာခဲ့ မယ်"

ထိုစဉ်မှာပဲ စောင့်နေသူ လူအုပ်ကြီးဆီမှ လှုပ်လှုပ်လှိုလှိုအသံ များကို ကြားလိုက်ရတယ်။



"ဟာ . . .နေဦး . . . နေဦး မလားနဲ့ဦး၊ ထွက်တောင်လာပြီ လားမသိဘူး"

ထိုခဏ . . .

ဆိုင်ကယ်ကြီးတစ်စီးက မီးစုံဖွင့်ပြီး ရှေ့ဆုံးမှာ တရွေ့ရွေ့မောင်း နှင်လာတာကို တွေ့လိုက်ရတယ်။ စောင့်မျှော်နေကြသူတွေအားလုံး လှုပ် လှုပ်ရွရွတွေဖြစ်ကုန်ပါပြီ။ အားလုံး၏အကြည့်တွေကလည်း သံရုံးထဲမှ ထွက်လာမဲ့ ဆိုင်ကယ်နောက်ပိုင်းဆီကို တောက်တောက်စူးစူး ကြည့်ကုန် ပြီ။

ပထမဆိုင်ကယ်နောက်မှာ ဆိုင်ကယ်နောက်တစ်စီး ထပ်ပါလာ တယ်။ ထိုဒုတိယဆိုင်ကယ်ကလည်း ပထမဆိုင်ကယ်အတိုင်း မီးစုံဖွင့်ပြီး တရွေ့ရွေ့မောင်းနှင်လာတာပါ။ အမြင်ရိုးနေပြီမဟုတ်ပေမဲ့ အားလုံး သဘောပေါက်ပါတယ်။ ဒါ အရေးကြီးပုဂ္ဂိုလ်တစ်စုံတစ်ဦး။ ဒါမှမဟုတ် တန်ဖိုးကြီးပစ္စည်း တစ်စုံတစ်ရာ ရွှေ့ပြောင်းသွားလာတော့မယ်ဆို ရှေ့ဆုံးမှ မောင်းနှင်ရမဲ့ လမ်းရှင်းတဲ့ ဆိုင်ကယ်တွေပါ။

မောင်းနှင်သူ နှစ်ယောက်စလုံးကလည်း ယူနီဖောင်းအပြည့်အစုံ ဝတ်ထားတဲ့အတွက် ပိုပြီး သေချာလို့နေတယ်။ ဒီလိုဆိုသေချာပါပြီ၊ ကြ[illegible] တင်သတင်းရထားတဲ့အတိုင်း လေယာဉ်ကွင်းကို တိုက်ရိုက်တန်းဆင်း တော့မှာပါ။ ထင်ထားတဲ့အတိုင်းပါပဲ။

ဆိုင်ကယ်နှစ်စီးနောက်မှာ ကားအမည်းကြီးနှစ်စီးပါလာတယ်[illegible] မြင်ရုံနဲ့ စောင့်နေသူတွေအားလုံး သိလိုက်တယ်။ သူတို့ ကားအတွင်း[illegible] ကို ဘာမှမြင်ရမှာမဟုတ်ပါဘူး။ ပြီးတော့ သူတို့ မျှော်လင့်ချက်တွေ ပေ[illegible] သွားပြီဆိုတာလည်း တွေးမိတယ်။

သူတို့ အရမ်းတွေ့ချင်နေတဲ့ တစ်စုံတစ်ရာကိုလည်း တွေ့ရ[illegible] မဟုတ်တော့ဘူး။

သံရုံးဝန်းခြံတံခါးကြီး တဖြည်းဖြည်းပွင့်သွားတယ်[illegible]ထိုအထဲမှ ဆိုင်ကယ်နှစ်စီး အရင်ဆုံးထွက်လာတယ်။ ထို့နောက်မှာ[illegible]ကားအမည်းကြီး



www.burmeseclassic.com

www.burmeseclassic.com

နှစ်စီး၊ ပြီးတော့ နောက်ချန်ဆိုင်ကယ်နှစ်စီး၊ စောင့်ကြည့်သူတွေအားလုံး တမေ့တမောနဲ့ ဆွံ့အသွားကြတယ်။

အကုန်လုံး အာစေးမိသွားသလိုပါပဲ။ မီးဖွင့်ကာ တရွေ့ရွေ့ ထွက်ခွာသွားတဲ့ ကားကြီးနှစ်စီးနဲ့ ထိပ်ပိတ်နောက်ပိတ် ဆိုင်ကယ်လေးစီး ကိုကြည့်ပြီးတော့ အသက်မဲ့သယောင် လိုက်မောတိတ်ဆိတ်သွားကြတယ်။ သူတို့ ရင်ထဲမှာလည်း တစ်စုံတစ်ရာ လစ်ဟာသွားသလို။

ထိုစဉ်မှာပဲ ဘယ်သူက စပြောလိုက်တဲ့ စကားသံတစ်သံလည်း မသိပါဘူး။

"လေယာဉ်ကွင်းကို လိုက်ကြမယ်ကွာ . . .၊ ဟိုရောက်ရင်တော့ ဖွင့်ပြရင်ဖွင့်ပြမှာပေါ့"

အနီးနားမှာ ဗုံးတစ်လုံး ကပ်ကွဲသွားသလို ထိုစကားက အားလုံး ကို ဝရုန်းသုန်းကား ဖြစ်သွားစေတယ်။

"ဟုတ်တယ်၊ လိုက်ကြမယ်ကွာ . . ."

"ဖြစ်နိုင်တယ်၊ လေယာဉ်ကွင်းရောက်ရင်တော့ ပြရင်ပြမှာပေါ့"

"လိုက်ကြမယ်၊ ဒါမျိုးက ကြည့်ရခဲတယ်"

ခဏချင်းပဲ ပတ်ဝန်းကျင်မှာ ရှုပ်ထွေးသွားတယ်။ ကားငှားသူ ငှား၊ မှတ်တိုင်ပြေးသူက ပြေးနဲ့။

အံ့ဩငေးမောသွားသူတစ်ယောက်ကတော့ မပြီးပြတ်သေးတဲ့ ဖုန်းတစ်ခုကို အလျင်မြန်ပြောဆိုပြီး ပြေးထွက်လာတယ်။

"ဟော့ကောင် . . . ဒီကိုမလာနဲ့တော့၊ လေယာဉ်ကွင်းကိုပဲ တန်း ဆင်းခဲ့။ ဒီမှာထုတ်ပြမသွားဘူး"

ပြီးတော့ နိုင်ငံခြားသံရုံးတစ်ခုရဲ့ ပတ်ဝန်းကျင်က ဘာမှမဖြစ်ခဲ့ သလို ပြန်လည် အိပ်မောကျသွားပါတယ်။



## II

အပြင်မှာ တစ်စထက်တစ်စ မှောင်မိုက်လာနေပြီ။ သူ သိနေ တယ်။ ဒါ သူလိုချင်တဲ့ အချိန်ကောင်းတစ်ခုပဲ။ သူလိုချင်နေတာ ညရန့်၊ ဒီရန့်ကို သူလိုချင်နေတာ။ သူ အသက်သွင်းပုံဖော်နေတဲ့ ဆေးရောင်စုံ ကားချပ်ကြီးက ညရဲ့ အငွေ့အသက်ကို တမ်းတမ်းတတ တပ်မက်နေတာ သူသိနေတယ်။

ဒါမှလည်း သူရေးဆွဲရကျိုးနပ်မှာလေ။

တစ်ပေါက်တည်းသာရှိတဲ့ ပြတင်းပေါက်နားသွားရပ်ပြီး သံတိုင် တွေကြားက အပြင်ကို မျှော်ကြည့်လိုက်တယ်။ ဟုတ်ပါတယ်၊ အမှောင် ထုက လောကကြီးထဲကို ဖြိုးဖြိုးဖြောက်ဖြောက် ချင်းနင်းဝင်ရောက်လာ နေပြီ။ ပြီးတော့ သူ့ကို ပြုံးရယ်နှုတ်ဆက်နေကြပြီ။

အတွင်းကို ပြန်လှည့်ကြည့်လိုက်တယ်။ အမှောင်တစ်ဖက် အလင်းတစ်ဖက် တိုးဝင်နေတဲ့ သူ့အခန်းလေးက သွေးပျက်ဖွယ်ကောင်း လောက်အောင် တိတ်ဆိတ်နေတယ်။

ဟိုထောင့်စွန်းဘက်မှာ သူ အိပ်နေကျ ခုတင်တစ်လုံးရှိ[illegible] ထိုကုတင်က ယခုတော့ သူ့ကို ခြောက်လှန့်နေပါပြီ။

ဘာကြောင့်လဲ။



www.burmeseclassic.com

www.burmeseclassic.com

မိန်းကလေးတစ်ယောက် သူပိုင်အခန်းရဲ့ သူ့ကုတင်ပေါ်မှာ မိန်းကလေးတစ်ယောက် အေးစက်စက်လဲလျောင်းနေတယ်။ အိပ်ရာခင်းနဲ့ ခေါင်းအုံးတွေလည်း နေရာပျက်ပြီး တွန့်လိမ်ကြွေးကောက်လို့။ မိန်းကလေးရဲ့ ဆံပင်ပျက်တွေက ထိုအိပ်ရာခင်းကြေကြေပေါ်မှာ ဟိုတစ်ပင်၊ ဒီတစ်ပင် လဲလျောင်းနေရာယူထားပေမဲ့ သူ ရှင်းလင်းခြင်းမပြုဘူး။

အမှန်အတိုင်းပြောရရင် လက်ဖျားနဲ့တောင် မတို့ဘူး။ ပုံပျက်သွားမှာတောင် စိုးနေတဲ့သူလေ။

"ဖျောက် . . ."

မီးဖွင့်လိုက်တယ်။ ငွေရောင်ဖန်ချောင်း လင်းလက်လာပြီးနောက်မှာ ထိုမိန်းကလေးရှိရာသို့ သူ လှမ်းကြည့်လိုက်ပါတယ်။ ချက်ချင်းပဲ ကြက်သီးတွေ ဖျိုးဖျိုးဖျန်းဖျန်းသီးသွားတယ်။ မသိစိတ်ရဲ့ ခြောက်လှန့်မှုကြောင့် တံခါးရှိရာဆီ အကြည့်ရောက်သွားပေမဲ့ သော့ခလောက်တန်းလန်းနဲ့ တံခါးက သူ့ကို သရော်ကြည့် ကြည့်ကာ စကားတစ်ခွန်း လှမ်းပြောလိုက်တယ်လို့တောင် ထင်မိတယ်။

"ခင်ဗျား မေ့နေပြီလား။ ခင်ဗျားပဲ တံခါးကို သော့ခတ်ပြီး သော့ကို ပြတင်းပေါက်က လွှင့်ပစ်လိုက်တာလေ"

ဟုတ်မယ်၊ တံခါးက သော့ပိတ်ထားပြီးသား။ သူ ဘယ်လိုမှ အပြင်ထွက်မရဘူး။ ဒါဆို ဘာလုပ်ရမလဲ။ သူ အရူးတစ်ယောက်လို တဟားဟား အော်ရယ်လိုက်မိတယ်။

"ဟား . . . ဟား . . . ဟား . . . ပန်းချီဆွဲတာပေါ့၊ ပန်းချီဆွဲချင်လို့ကို တမင်လုပ်ပစ်လိုက်တာ"

သူ တရွေ့ချင်း ကင်းဗက်(စ်) ဆီသို့ ရွေ့သွားလိုက်တယ်။ ကင်းဗက် (စ်) ရှေ့ရောက်တော့ အတန်ငယ် ရပ်တန့်ကာ ဆွဲလက်စ ပန်းချီကားကိုကြည့်တယ်။ ယခုမှ စလုံးရေး စပဲ ရှိသေးပါတယ်။ ပြီးဖို့ အဝေးကြီးလိုသေးတယ်။ နောက်ပြီး သူလိုချင်တာ ဒီပုံစံမဟုတ်ဘူး။

ညီစိုစိုအနံ့၊ ညရနံ့၊ အိပ်ရာခင်းပေါ် တလူလူပြန့်ကျဲနေတဲ့ ဆံပင်၊



ဖွာကျဲရှုပ်ပွေနေတဲ့ သူမရဲ့ ဆံပင်ဖားလျား၊ တစောင်းလှဲနေတဲ့ မျက်နှာ၊ ပက်လက်မကျတကျ ကိုယ်ခန္ဓာနဲ့ ချောက်ချားဖွယ် အငွေ့အသက်တချို့က သူလိုချင်တဲ့ ပုံစံမဟုတ်ဘူးဆိုတာ ပေါ်လွင်နေတယ်။

စောင့်ရဦးမယ်။ လိုချင်တဲ့ပုံစံရဖို့ တော်တော်စောင့်ရဦးမယ်။ ယခုဆို သူမ သူ့အခန်းထဲရောက်နေတာ နှစ်ရက်တင်းတင်း ပြည့်ပြီပေါ့။

ညက တစ်စထက်တစ်စ မှောင်မိုက်လာတယ်။ နလုံးခုန်သံတွေ တဒုတ်ဒုတ် အော်မြည်နေပေမဲ့ သူ အကြောက်တရားကို တွန်းလှန်ရင်း စုတ်တံကို ကောက်ကိုင်လိုက်တယ်။ ပြီးတော့ ကုတင်ပေါ်ကို တစ်ချက် လှမ်းကြည့်လိုက်တယ်။

ထိုစဉ်မှာပဲ ညလေအေးက ပြတင်းပေါက်မှ တိုးတိုးဖွဲ့ဖွဲ့ ဝင်ရောက်လာပါတယ်။ သွေးပျက်ဖွယ် အငွေ့အသက်တို့ ခဏတာပျောက်ရှသွားတယ်လို့ ထင်မိတယ်။

ဒါပေမဲ့ ခဏပါပဲ၊ စိတ်က ပြန်လည် ချောက်ချားလာတယ်။ ပြီးတော့ အခန်းရဲ့ထောင့်စွန်းမှာ လူတစ်ယောက်ရပ်ပြီး သူ့ကိုကြည့်နေတယ်လို့ စိတ်ထဲမှာ ထင်နေမိတယ်။

"မဟုတ်ဘူး . . . မဟုတ်ဘူး . . . မရှိဘူး . . . မရှိဘူး။ အခန်းထဲမှာ ငါတစ်ယောက်တည်း၊ ငါရယ် ပန်းချီကားရယ်၊ ဒါပဲ ရှိတယ်"

ကိုယ့်ကိုယ်ကိုယ် အားပေးသလို တတွတ်တွတ်ပြောရင်း လက်ထဲကစုတ်တံကို ဆေးခွက်ထဲသို့ နှစ်လိုက်တယ်။ ပြီးတော့ ကင်းဗက် (စ်) ပေါ်ကို စုတ်တစ်ချက် ရေးခြစ်တယ်။

ခဏလေးပါပဲ။ သူ့ပါးစပ်က အသံတွေတိတ်သွားတယ်။ ပြီးတော့ သူပိုင်အခန်းလေးက ပြန်လည်ငြိမ်ကျသွားတယ်။ ညီစို့စို့အနံ့ အသက်တွေ တလှိုင်လှိုင်ထကြွလာတယ်။

အခန်းလေးထဲမှာက . . .

သူရယ်၊ ပန်းချီကားရယ်၊ နောက်တစ်ယောက်ရယ် . . .



www.burmeseclassic.com

www.burmeseclassic.com

## (၁)

အောက်တိုဘာမိုးကောင်းကင်က ဆေးသားတွေကို ဖွဲ့ချပြီးရေနဲ့ ရေမွှေ ပက်ထုတ်လိုက်သလို မိုးတွေ တဖွဲဖွဲဝေသီနေတယ်။ အင်္ဂလိပ်စာသင်တန်းလေးတစ်ခုရဲ့ အရှေ့ဆုံး ခုံတန်းလေးမှာထိုင်ပြီး သူ တစ်ယောက်တည်း မိုးမနက်ခင်းရဲ့ ဒုတိယမြောက် ရွာသွန်းမှုကို မှိုင်းမှိုင်းဝေဝေ ထိုင်ကြည့်နေချိန်ပေါ့။

ဆရာ မလာသေးပါဘူး။ ဆရာမလာသေးလို့ သူတို့တွေလည်း ဆူဆူညံညံမရှိလှဘူး။ တကယ်တမ်းပြောရရင် ဒီသင်တန်းလေးက သူပါဝင်မှ ခုနစ်ယောက်တည်းပါ။ ကျန်သူတွေကတော့ ကိုယ့်အုပ်စုနဲ့ကိုယ် စကားပြောနေကြပေမဲ့ သူ့လို အထီးကျန်ဆန်သူကတော့ ရှေ့ဆုံးတန်းမှာ တစ်ယောက်တည်းထိုင်ရင်း အုပ်မှိုင်းသွန်းဖွဲ့နေတဲ့ မိုးစက်တွေကိုသာ တစ်စက်ချင်းလိုက်ကြည့်နေမိတယ်။

ကြာလာတော့ မျက်လုံးညောင်းလာတာနဲ့ အိတ်ထဲက စာအုပ်တစ်အုပ်ကို ထုတ်ဖတ်နေလိုက်တယ်။ ဒီသင်တန်းလာတက်ရတာကလည်း တခြားအကြောင်းမဟုတ်ပါဘူး။ အင်္ဂလိပ်ဘာသာနဲ့ ပြုစုထားတဲ့ ပန်းချီသဘောတရားစာအုပ် ဖတ်ချင်လို့ပါ။ ညှိုးရော်နွမ်းပါးလှတဲ့ မိသားစုကို



ဖွတ်ထွက်ပြီး တစ်ယောက်တည်း ရပ်တည်နေရပေမဲ့ လောက်ငတယ်ရယ်လည်း မရှိပါဘူး။ နာမည်ကြီးစားသောက်ဆိုင်တစ်ဆိုင်မှာ အချိန်ပိုင်းအလုပ်တစ်ခုကြောင့် အသက်ဆက်လို့ ရနေခြင်းဖြစ်ပါတယ်။ ပြီးတော့ တစ်လတစ်ခါလည်း နယ်က နွမ်းပါးနေတဲ့ မိသားစုကို တတ်နိုင်သလောက် ထောက်ပံ့ပေးရတယ်။

သူ့ဘဝရဲ့ ရပ်တည်မှု၊ လွတ်လပ်မှု၊ ပျော်ရွှင်မှု အားလုံးက ပန်းချီဆွဲနေစဉ် တစ်ချိန်မှာပဲ အေးချမ်းနေတာပါ။ ကျန်တဲ့အချိန်တွေမှာ ဘဝက ခါးသက်ညိုမည်းလွန်းလှတယ်။ ပြီးတော့ ဘဝမှာ မေ့နိုင်သမျှအရာအားလုံးကိုလည်း မေ့ထားတယ်။

ချမ်းသာမှု၊ စည်းစိမ်၊ ငွေကြေး၊ အချစ်စသဖြင့်ပေါ့။ ဟုတ်ပါတယ်၊ ဒါတွေအားလုံးဟာ အခုအချိန်မှာ သူနဲ့ လုံးဝ မသက်ဆိုင်သလို နောင်အခါမှာလည်း သူ့ကို အမြဲခြောက်လှန့်နေမဲ့ တစ္ဆေတွေပါပဲ။

ဒါပေမဲ့ ပြေးလွန်းတဲ့လူကိုမှ ဒဏ်ခတ်၊ ခလုတ်တိုက်ပစ်လိုက်သလို။ ထိုသောမနက်ခင်းမှာပဲ အချစ်ရဲ့ ဂုဏ်ကျေးဇူးတော်အောက်မှာ သူ ကျရှုံးခဲ့ရပါတယ်။

မပြင်းမပျော့ တိုးတိုက်သွားတဲ့ ခြေလှမ်းတစ်ခုကြောင့် ထိုင်ခုံမှာ ထိုင်ပြီး ရှေ့မှာချထားတဲ့ သူ့ခြေထောက်တို့ ဟန်ချက်ပျက်သွားတယ်။ ပထမဆုံးမြင်လိုက်ရတာကတော့ စိန်ပွင့်လေးတွေ အတန်းလိုက်စီထားတဲ့ ဖိနပ်သဲကြိုးလေးတစ်ခုပါ။

ထိုသဲကြိုးလေးအောက်မှာမှ ဖောင်းအိဖြူဝင်းနေတဲ့ ခြေဖမိုးလေး။ အရင်ထဲက ခေါင်းငုံ့တတ်သူတစ်ယောက်မို့ ကျင့်သားရနေတဲ့ မျက်ဝန်းညိုညိုနဲ့ပဲ မော့ကြည့်ဖြစ်ပါတယ်။

ထိုသောခဏမှာ ကမ္ဘာမြေက တုန်ဟည်း၊ လျှပ်စီးတို့ ပြိုးပြိုး ပြက်ပြက် လက်၊ တိမ်လိပ်တို့ လွင့်ပါး၊ နေမင်းကို မွှေးထုတ်သူ နတ်သမီးတစ်ပါးရဲ့ အလှကို ပြတ်ပြတ်ကွင်းကွင်း မြင်တွေ့လိုက်ရတယ်။

"ဆောင်ရီးနော် . . ."



www.burmeseclassic.com

www.burmeseclassic.com

"ချစ်သူ . . ."

အနှစ်နှစ်အလလ ဒဏ်ခတ်ထားတဲ့ စကားက နှလုံးသားထဲကို မထင်မှတ်ဘဲ သွန်ကျလာတယ်။ ကိုယ့်ဘဝမှာ အံကြိတ်ဖို့ မေ့နေခဲ့တာ အခုချိန်အထိပါပဲ။ ခေါင်းငုံ့တတ်အောင် အမြဲလေ့ကျင့်ထားသူတစ်ယောက်ဖို့ တောင်းပန်သူကိုတောင် စိတ်ထဲက အားနာသွားတယ်။

ချက်ချင်းလက်ငင်း ပြောစရာစကားတွေက အဝေးထွက်သွားကြတာမို့ ကမန်းကတန်းပုံစံနဲ့ပဲ ခေါင်းပြန်ငုံ့လိုက်တယ်။ သူမကတော့ သူ့ကို တောင်တောင်ငေးငေးကြည့်ရင်း စာသင်ခန်းရဲ့ တစ်ဖက်ထောင့်စွန်းကို ဆက်လက်လျှောက်လှမ်းသွားပါတယ်။

အဲ့ဒီနေ့ကစပြီး သူ့ရင်ထဲမှာ ပန်းတွေ အကြိမ်ကြိမ်ဝေခဲ့တာပေါ့။ သူမက သူတို့သင်တန်းကို လမ်းတစ်ဝက်က ဖြတ်တက်သူဆိုရင်လည်း မမှားပါဘူး။ ဒီ့ထက်ပိုပြီးလည်း သူ ဘာမှမသိဘူး။ အတော်ကြာမှ သိခွင့်ရတာလေးတစ်ခုပဲ ရှိတယ်။ သူမရဲ့ နာမည်လေးပါ။

'လမင်း'တဲ့။

သူ့ရင်ထဲကို ရွှေဝါရောင်အလင်းတွေ တခမ်းတနား ဖြတ်စီးသွားသူလေးပေါ့။ အဲဒီနေ့ကစပြီး ညရောက်တိုင်း ကောင်းကင်ကို ခဏခဏ မော့ကြည့်မိပါတယ်။ ရွှေလမှာ ယုန်ဝပ်သူလေး ပေါ်လာလိမ့်နိုးနိုးနဲ့ပေါ့။ နောက်မှ သတိရတယ်။ သူမ ဘယ်လိုလုပ်ပေါ်လာနိုင်မှာလဲ။ လကွယ်ညကြီး ဖြစ်နေတယ်လေ။

အတန်တန် တားမြစ်ပေမဲ့ စိတ်နဲ့ခန္ဓာက နှလုံးသားရဲ့အလိုကို မကန့်ကွက်နိုင်ဘူး။ အခါခါပဲ။ သူမရဲ့ အိမ်ပြန်ချိန်ကို နောက်က တစ်ယောက်တည်းလိုက်သွားမိပါတယ်။ ကံကောင်းတာက သူတို့သင်တန်းလေးရဲ့ နှစ်လမ်းကျော်မှာ 'မြင့်မြတ်တော်ဝင်' ဆိုတဲ့ သူမတို့ရဲ့ စံအိမ်တော်ကြီး ရှိနေတယ်။

တစ်ခါတစ်ရံမှာ ကားနဲ့လာကြိုတတ်ပေမဲ့ ခြေကျင်လျှောက်ပြန်တဲ့နေ့တွေက များပါတယ်။ သူမလို တော်ဝင်ပန်းတစ်ပွင့်ဘေးမှာ သူ့လို



လမ်းဘေးအမှိုက်တစ်စ ကပ်ရပ်လို့မသင့်မှန်း နားလည်တာမို့ ခပ်ဝေးဝေးကပဲ မျှော်လင့်ငေးငေးနဲ့ သူမခြေလှမ်းတွေကို စောင့်ရှောက်ပေးခဲ့တယ်၊

ဘာပဲဖြစ်ဖြစ်လေ လမ်းဘေးက အမှိုက်တစ်စမှာလည်း သူမနင်းလျှောက်ဖို့ ကျောပြင်တစ်ခု ရှိနေတာပါပဲ။ ဒီလိုနဲ့ နောင်ရိုးဆိုတဲ့ ကောင်လေးတစ်ယောက်ဟာ အချစ်ကပေးတဲ့ ငတ်မွတ်မှုတွေနဲ့ ကျောင်းတက်မှန်လို့ လာခဲ့ပါတယ်။

"နင့်နာမည် ဘယ်လိုခေါ်လဲ"

"နောင်ရိုး"

"နင်ဘာလို့ သင်တန်းပြီးတိုင်း ငါ့နောက်က လိုက်လိုက်နေတာလဲ"

ဆွံ့အတယ်ဆိုတာ တကယ်တော့ အရမ်းလွယ်တဲ့ ဟန်ဆောင်မှုတစ်ခုပါပဲ။ ဒါပေမဲ့ ဟန်မဆောင်ရပါပဲ သူ တကယ်ဆွံ့အသွားခဲ့တယ်။

သင်တန်းကို တက်ရတဲ့လှေကားအရင်းမှာ ခါးထောက်ကာ ရပ်ပြီး ရန်လိုမှုတွေနဲ့ သူမက စိမ်းဖန့်ဖန့်ကြည့်လို့နေတယ်။ မွေးကတည်းက ခေါင်းမော့နိုင်စွမ်းမရှိသူမို့ ခေါင်းငုံ့လျက်နဲ့ပဲ ဖျော့ရိအားငယ်နေမိတယ်။

သူ့ကို ကူညီမဲ့သူလည်း မရှိပါဘူး။ ကိုယ့်အပြစ်နဲ့ကိုယ်မို့လည်း နှုတ်ခမ်းကို ဖိကိုက်ထားမိတယ်။ နံဘေးဝန်းကျင်ကလူတွေကတော့ အချစ်ကို စောင့်ရှောက်သူ ဘက်တော်သားတစ်ယောက်ကို ရာဇဝတ်သားတစ်ကောင်ပမာ ကျေကျေမွမွ ရှုတ်ချကြည့်တွေနဲ့ မော်ကြွားလို့

"ပြောလေ . . ."

နောက်တစ်ခေါက်ထပ်ထွက်လာတော့ သူ ရိုးသားစွာနဲ့ပဲ အမှန်ကို ဆိုမိပါတယ်။ လိမ်ညာနေစရာမလိုပါဘူး။

အရာရာနိမ့်ကျသူတစ်ယောက် ဖြစ်ပေမဲ့ စိတ်ဓာတ်ကိုတော့ အမြင့်မှာထားတတ်အောင် မွေးမြူထားတယ်။

"လမင်းကို မြင်နေရရင် ကျွန်တော် အလိုလိုပျော်နေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## (၆)

အချစ်ဆိုတာ ကြယ်တွေကြွေတိုင်း စပ်ခွင့်ရှိတဲ့ ကဗျာတစ်ပုဒ်ဆိုတာ သူ အချိန်အတော်ကြာမှ သိခွင့်ရခဲ့တယ်။ ကြယ်ကြွေတယ်ဆိုတာ မိုးပေါ်က နတ်သမီးလေးတွေ နက်သက်ကြွေတာတဲ့။ လူ့ပြည်မှာ လူလာဖြစ်တာတဲ့။

ဒီစကားသာ မှန်ရင် အချစ်ရဲ့ဘက်တော်သားတိုင်း ကြယ်ကြွေရင် ကဗျာစပ်ခွင့် ရှိပါတယ်။ ဟုတ်တယ်လေ၊ ကိုယ့်အတွက်ကတော့ ချစ်သူဟာ ကမ္ဘာတွေ ဘယ်နှခါပြောင်းပြောင်း၊ နတ်သက်ကြွေတဲ့ နတ်သမီးလေးပဲ မဟုတ်ပေဘူးလား။ ချစ်တတ်တဲ့ မျက်စိနဲ့ကြည့်ရင်ချစ်သူတိုင်းမှာ အကြည်းတန်တယ်ဆိုတာ မရှိပါဘူး။ အကုန်လုံး နတ်သက်ကြွေသူချည်းပါပဲ။

အဲ့ဒီနောက်ပိုင်းမှာ သူနဲ့ ချစ်သူရဲ့ ဆက်ဆံရေးတွေ တစ်မျိုးတစ်ဖုံ ပြောင်းလာခဲ့တယ်။ သူ့အပေါ်ကို အရင်ကထက် အလေးဂရုပြုလာတယ်။ တစ်စားပွဲတည်း အတူထိုင်လာတယ်။ စာအတူသင်လာတယ်။



လမ်းအတူ လျှောက်လာတယ်။ ဘယ်သူမှ မရရှိနိုင်တဲ့ အခွင့်အရေးတွေ အိပ်မက်ဆန်ဆန် သူ့ဆီရောက်လာတယ်။

ဘဝရဲ့ ပထမအချိန်တွေအားလုံးမှာ ခေါင်းငုံ့အောက်ကျို့မှုတွေနဲ့သာ ကုန်ဆုံးခဲ့ရပေမဲ့ သူ့ရင်ထဲကို ချစ်သူရောက်ရှိလာပြီး နောက်မှာ သွေးလည်ပတ်မှုတွေ တစ်မျိုးပြောင်းလာတယ်။ ဒါကလည်း ချစ်သူကြောင့်ပါပဲ။ ရင်ထဲကသာ ချစ်သူလို့အရဲစွန့်ခေါ်ရပေမဲ့ အပြင်မှာတော့ နာမည်ကိုတောင် သူ ကျယ်ကျယ်မခေါ်ဝံ့ပါဘူး။

ဒါတွေကိုပဲ ချစ်သူက စိတ်ပါလက်ပါ ထိန်းမတ်ပြုပြင်ပေးတာပါ။

"နောင်ရိုးဆိုတဲ့ အဓိပ္ပာယ်ကို သိလား"

သင်တန်းကအပြန်မှာ လမ်းအတူယှဉ်လျှောက်ရင်း သူမက မေးလိုက်တာပါ။ သိတာပေါ့။ ဒါပေမဲ့ နှုတ်ကပြောထွက်ဖို့ အင်အားမရှိဘူး။

ကမ္ဘာမှာ စိတ်ဓာတ်အပျော့ညံ့ဆုံး ယောကျာ်းတစ်ယောက်က ဘယ်သူမှ မသတ်မှတ်ဘဲ သူဆိုတာ စိတ်က အလိုလို ခံယူထားပြီးသားမို့ ခေါင်းကို သွင်သွင်ယမ်းပြလိုက်တယ်။

"မှတ်ထား၊ နောင်ရိုးဆိုတာ စစ်သူကြီး မဟာဗန္ဓုလရဲ့ သမိုင်းဝင်တိုက်ပွဲနာမည်ပဲ။ ဖောင်ဖျက်တယ်ဆိုတာရောကြားဖူးလား"

ဒီတစ်ခါတော့ ခေါင်းညိတ်ပြလိုက်ပါတယ်။ ဒါပေမဲ့ . . .

"ဖောင်ဖျက်တိုက်တယ်ဆိုတာ အဲ့ဒီတိုက်ပွဲက ပေါ်လာတဲ့စကားပေါ့။ ရန်သူအင်အားက အများကြီး၊ ဘယ်လိုမှ ယှဉ်နိုင်စရာအကြောင်းမရှိဘူး။ ဒါပေမဲ့ နောက်ပြန်လှည့်လို့မရအောင် ဖောင်တွေကို ဖျက်စီးပစ်ခဲ့တယ်။ သူတို့တွေအားလုံးရဲ့ စိတ်ထဲမှာ အရှုံးဆိုတာ လုံးဝမရှိတော့ဘူး။ အနိုင်တိုက်ရင်တိုက်၊ မတိုက်ရင် အားလုံးသေမယ်၊ ဒါပဲ"

သူမ အားနဲ့မာန်နဲ့ ပြောဆိုနေပေမဲ့ သူကတော့ ဘေးမှာ ခေါင်းငြိမ့် ကလေးပဲ ပါကာလာတယ်။

"နာမည်က နောင်ရိုးလို့ပေးထားပြီး ဘာလို့အဲလောက် စိတ်အားငယ်နေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

ဪ . . . ချစ်သူ။ စိတ်အားငယ်တယ်ဆိုတာ မွေးကတည်းက ပါလာတဲ့ ကိုယ့်ရဲ့တရားဝင်ရောဂါတစ်ခုပါ။ စိတ်အားငယ်တယ်၊ ကြောက်တယ်၊ ဒါတွေက ကိုယ်နဲ့ ကျင့်သားရနေတဲ့ လှောင်ချိုင့်တစ်ခုပါပဲ။ အဲဒီလှောင်ချိုင့်က တံခါးကို အသေပိတ်ထားတယ်။ ကိုယ့်ကို ထွက်ခွင့်မပေးဘူး။ ဘယ်တော့မှ ထွက်လို့ရမှာလည်း မဟုတ်ဘူး။ ကိုယ့်မှာဖက်တွယ်စရာဆိုလို့ မင်းရယ်၊ ပန်းချီရယ် ဒါပါပဲ။

"ဘယ်မှာနေလဲ . . ."

သူနေရာတစ်ခုကို ရွတ်ပြတဲ့ သူမ မသိပါဘူး။ တစ်ယောက်တည်းနေတယ်လို့သိတော့ သူမ ပိုအံ့သြသွားပါတယ်။ ပြီးတော့ တစ်စုံတစ်ရာကို စိတ်တိုင်းမကျပုံမျိုးနဲ့ ခပ်သိုးသိုးညည်းတယ်။

"နင့်လိုလူမျိုးက တစ်ယောက်တည်းနေဖို့ မသင့်ဘူး"

• • •

တစ်ခါတစ်ရံမှာ တစ်ယောက်တည်းနေတဲ့ သူ့အခန်းကျဉ်းလေးကို သူငယ်ချင်းအချို့ရောက်လာတတ်ပါတယ်။ ပန်းချီ အသိုက်အဝန်းက သူငယ်ချင်းတွေပါ။ သူတို့ရောက်လာရင်တော့ စိတ်ထဲမှာ ပျော်နေမိတယ်။

ပန်းချီအကြောင်းတွေ ပြောကြတယ်။ ပန်းချီသဘောတရားစာအုပ်တွေဖတ်ပြီး အမြင်တွေကို ဆွေးနွေးကြတယ်။ သူတို့အားလုံးတစ်ညီတစ်ညွတ်တည်းပြောတာ သူမှာ ပန်းချီနဲ့ပတ်သက်တဲ့ ပါရမီတစ်ခုအသေအချာကို ရှိနေတယ်တဲ့။ သူဆွဲထားတဲ့ ပန်းချီကားတွေကို ကြည့်ပြီးတော့လည်း အမျိုးမျိုး ဝိုင်းဝန်းချီးကျူးကြတယ်။

သူတို့ ဆက်သွယ်ပေးလို့ သူဌေးတစ်ယောက်လက်ထဲကို သူ့ပန်းချီနှစ်ကား ရောင်းပေးလိုက်ရဖူးတယ်။ပိုက်ဆံတော့ ရပါတယ်။ ဒါပေမဲ့လည်း သူ မပျော်ဘူး။ သူလိုချင်တာ ငွေကြေးမဟုတ်ဘူး။ သူဆွဲနေတဲ့ ပန်းချီတွေဟာလည်း ရောင်းဖို့မဟုတ်ဘူး။



အမှန်အတိုင်းပြောရရင် ပန်းချီဆွဲတာဟာ စိတ်ရဲ့ ထွက်ပေါက်၊ စိတ်ထဲမှာ ပိတ်လှောင်လာတယ်၊ မွန်းကြပ်လာတယ်၊ အားငယ်လာတယ်၊ ဒါတွေကို ကင်းဗက်(စ်)ပေါ် တင်လိုက်ရင် သူ့စိတ်ထဲမှာ ပေါ့သွားတယ်။ အကယ်တမ်းပြောရရင် သူ့လက်ရာတွေဟာလည်း ဘာမှ ထူးခြားလှတယ် မဟုတ်ပါဘူး။ စိတ်ထဲပေါ်တာ ဆွဲလိုက်တာပါပဲ။ ဒါပေမဲ့ အများအမြင်မှာတော့ ထူးဆန်းကောင်း ထူးဆန်းနေလိမ့်မယ်။

နာမည်ကြီး စားသောက်ဆိုင်တစ်ဆိုင်ရဲ့ အချိန်ပိုင်းအလုပ်နဲ့က မလောက်ငှပါဘူး။ ပန်းချီနဲ့ပတ်သက်တဲ့ အသုံးအဆောင်တွေ၊ ဆေးချည်းတွေဝယ်ဖို့ နေနေသာသာ သူ့တစ်ဝမ်းစာတောင် အနိုင်နိုင်။ ဒါပေမဲ့ ဘာကြောင့်ရယ် မသိဘူး၊ သူ့ပန်းချီနှစ်ကားကို ဝယ်သွားတဲ့ သူဌေးက လိုတာမှန်သမျှအားလုံး ဝယ်ပေးတယ်။

သူငယ်ချင်းတွေပြောကြတာတော့ အဲဒီလူကြီးနာမည်က ဦးသက်ခိုင်တဲ့။ ပန်းချီကားစုတာကို ဝါသနာကြီးပြီး စီးပွားရေးမဆန်တဲ့ သူဌေးတစ်ဦးလို့ ဆိုပါတယ်။ အလားအလာရှိတဲ့ လူငယ်အတော်များများကိုလည်း လေ့ကျင့်ပျိုးထောင်ပေးတတ်တယ်တဲ့။

ဒီလောက်ပါပဲ။ ဒီ့ထက်ပိုပြီးလည်း ဘယ်သူမှ မသိကြဘူး။ သိလည်းမသိချင်ဘူး။ သူ့အတွက်တော့ ပန်းချီဆွဲဖို့ အဆင်ပြေတာတစ်ခုတည်းနဲ့တင် အားလုံး ပြည့်စုံနေပါပြီ။

"မင်း ပန်းချီကားတွေကို ပြခန်းတွေ၊ အရောင်းခန်းတွေကို လိုက်ပြပါလားကွ . . .၊ သေချာပေါက် အဆင်ပြေမှာ"

သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်။ လေးလေးပင်ပင်ပဲ ခေါင်းယမ်းပယ်ဖျက်မိပါတယ်။ သူ့ဆီမှာ ဒီပန်းချီကားတွေမရှိလို့မရဘူး။ ဒီပန်းချီထဲမှာ သူ့ရဲ့ စိတ်ဓာတ်တွေ ပျော်ဝင်နေတယ်။ သူ့ရဲ့အတိတ်ဆိုတာကို ဒီပန်းချီကားတွေ ကြည့်ပြီးတော့ပဲ သိနိုင်လိမ့်မယ်။

သူလို စိတ်အားငယ်တတ်သူ တစ်ယောက်အတွက် အတိတ်ဆိုတာ မရှိမဖြစ်ပါ။ အတိတ်ကိုတွေးပြီး တသသလွမ်းဆွတ်[illegible]တာ ပိ

www.burmeseclassic.com

www.burmeseclassic.com

အားငယ်သူတွေရဲ့ သဘာဝပဲလေ။ အတိတ်ကိုတွေးမယ်။ အတိတ်က နာကျင်မှုတွေ၊ အနိုင်ကျင့်ခံရမှုတွေ၊ ခေါင်းငုံ့အောက်ကျို့မှုတွေကို တွေးပြီး ပစ္စုပ္ပန်မှာ တသသ ခံစားဝမ်းနည်းမယ်။ ကိုယ့်ကိုယ်ကိုယ် မကျေမနပ်ဖြစ်မယ်။ စိတ်အားငယ်မယ်။

ဒါတွေဟာ စိတ်က အလိုလို မနိုင်းပဲလုပ်နေတတ်တဲ့ သူ့ရဲ့ တစ်နေ့တာလုပ်ငန်းစဉ်တွေပေါ့။ သင်တန်းမသွားရတဲ့နေ့၊ အလုပ်မသွားခင် (သို့) အလုပ်က ပြန်လာချိန်တွေမှာ သူ ဆွဲခဲ့တဲ့ ပန်းချီတွေကိုကြည့်ပြီး လှိုက်လှိုက်မောမော ဖြစ်နေတတ်တယ်။ ဘဝရဲ့ခါးသက်မှုတွေက မျက်လုံးမှာ တရိပ်ရိပ်ပေါ်လာတယ်။

ဝမ်းနည်းတယ်၊ ပြီးတော့ ကြောက်တယ်။

ဒါပေမဲ့ အဲ့ဒီကြောက်တရားလို ပယ်ဖျက်နိုင်တဲ့ နေ့တစ်နေ့လည်း ဘဝမှာ ထူးထူးခြားခြား ပေါ်ပေါက်ခဲ့ဖူးတယ်။



(၄)

အဲ့ဒီနေ့က ပန်းပွင့်တွေ ကကြိုးဆင်၊ လေပြေက လက်ခုပ်တီး၊ နေမင်းပြင်းမှာ လမင်းတစ်ရာသာတဲ့နေ့လေးပေါ့။ သခင်ကြိုးဆွဲရာနောက်ကို ခြုံသံလေးတချွင်ချွင်ပြုရင်း အမြီးနှံ့လိုက်တတ်တဲ့ ခွေးတစ်ကောင်နဲ့ ရိုကျိုးမှုမျိုးနဲ့ သူခေါ်ရာနောက် သူလိုက်လာခဲ့ပါတယ်။

မြေတစ်မှုန့်ရဲ့ ထက်ဝက်မရှိတာရှိ စိတ်ဓာတ်လေးကို ဆူဖြိုးထွားကြိုင်းဖို့ သူမတစ်နေရာကို ဦးဆောင်ခေါ်သွားတာပါ။ ဘယ်ကိုသွားနေတာလဲလို့ သူမ မမေးရက်ခဲ့ဘူး။ ဒီလို အောက်တန်းစား တေလေတစ်ကောင်အတွက် စိတ်နေမြင့်ဖို့ဆိုတာ ကောင်းကင်ကို လှေကားထောင်သလို ခက်ခဲတယ်ဆိုတာ သူမ ဘာလို့မသိခဲ့တာလဲ။

ဒါပေမဲ့ ဖျန်းကားလက်စ ခြေလှမ်းတို့ကို ရပ်တန့်ပြီး ကောင်းပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

"ငါနင့်ကို စိတ်ဓာတ်တက်ကြွစေမဲ့ စာအုပ်တွေ ဝယ်ပေးမယ်။ သေချာဖတ်ကြည့်၊ တဖြည်းဖြည်းနဲ့ အားငယ်နေတာတွေ ပျောက်သွားလိမ့်မယ်"

လူတစ်ယောက်ရဲ့ ဗီဇက တက်ကျမ်း လေးငါးခြောက်အုပ်လောက် ဖတ်ရုံနဲ့ ပျောက်သွားနိုင်သလား။ အခုက ဗီဇမဟုတ်ဘူး၊ အနာ။ စိတ်မှာဖြစ်နေတဲ့ အနာ၊ စိတ်အနာကို စာအုပ်ဖတ်ပြီး ကုစားဖို့ဆိုတာ သမုဒ္ဒရာကို ဝါးတံတားထိုးသလို ရယ်စရာကောင်းနေမှာပေါ့ . . .၊

"အဟက် . . ."

သူ့ရဲ့ ညှင်းသိုးသိုးရယ်သံကြောင့် သူမက လှည့်ကြည့်တယ်။ တကယ်ဆို အဲ့ဒီအချိန်ကတည်းက သူ့ကိုယ်သူ သတိပြုမိရမှာပါ။ 'သတိ' ဆိုတဲ့ စကားနှစ်လုံးကို သူ လွတ်လွတ်ကျွတ်ကျွတ် မေ့ပျောက်ပစ်ခဲ့တယ်။

ကားလမ်းကူးတော့ သူ့ရဲ့ လက်ငါးချောင်းက နူးညံ့မှုတစ်စုံတစ်ရာရဲ့ ဖျစ်ညှစ်ကိုင်တွယ်မှုကို အသက်ရှူ ရပ်မတတ် ခံစားခွင့်ရလိုက်တယ်။ ယောကျ်ားတစ်ယောက် စောင့်ထိန်းသင့်တဲ့ သိက္ခာတော်တွေ သူ့အလှည့်မှာ တစ်စစီ ပျက်စီးသွားပေမဲ့ ကမ္ဘာမှာ ကျေနပ်ဖွယ်အကောင်းဆုံး လူတစ်ယောက်အဖြစ် သူ့ကိုယ်သူ ကမ္ပည်းထိုးလိုက်မိတယ်။

ကားလမ်းတစ်ဖက်ကိုရောက်တော့ သူ့လက်ကို လွှတ်ချသွားပေမဲ့ ထိုခံစားမှုက နောက်ကမ္ဘာအထိ သေရာပါသွားခဲ့ပါတယ်။ ထိုအရာလေးကို ရူးရူးမူးမူးဖြစ်မိတယ်။ သူမလက်ရဲ့ အထိအတွေ့လေးကို တမ်းတမ်းတတ နမ်းမြောမိတယ်။

ထိုခဏလေးက သူ့ဘဝကို သွက်သွက်ခါအောင် ကိုင်လှုပ်သွားခဲ့တာပါပဲ။ ကာယကံရှင်ကတော့ လုံးလုံးသတိမူမိမှာ မဟုတ်ပါဘူး။

လမ်းမကူးရဲတဲ့ ကလေးတစ်ယောက်ကို မိခင်ဆန်သူတစ်ယောက်က ကူညီသလိုမျိုးသာ သဘောထားလိမ့်မည်ထင်ရဲ့။

တကယ်ပါပဲ။



အိမ်မက်ဆိုတာ ထိုခဏနဲ့ အစပျိုးခဲ့တာလေ။

အရိုးရှင်းဆုံး ဝန်ခံပါတယ်။ လမင်းကို သူချစ်တယ်။ သူချစ်နေတာကို သိကောင်းသိလိမ့်မယ်။ မသိဘဲလည်း နေချင်နေလိမ့်မယ်။ မသိချင်ယောင်လည်း ဆောင်ချင်ဆောင်လိမ့်မယ်။ ကိစ္စမရှိပါဘူး။

သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ ချစ်တာက ချစ်တာပါပဲ။ သူ့လိုဂျစ်စီတစ်ကောင်ရဲ့ တေလေချစ်တွေကို သူမ ပြက်ရယ်ပြုချင် ပြုလိမ့်မယ်။ ကွယ်ရာမှာ ဟားတိုက်ရင် ဟားတိုက်လိမ့်မယ်၊ ရပါတယ်။

အချစ်ကို အဓိပ္ပာယ်မဖွင့်တတ်ပေမဲ့ ဒဿဂီရိလိုချစ်တတ်သူတစ်ယောက်တော့ ဒီကမ္ဘာမှာ ထပ်ပေါ်ချင်ပေါ်လာလိမ့်ဦးမှာပေါ့။ သူကတော့ ဆံပင်တွေ ငွေ့ဝဲသွားတိုင်း ချစ်နေတယ်။ ခြေတစ်လှမ်းလှမ်းတိုင်းလည်း ချစ်နေတယ်။ နောက်ဆုံး အသက်တစ်ခါ ရှူတိုင်းတောင်ချစ်နေမိတာပါပဲ

'ချစ်သူ' ဖြစ်နိုင်ရင် မင်းရဲ့ ထွက်သက်လေးတွေကိုတောင် သိမ်းထားချင်ပါတယ်။ ယုတ်ညံ့တဲ့လူတွေရဲ့ အသက်ရှူမှုမှာ ဖြူလွှရှင်းသန့်တဲ့ မင်းရဲ့ထွက်သက်ကို ရောယောင်ထည့်မပေးချင်ဘူး။

အိမ်ပြန်ရောက်တော့ သူမ အမှတ်မထင်ကိုင်တွယ်ခဲ့တဲ့ လက်လေးတစ်ဖက်လို တယုတယကြည့်ပြီး အိပ်မက်တွေ အကြိမ်ကြိမ် ခေါ်တယ်။ ခြသေ့ံဂူမှန်းသိပေမဲ့ ဆောင်းခိုနှင်းတွေလို တဖြောက်ဖြောက်သက်ဆင်းဖို့ ကြိုးစားမိခဲ့တယ်။

သူ ဘာမှမမျှော်လင့်ပါဘူး။ သူမ အချစ်ကို ရဖို့လည်း မမျှော်လင့်ဘူး။ သူမကို ပိုင်ဆိုင်ရဖို့လည်း မမျှော်လင့်ဘူး။ လက်လေးတင်ပါ သူလိုချင်တာ အဲ့ဒီလက်လေးရဲ့ အငွေ့အသက်၊ ထိတွေ့ခွင့်ရလိုက်ခဲ့ခဏမှာ အမွှေးပွင့်တစ်ကောင်ရဲ့ ရင်ငွေ့လို စံပယ်ရနံ့သင်းသွားခဲ့တာ သူကလွဲပြီး ဘယ်သူမှ မသိလိုက်ဘူး။

အဲ့ဒီနေ့ကစပြီး သင်တန်းကိုလည်း မသွားဖြစ်တော့ဘူး။ အလုပ်လည်းမလုပ်ဘူး။ စိတ်ထဲမှာ ခံစားနေရသမျှကိုသာ စုတ်တံကိုင်ပြီး ရေး



www.burmeseclassic.com

www.burmeseclassic.com

ခြစ်နေမိတယ်။

လမင်းလေးရေ . . .

ဘာလို့ကိုယ့်လို တေလေတစ်ယောက်ရဲ့ ကောင်းကင်ကို လာသာရတာလဲ။ မဟုတ်ဘူး၊ မင်း လာသာတာမဟုတ်ဘူး။ ကိုယ်က သာစေချင်နေတာ။

သူ့ ထမင်းလည်း မစားဖြစ်တော့ဘူး။ သိပ်လည်း မအိပ်ဖြစ်တော့ဘူး။ လုပ်ဖြစ်တာတစ်ခုတော့ရှိတယ်။

အဲဒါက အိပ်မက်တွေအကြိမ်ကြိမ်မက်နေမိတာပါပဲ။



# III

ငယ်ငယ်က အပုပ်နံ့ကို အချိန်အတော်ကြာ ရှုမိရင် အပြင်းဖျားလေ့ရှိတယ်။ အခုလည်း ဖျားနေပြီလား။ အသိမှ ရှိသေးရဲ့လား၊ ကိုယ့်ကိုကိုယ်မသိတော့ဘူး။ အခန်းလေးထဲမှာ လမ်းလျှောက်ရင်း တစ်စုံတစ်ရာကို တွေးနေတယ်။

ဘာတွေးနေမှန်းလည်း ကိုယ့်ကိုကိုယ် မသိဘူး။ သေချာပြန်ငြိမ်းစားမိတော့မှ ခြေလှမ်းကိုရေတွက်နေတာ။

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း . . .

စုစုပေါင်း ဆယ့်တစ်လှမ်းတိတိရှိတယ်။ ဆယ့်တစ်လှမ်းပြီးသွားတော့ နောက်ထပ်လှမ်းစရာနေရာလွတ် မရှိတော့ဘူး။ ဆယ့်တစ်လှမ်းမှာတင် ဆုံးသွားပြီ။ တကယ်တော့ သူပိုင်တာ ခြေဆယ့်တစ်လှမ်းမျှတံခါးပိတ်ထားတဲ့ အခန်းကျဉ်းလေးထဲမှာ အဲ့ဒီအရာကလွဲပြီး ဘာမှမပိုင်ဘူး။

www.burmeseclassic.com

www.burmeseclassic.com

ဖွင့်ထားတဲ့ ပြတင်းပေါက်၊ ကုတင်တစ်လုံး၊ ပန်းချီကားအချို့၊ အမှန်တော့ ဒါတွေဟာ ဘာမျှချောက်ချားစရာမရှိဘူး။ သို့ပေမဲ့ အလွန်အမင်ကို သူ တုန်လှုပ်ချောက်ချားနေတယ်။ ပြီးတော့ အသက်ရှူလည်း ခက်ခက်ခဲခဲကို မွန်းကြပ်နေတယ်။

ဖြစ်နိုင်ရင် ဒီအခန်းထဲကနေ အမြန်ဆုံး ထွက်ပြေးသွားချင်တယ်။ ဒါပေမဲ့ထွက်ပြေးဖို့ ကြိုးစားတိုင်း သော့ပိတ်ထားတဲ့ တံခါးတစ်ချပ်ကသာ ဆီးကြိုနေတယ်။ ဒီတံခါးကို သူပဲ သော့ပိတ်ခဲ့တာ။ ပြီးတော့ သော့ကို ပြတင်းပေါက်ကနေ သူပဲ လွှင့်ပစ်ခဲ့တာ။

အနံ့၊ သူ့နှာခေါင်းထဲကို ထူးထူးဆန်းဆန်းတိုးဝင်နေတဲ့ အပုပ်နံ့။ သူ့ကို ဒုက္ခပေးနေတာ အဲ့ဒီအပုပ်နံ့ပါပဲ။ ချောက်ချောက်ချားချားနဲ့ သူ ကုတင်ပေါ် လှမ်းကြည့်မိတယ်။

ကြည့်ရင်းကြည့်ရင်းနဲ့ သူ့စိတ်တွေ တစ်မျိုးတစ်မည်ပြောင်းလာပါတယ်။ ပြီးတော့ ဆတ်ခနဲ မတ်တပ်ထရပ်လိုက်တယ်။

"မင်း ငါနဲ့ အမြဲတမ်း အတူတူရှိနေရမယ် လမင်း . . ."

နှုတ်က တတွတ်တွတ်ပြောရင်း ဆွဲလက်စ ပန်းချီကားကြီးဆီ တိုးရွေ့သွားတယ်။ ရှေ့ရောက်တော့ ခဏရပ်ပြီး သေသေချာချာ စူးစိုက်ကြည့်မိတယ်။ တဖြည်းဖြည်းနဲ့သူ့သွေးတို့ လှိုက်ကြွလာပါတယ်။ ကြက်သီးတွေ တဖျင်းဖျင်းထလာတယ်။

ပြီးတော့ အံကို တစ်ချက်ကြိတ်တယ်။

ကုတင်ဆီလှမ်းကြည့်ပြီး ကျေကျေနပ်နပ်ပြုံးကာ . . .

"ဟုတ်တယ် . . . မင်း အမြဲတမ်း ငါ့ဘေးနားမှာ ရှိနေရမှာ"

ထို့နောက်တော့ . . .

သူ ဘာမှမသိတော့ဘူး။ လက်နဲ့စုတ်တံ ထိတွေ့ပြီးသွားပြီ။ ရှေ့မှာရှိတဲ့ ပန်းချီကားကြီးကို ရူးရူးနှမ်းနှမ်း အာရုံဝင်စားသွားပြန်ပြီ။

နှာခေါင်းထဲကို တရှုရှုတိုးဝင်နေတဲ့ အပုပ်နံ့ကိုလည်း သတိမရတော့ဘူး။ သူ့ကိုယ်သူလည်း မသိတော့ဘူး။ ကုတင်ဆီ လှမ်းကြည့်လိုက်၊



ပန်းချီကားဆီ စူးစိုက်လိုက်နဲ့ သူ့လက်တွေ အသက်ပါနေတယ်။

ပြီးတော့ မျက်ရည်တွေ တသွင်သွင်စီးကျလာပါတယ်။

သူ့နှလုံးထဲမှာ ရှိနေတာက . . .

သူနဲ့ သူ့ချစ်သူ ဘယ်တော့မှ မဝေးရတော့ဘူး။

ဒီပန်းချီကားကြီးရှိနေသရွေ့ သူ့ချစ်သူ သူ့ဘေးနားမှာ ရှိနေတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (a)

သူ ဘယ်မှမသွားဘဲ အိမ်ထဲမှာနေပြီးတော့ အိပ်မက်စိမ်းတွေ ရှင်ရှင်မက်နေတယ်။ အာရုံထဲမှာ ချစ်သူ့မျက်နှာက ပေါ်လိုက်၊ ပျောက်လိုက်နဲ့ မြူခိုးတွေ တလူလူဝေနေတဲ့ တောင်ကုန်းထိပ်မှာ သူနဲ့ သူ့ချစ်သူ ပျော်ပါးနေကြတယ်။

ချစ်သူလက်လေးကို တယုတယကိုင်လို့။

အိမ်တွင်းအောင်းနေခဲ့တာ ညတွေ ဘယ်နှကြိမ်ကူးပြီး လတွေ ဘယ်နှကြိမ်သာပြီးပြီလည်း မသိတော့ဘူး။ ဘယ်အချိန် မိုးလင်းပြီး ဘယ်အချိန် မိုးချုပ်မှန်းလည်း မသိဘူး။ သူ့ကိုယ်သူတောင် ဒီအိမ်မှာ ရှိသေးတော့ရဲ့လား သတိမထားမိဘူး။

သတိထားမိတာကတော့ ချစ်သူကို အချိန်ပြည့် မြင်ယောင်နေတာပါပဲ။ လည်ချောင်းတွေ ခြောက်ကပ်အက်ကွဲနေပေမဲ့ ရေသောက်ချင်စိတ်မရှိဘူး။ အစာအိမ်တစ်ခုလုံး ပိန်လှီရှုံ့တွနေလောက်အောင် ဆာလောင်နေပေမဲ့ အစားစားချင်စိတ် မရှိဘူး။



သူ့အခုလို ခံစားနေရတာကို တစ်စုံတစ်ယောက်များမြင်ရင် သက်ညှိုးထိုးပြီး ဟက်ဟက်ပက်ပက် အော်ရယ်လိမ့်မယ်။ မင်းလို အနုတ်ခုတ်ကောင်ကများ ရာရာစစဆိုပြီး ဝိုင်းဝန်းဆဲဆိုကြလိမ့်မယ်။ ခက်တာပဲ ဒီနပ်မပါသူတစ်ယောက်မှာလည်း ပန်းရထားအိပ်မက် မက်ခွင့်ရှိတယ်ဆိုဘာ သူတို့ ဘာလို့မသိကြတာလဲ။

အာရုံထဲမှာချစ်သူကို မြင်နေတယ်။ သူနဲ့ ချစ်သူအတူယှဉ်ပြီး ပန်းရထားကြီးစီးလို့ အိပ်မက်လား၊ တကယ်လား သူမသိဘူး။ ခန္ဓာကိုယ်တစ်ခုလုံး တငွေ့ငွေ့ပူလောင်သလိုတော့ ခံစားရတယ်။

"ဒေါက် . . . ဒေါက်"

အသံနှစ်ချက်ကြားတယ် တံခါးခေါက်သံလားမသိဘူး။ ကုတင်ပေါ်လှဲရာက ထထိုင်လိုက်တယ်။

"ဒေါက် . . .ဒေါက်"

. နောက်နှစ်ချက်၊ သူ ဒယိမ်းဒယိုင် လျှောက်လှမ်းသွားလိုက်ပါတယ်။ ဒါကလည်း အိပ်မက်လား၊ တကယ်လား သူ မဝေခွဲနိုင်ဘူး၊ သူက ပန်းရထားပေါ်ရောက်နေသလို တအိအိ ယိမ်းထိုးနေတော့ ဝေခွဲရ ခက်နေတယ်။

"ဝုန်း . . . "

တံခါးဆွဲဖွင့်လိုက်သလားပဲ။

"ဟင် . . . "

"နောင်ရိုး . . . နင်ဘာဖြစ်လို့ သင်တန်းမလာတော့တာလဲ"

"ချစ်သူ . . . "

နှုတ်ခမ်းလှုပ်ရုံလေသံလေးနဲ့ တမ်းတမိတော့ . . .

"နင့်အိမ်ကို ရှာလိုက်ရတာ၊ တော်တော် မေးလာရတယ်"

သူ ကြောင်တောင်ကာရပ်နေမိတုန်း၊ ချစ်သူက သူ့ဆီရောက်လာတာဟုတ်လား။ ချစ်သူက သူ့အိမ်ထိအောင် လိုက်လာတာလား။

သူ လိုက်ခနဲပျော်မယ်လုပ်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး။ ငါ့လိုတေလေတစ်ယောက်ဆီကို ချစ်သူလို တန်ဖိုးမြင့် မိန်းကလေးမျိုးက လိုက်လာစရာ အကြောင်းမရှိဘူး။ မဟုတ်ဘူး . . .။

လုံးဝ မဟုတ်ဘူး။ ငါ အိပ်မက်မက်နေတာပဲ။

"ဟဲ့ . . . နင် ဘာဖြစ်နေတာလဲ။ ငါ့ကို အိမ်ထဲခေါ်ဦးလေ"

ထိုစဉ်မှာပဲ ချစ်သူကသူ့အခန်းထဲသို့ တစ်လှမ်းချင်းလျှောက်လာပါတယ်။ တံခါးဝမှာ ကြောင်တောင်ရပ်ပြီး ငိုင်နေမိတုန်း အတွင်းဘက်က စကားအချို့ကို ထပ်ကြားရတယ်။

"နင် သင်တန်းမတတ်တာ ကြာလို့ နေမကောင်းများ ဖြစ်နေလား စိတ်ပူပြီး လိုက်လာတာ"

အိပ်မက်ထဲမှာကြားရတဲ့စကားသံလိုပဲ နားထဲကို အသံဝါကြီးနဲ့ စူးစူးဝါးဝါး မကြားတစ်ချက်၊ ကြားတစ်ချက်တိုးဝင်လာတယ်။ အခုချိန်ထိ သူ ဝေခွဲမရသေးဘူး။ သေချာတာက သူ့အသိအာရုံတွေ တစ်စုံတစ်ရာ ချို့ယွင်းနေပြီ။ သတိကလည်း လွတ်တစ်ချက်၊ ဝင်တစ်ချက်။

"မှောင်လိုက်တာ . . .၊ ပြတင်းပေါက်လည်း မဖွင့်ဘူး"

ခဏကြာတော့ 'ဝုန်း'ဆိုတဲ့ အသံတစ်ချက်နဲ့အတူ အခန်းရဲ့ တစ်ထောင့်တစ်နေရာက လင်းရှင်းသွားတယ်။ မျက်လုံးတွေ ကျိန်းစပ်ပြီး မျက်ရည်တွေတောင် ရစ်ဝဲသလာသလားပဲ။

မျက်တောင်ကို ပုတ်ခတ်ပြီး ချစ်သူရှိရာဆီ တစ်လှမ်းချင်းတိုးသွားလိုက်တယ်။

ပြီးတော့ . . .

လွတ်ထွက်သွားမှာစိုးသည့်အလား အားရပါးရ ဖက်ပစ်လိုက်ပါတယ်။ သူ ဘာမှမသိတော့ဘူး။ အာရုံထဲမှာ သူတို့နှစ်ယောက် ပန်းတွေနဲ့ သွန်းဆစ်ထားတဲ့ ရထားကြီးတစ်စီးပေါ်မှာ တလှိုက်လှိုက်မျောပါနေတယ်။

သူဖက်ထားတယ်၊ ချစ်သူကို တိုး၍တိုး၍ ဖက်ထားတယ်။ ပန်း



ရထားကြီးက တအိအိလှုပ်ခတ်နေတယ်။ ချစ်သူပြုတ်ကျမှာစိုးလို့ အတင်းအကြပ်ကို ဖက်ထားမိတာပါ။

သူ့ဘဝမှာ ချစ်သူနဲ့ဝေးလို့မရဘူး။ ချစ်သူမရှိလို့မရဘူး။ သူ့နားကနေ ချစ်သူကို လုံးဝခွဲထွက်ခွင့် မပြုတော့ဘူး။

ချစ်သူ ဘယ်မှမသွားရဘူး။

သူ့ရင်တွေ တင်းကြပ်ပြီး အသက်ရှူရတာ အမောတကော ဖြစ်လာတယ်။ ခန္ဓာကိုယ်ပေါ်ကို တစ်စုံတစ်ရာက ထုနှက်ရိုက်ပုတ်နေသလိုလည်း ခံစားရတယ်။ အရေးမကြီးဘူး။ သူ့အာရုံမှာ ချစ်သူကလွဲပြီး ဘာမှမရှိဘူး။

အဓိကက သူ့နဘေးကနေ ချစ်သူ ထွက်မသွားဖို့ . . .။

တဖြည်းဖြည်းနဲ့ ခန္ဓာကိုယ်ပေါ်ကို ထိရှမှုတွေ တဖြည်းဖြည်းနည်းလာတယ်။ ပြီးတော့ သူကိုယ်တိုင်လည်း အသက်ရှူကြပ်လာတာကြောင့် တင်းထားသမျှအရာအားလုံးကို ရုတ်ချည်းလျှော့ချပစ်လိုက်တော့

"ဝုန်း . . ."

ကုတင်ပေါ် အရုပ်ကြိုးပြတ်လဲကျသွားတဲ့ ခန္ဓာတစ်ခု

"ဟာ . . ."

အသိနဲ့ခန္ဓာ ပြည့်လည်ကပ်မိမိချင်း သတိရလိုက်တာက . . .

"လမင်း . . ."

နှုတ်မှ အလျင်စလို ရေရွတ်ရင်း ပွေ့ယူလှုပ်နိုးလိုက်တော့ . . .

"ဘုရားရေ . . ."

အသက်မဲ့သယောင် ခန္ဓာတစ်ခုက လုံးဝ နိုးထမလာတော့ဘူး။

"လမင်း . . .လမင်း . . . လမင်း"

အခါခါ လှုပ်နိုးပေးမဲ့ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ငြိမ်သက်တိတ်ဆိတ်သွားခဲ့ပါပြီး အမောတကော နှာသီးဝ လက်တင်ကြည့်လိုက်တော့

ပထမတစ်ချက်၊ ဒုတိယ . . .



www.burmeseclassic.com

www.burmeseclassic.com

"သွားပြီ"

ချစ်သူက အသက်ရှူခြင်းပါ ကင်းမဲ့သွားခဲ့ပြီ။

"ငါ . . . ငါ ဘာလုပ်လိုက်တာလဲ . . .၊ ဘာလုပ်လိုက်တာလဲ"

သူ ဘာတစ်ခုမှ မသိတော့ဘူး။

• • •

တစ်လှမ်း၊ နှစ်လှမ်း၊ သုံးလှမ်း . . .၊ ခြောက်လှမ်း၊ ခုနစ်လှမ်း၊ . . . ဆယ်လှမ်း၊ ဆယ့်တစ်လှမ်း . . . .။

တကယ်တော့ သူပိုင်တာ ခြေဆယ့်တစ်လှမ်းပဲ။ အိပ်မက်နဲ့ လက်တွေ့ မှားယွင်းစွာအတင်းအကြပ် ပွေ့ဖက်မှုဒဏ်ကြောင့် ချစ်သူ အသက်ရှူကြပ်ကာ သေဆုံးသွားခဲ့ပြီ။

ဘာလုပ်ရမလဲ။

သူ ဘာလုပ်ရမလဲ. . .

အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း စဉ်းစားနေမိတယ်။ မျက်ရည်တွေ ပြိုင်ပြိုင်စီးကျနေတယ်။ တစ်ကိုယ်လုံး ပူလောင်နေလို့ ဘာဆက်လုပ်ရမလဲ စဉ်းစားလို့မရဘူး။

ကုတင် . . .

ကုတင်ပေါ်မှာ ပက်လက်လဲနေတဲ့ ချစ်သူက သူ့ကို စိမ်းစိမ်း ကြည့်နေတယ်။ ချစ်သူ့ဆံပင်တွေ ပွယောင်းရှုပ်ထွေးကာ အိပ်ယာခင်း ကြေကြေပေါ်မှာ ဟိုတစ်စ၊ ဒီတစ်စ မျောလွင့်လို့ . . .။

သေချာသွားပြီ ချစ်သူပြန်လည် လှုပ်ရှားဖို့နိုးထလာမှာ မဟုတ်တော့။

သူ ဘာလုပ်ရမလဲ။

တဒေါက်ဒေါက် လမ်းလျှောက်နေရင်းနဲ့ တိခနဲ ရပ်ပစ်လိုက်တယ်။ ချစ်သူလဲလျောင်းရာ ကုတင်ဆီသို့ အချိန်အတော်ကြာအောင်



ရပ်ငေးနေမိတယ်။

ထိုစဉ်မှာပဲ ခေါင်းထဲမှာ အတွေးတစ်ခုက တရိပ်ရိပ်ပေါ်လာပါတယ်။ ဝေဝေဝါးဝါး၊ သို့ပေမဲ့ မကြာခင်မှာပဲ တိကျတဲ့ ဆုံးဖြတ်ချက်တစ်ခုဆီခေါ်ဆောင်လာပြီးသည့် နောက်မှာတော့ . . .

ပန်းချီ။

"ဟုတ်တယ်၊ ပန်းချီဆွဲထားရမယ် . . .၊ ချစ်သူရဲ့ပုံကို မပျောက်ပျက်အောင် ချစ်သူ့အငွေ့အသက်တွေ မပျောက်ပျက်အောင် ပန်းချီဆွဲထားရမယ်။ ဒါမှ ငါ့ဘေးနားမှာ ချစ်သူ တစ်သက်လုံးရှိနေမှာ"

အရူးတစ်ယောက်လို တတွတ်တွတ်ပြောရင်း ချက်ချင်းပဲ ကင်းဗက်(စ်)ပြားတစ်ခု တင်လိုက်ပါတယ်။ နောက်ပြီး ဆေးခွက်နဲ့ စုတ်တံကို လှမ်းကိုင်လိုက်တော့ . . .

"မဟုတ်သေးဘူး . . .၊ ဒီအတိုင်းဆို ချစ်သူရဲ့အငွေ့အသက်တွေ ပျောက်သွားလိမ့်မယ်"

အသိလွှတ်သလိုပြောပြီး ဆေးခွက်နဲ့ စုတ်တံကို ပြန်ချကာ တံခါးဆီ အလျင်အမြန်သွားလိုက်တယ်။ ပြီး တံခါးကို ချိုင်းခနဲ ဆွဲပိတ်ပစ်လိုက်တယ်။ သော့ပါ တစ်ခါတည်း ခတ်။

ပြီးတော့ သော့ချောင်းကို ဖွင့်ထားတဲ့ ပြတင်းတံခါးကနေ အပြင်ကို အားကုန်ပစ်လွှတ်လိုက်ပါတယ်။ ဒါမှ ချစ်သူအငွေ့အသက်တွေ ဘယ်မှ ထွက်မသွားနိုင်မှာ။

ပန်းချီဆွဲခြင်းလုပ်ငန်းကိုလည်း နှောင့်ယှက်သူရှိမှာမဟုတ်တော့ဘူး။ ပြတင်းတံခါးကတော့ ချစ်သူကိုယ်တိုင် ဖွင့်ထားခဲ့လို့ ထားလိုက်တော့။ ဖြစ်နိုင်ရင် ချစ်သူနဲ့ ပတ်သက်ဆက်နွယ်သမျှကို ဘာမှ ခြေရာလက်ရာမပျက်ချင်ဘူး။

ပြီးတော့ . . .

နောက်ပြီးတော့ . . .

ကင်းဗက် (စ်) ရှေ့မှာရပ်တယ်။ စုတ်တံကို ကိုင်တယ်၊ ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com

ကို ကြည့်တယ်။ တဖြည်းဖြည်းနဲ့ သူ့ရင်ထဲမှာ ဘာမှမရှိတော့ဘူး။ ချစ်သူမရှိတော့ဘူး။ သေဆုံးခြင်းမရှိတော့ဘူး။ ချောက်ချားတုန်လှုပ်ခြင်းမရှိတော့ဘူး . . .။

သူရဲ့ အသက်ရှူသံတွေအားလုံးက စုတ်တံထဲမှာ ပျော်ဝင်သွားပြီ။

ထိုအတိုင်းလေးပါပဲ။ ခြေဆယ့်တစ်လှမ်းစာ အခန်းကျဉ်းလေးထဲမှာ ဘာဆိုဘာမှ မရှိတော့ဘူး။



# IV

မျဉ်ထောင်အိမ်လေးတစ်အိမ်နားကို လူတွေ တရွေ့ရွေ့တိုးကပ်လာကြတယ်။ နှာခေါင်းရှုံ့သူကရှုံ့၊ လက်ကိုင်ပဝါအုပ်ထားသူက အုပ်ပြီး တရိပ်ရိပ်လာနေကြပါတယ်။

"ဟုတ်တယ် . . .၊ ဒီအိမ်က အနံ့ထွက်နေတာပဲ"

ရှေ့ဆုံးက ရောက်နေသူတစ်ယောက်က နှာခေါင်းရှုံ့ကာ ပြောတယ်။

"ဟုတ်ရဲ့လား . . . သေချာလည်း လုပ်ကြဦး။ တော်ကြာ ကြောင်မကောင်း၊ ကြွက်မကောင်း ဖြစ်နေဦးမယ်"

"သေချာပါတယ် . . .ဒီအိမ်ပါပဲ"

"တော်တော်ဆိုးတဲ့ အနံ့ပဲ။ ကျုပ်တို့ အိပ်မရတာ နှစ်ရက်ရှိနေပြီ"

မိန်းမကြီးတစ်ယောက်က တကယ်အိပ်မရတဲ့ ပုံမျိုးနဲ့ ညည်းညည်းတွားတွားပြောတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ကျုပ်တို့ခေါင်းရင်းအိမ်လည်း ဘာထူးလဲ။ ကိုယ့်အိမ်က နံ့နေ တာမှတ်လို့၊ တစ်အိမ်လုံးရှာတာ နံ့နေတာပဲ . . . အခုမှ တရားခံတွေ့တော့ တယ်"

ဒီလိုနဲ့ ပတ်ဝန်းကျင်က ဆိုးရွားလွန်းသော အနံ့အသက်မခံနိုင် သူ လူအချို့စုဝေးပြီး အပုပ်နံ့ထွက်ရာ ပျဉ်ထောင်အိမ်ခြံဝန်းလေးထဲသို့ ဝင်လာကြပါတယ်။ ပျဉ်ထောင်အိမ်နား နီးလာလေ အနံ့က ပိုမိုဆိုးရွားလာ လေမို့ တွန့်ဆုတ်တွန့်ဆုတ်လည်း ဖြစ်သွားကြတယ်။

ဒါပေမဲ့ မဖြစ်ပါဘူး။ ဒီအတိုင်းသာ ဆက်သွားရင် သူတို့တစ် ရပ်ကွက်လုံး နေလို့ရမှာ မဟုတ်တော့ဘူး။ တချို့ကလေးတွေဆို အပုပ်နံ့ ဒဏ်ကြောင့် တမှိုင်မှိုင်တတွေတွေနဲ့ ရောဂါတောင်ဖြစ်နေပြီ။

"တံခါးကြီး ပိတ်ထားတာ ဘယ်လိုလုပ်မှာလဲ"

"တံခါးခေါက်ကြည့်ရမှာပေါ့၊ အကြောင်းမထူးရင် တံခါးဖျက် ဝင်ကြမယ်"

"ဖြစ်ပါ့မလား၊ တော်ကြာ အိမ်ရှင်နဲ့ ပြဿနာဖြစ်နေဦးမယ်"

"ဖြစ်လည်း မတတ်နိုင်ဘူးကွာ။ ဒီလောက် ပုပ်စော်နံနေတာ။ ဘယ်သူက ခံနိုင်မှာလဲ"

"ရပ်ကွက်လူကြီး ခေါ်ဦးမလား"

"အကြောင်းကြားပြီးပြီ၊ တအောင့်နေ လိုက်လာခဲ့မယ်တဲ့"

"ဒါဆို သူလာအောင်ထိ စောင့်လိုက်ကြရင် ကောင်းမယ်ထင် တယ်"

ထိုအကြံပေးစကားကြောင့် တံခါးခေါက်အုံ့ဆဲဆဲ လက်တွေ ပြန်ကျသွားကြတယ်။ အကောင်းဆုံးဖြစ်နိုင်ချေကို လက်ခံသွားကြတယ် ထင်တာပဲ။

မထူးတော့ပါဘူး။ ဒီလောက်ထိ သည်းခံပြီးသွားမှ ရပ်ကွက် လူကြီးအလာကို စောင့်ကြတာပေါ့။ သိပ်မကြာလိုက်၊ ခြံဝန်းထဲကို သပ် သပ်ရပ်ရပ် ဝတ်ဆင်ထားတဲ့လူကြီးတစ်ယောက်နဲ့ လူငယ်နှစ်ယောက် ဝင်



[illegible]

"ဟိုမှာ ရပ်ကွက်လူကြီးလာပြီ"

မိန်းမတစ်ယောက်ရဲ့ စကားသံနောက်မှာ ရှေ့ကို သည်းကြီး ည်းကြီးဖြစ်နေကြတဲ့ ခေါင်းတွေ လှည့်လာတယ်။ နှာခေါင်းကို လက် ကိုင်ပဝါအုပ်ပြီး ခပ်သွက်သွက်လျှောက်လာတာပါ။ အော်ဂလီဆန်ချင် စရာ အနံ့အသက်ကို ရပ်ကွက်လူကြီးခမျာလည်း တော်တော်ခံစားနေရ ယ်ထင်တယ်။

ထိုခဏမှာပဲ . . .

"ဒေါက်ဒေါက် . . .ဒေါက်ဒေါက်"

" . . . "

"အထဲမှာ လူရှိလား"

"ဒေါက်ဒေါက် . . . ဒေါက် . . ."

"မောင်နောင်ရိုး . . . အထဲမှာ ရှိနေလား"

အတွင်းက ဘယ်လိုမှ တုန့်ပြန်သံထွက်မလာဘူး။ ဒီတော့ အား လုံးက ရပ်ကွက်လူကြီးကို ဝိုင်းကြည့်တယ်။ ဘာလုပ်ရမလဲဆိုတဲ့ သဘော ပေါ့။

ရပ်ကွက်လူကြီး ခေါင်းညိတ်ပြလိုက်စဉ် ခဏမှာပဲ . . .

"ဝုန်း"

ဟူသော အသံကျယ်ကြီးနဲ့အတူ တံခါးမကြီးနှစ်ချပ်က အတွင်း ကို ပွင့်သွားတယ်။ ပွင့်လျှင်ပွင့်ချင်း လွန်စွာဆိုးရွား အောက်သိုးလှတဲ့ အပုပ်နံ့က လှိုင်းခနဲ အနံ့ထွက်လာတယ်။

လူတွေအားလုံး နှာခေါင်းကို ကိုယ်စီပိတ်လိုက်ရပြီးသည့်နောက် မှာပဲ . . .

အရင်ဆုံး လူတစ်ယောက်အခန်းထဲကို ခြေတစ်လှမ်းအချ . . .

"ဟာင် . . ."

မျက်လုံးတို့ ပြူတ်ထွက်မတတ် ပြူးကျယ်သွားစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်လူကြီးနဲ့ နောက်တစ်ယောက် . . .

"ဟာ . . ."

"ဘုရားရေ . . ."

သရဲ၊ သဘက်ကို အရှင်လတ်လတ် တွေ့ရှိလိုက်ရသလို . . .

အသက်ငယ်ငယ် မိန်းမတစ်ယောက် လှမ်းဝင်သွားမိစဉ်မှာတော့

"အမယ်လေ . . .အမယ်လေး . . ."

ဟူသော ကြောက်ခမန်းလိလိ အော်သံကျယ်ကြီးနဲ့အတူ သွေးပျက်မတတ် ထိတ်လန့်ငိုယိုသံတွေပါ တစ်ဆက်တည်း ထွက်ပေါ်လာပါတော့တယ်။

ချက်ချင်းပဲ ပျဉ်ထောင်အိမ်လေးထဲမှာက အော်သံ၊ ငိုသံ၊ ကယောင်ချောက်ချား ရေရွတ်သံတွေ ဆူညံသွားတယ်။ တချို့လည်း အိမ်ထဲက ပြေးထွက်သွားကြတယ်။

တချို့လည်း အသက်မဲ့သယောင် ကြောင်ငေးရပ်တံ့သွားကြတယ်။

သူတို့အားလုံး တွေ့လိုက်ရသည်ကား . . .

ခြေဆယ့်တစ်လှမ်းစာ အခန်းကျဉ်းလေးထဲမှာ . . .



- သွက်သွက်ခါအောင် ရူးနေသော ပန်းချီဆရာတစ်ယောက်။
- ပုံပျက်ပန်းပျက် ပုပ်သိုးရိလျော်နေသော လူသေအလောင်းတစ်လောင်း (ဝတ်ဆင်ထားသော အဝတ်အစားများအရ မိန်းကလေးအလောင်းဟု ယူဆနိုင်သည်။)
- ပြီးတော့ . . .

ပန်းချီကားတစ်ချပ်



www.burmeseclassic.com

www.burmeseclassic.com

# V

လေယာဉ်ကွင်းမှာ ကြိုတင်စောင့်ဆိုင်းသူတွေလည်း ရှိနေတယ်။ အခုမှ သတင်းကြားပြီးရောက်လာလို့ ဝရုန်းသုန်းကား အမောတကော ဖြစ်နေသူတွေကိုလည်း တွေ့ရတယ်။

သူတို့အားလုံး လေယာဉ်ကွင်းရဲ့ အပြင်ဘက် လမ်းမကြီးကို တမျှော်တခေါ်ငေးပြီး တစ်စုံတစ်ရာကို စောင့်မျှော်နေကြတာပါ။ အချိန်တို လေးအတွင်းဖြစ်ပေမဲ့ သတင်းက ထင်မှတ်မထားအောင် ကြီးသွားပါပြီ။ လာရောက်စောင့်ဆိုင်းနေကြသူတွေမှာ ပန်းချီအသိုင်းအဝိုင်းက လူနည်းစုတင် မဟုတ်တော့ဘူး။ အပြင်လူတွေလည်း ပါကုန်ကြပြီ။

ထိုစဉ်မှာပဲ စောင့်နေကြသူတွေအားလုံး အုတ်အုတ်ကျွတ်ကျွတ် ဖြစ်သွားတယ်။ ဆိုင်ကယ်လေးစီးနဲ့ ကားနက်ကြီးနှစ်စင်း လေယာဉ်ကွင်းရှေ့သို့ ထိုးစိုက်လာပါတယ်။ ကားပေါ်မှ အနောက်တိုင်းဝတ်စုံ ကိုယ်စီဝတ်ထားတဲ့ လူအချို့ ဆင်းလာကြတယ်။



ထိုလူတွေထဲမှ လူတစ်ဦးမှာ ထူးထူးခြားခြား အရာဝတ္ထုတစ်ခု ဆွဲပိုက်ထားတာကို တွေ့ရတယ်။ မထိရက်၊ မကိုင်ရက်ပုံစံနဲ့ တော်တော်ကို သတိကြီးကြီးထားပြီး ကိုင်တွယ်နေရပုံပါပဲ။

မြန်မာအချို့လည်းပါတယ်။ သံရုံးက အနောက်တိုင်းသားအချို့လည်း ပါတယ်။

သူတို့ဆင်လာတယ်ဆိုရင်ပဲ လုံခြုံရေးတွေ ဝိုင်းသွားပြီး သူတို့ကို လေယာဉ်ရှိရာဆီ စောင့်ကြပ်ခေါ်ဆောင်သွားကြပါတယ်။

နောက်မှပြေးလိုက်သူလိုက်၊ ဓာတ်ပုံတွေ တဖျပ်ဖျပ် ရိုက်သူရိုက်၊ တကယ်ကို အုံးအုံးကျွတ်ကျွတ်ပါပဲ။

စောင့်မျှော်နေသူအားလုံးရဲ့ စိတ်မှာ တူညီတာတစ်ခု အသေအချာ ရှိနေတယ်။ အဲဒါက . . .

အခု ယူဆောင်သွားတော့မဲ့ ပန်းချီကားကြီးကို တစ်ကြိမ်တစ်ခါလောက်ပဲဖြစ်ဖြစ် မျက်ဝါးထင်ထင် တွေ့မြင်ချင်တာပါ။

ဒါပေမဲ့ . . .

www.burmeseclassic.com

www.burmeseclassic.com

# VI

ပျဉ်ထောင်အိမ်လေးထဲမှ ပန်းချီကားကြီးကို တစ်ကြိမ်မြင်မိပြီးတာနဲ့ ဘယ်သူမှ နောက်တစ်ကြိမ် ထပ်မကြည့်ရဲတော့ဘူး။ ပန်းချီကားကြီးကို အဝတ်အုပ်ပြီး သက်ဆိုင်ရာကို အပ်လိုက်ကြတယ်။

ပြီးခဲ့တဲ့ နာရီပိုင်းအနည်းငယ်အတွင်း ကမ္ဘာ့ပန်းချီအကဲဖြတ်ပညာရှင်အဖွဲ့ကပို့လိုက်တဲ့ စာတ်ပုံကိုကြည့်ပြီး အကြောင်းပြန်လာပါတယ်။

မြန်မာပန်းချီဆရာ နောင်ရိုးဆွဲသားခဲ့သော ပန်းချီကားကြီးမှာ တန်ဖိုး အနဂ္ဂတိုင်းတာလို့မရပါဘူး။

အကဲဖြတ်ပညာရှင်တွေ နာရီပိုင်းအတွင်း အစည်းအဝေး အကြိမ်ကြိမ်လုပ်ပြီး ဆုံးဖြတ်ခဲ့တာပါ။ ပြီးတော့ သူတို့တောင်းဆိုတာ တစ်ခုလည်းရှိတယ်။ အဲဒါက ပန်းချီကားကို ထုတ်မပြဖို့ပါ။

စိတ်ဓာတ်အားနည်းသူ ကြည့်မိလျှင် စိတ်ကျန်းမာရေး တစ်စုံတစ်ရာ ထိခိုက်သွားနိုင်တယ်လို့ ဆိုပါတယ်။

အဲဒါကြောင့် . . .



လေယာဉ်လေးတစ်စီး ကောင်းကင်ထက်ဆီကို တောင်ပံတွေဖြန့်ကာ ဆန့်မြောက်ပြီး ပျံတက်သွားပါတယ်။

ထိုအပေါ်မှာ . . .

တန်ဖိုးအနဂ္ဂတိုင်းတာလို့မရတဲ့ ပန်းချီကားကြီးတစ်ချပ် အစောင့်အကြပ်ပေါင်းများစွာနဲ့ ပါသွားတယ်။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ . . .

ခြေဆယ့်တစ်လှမ်းစာ အခန်းကျဥ်းလေးထဲမှာ ရှိနေတာက

- သွက်သွက်ခါအောင်ရူးသွားတဲ့ ပန်းချီဆရာတစ်ယောက်။
- မိန်းကလေးအလောင်းတစ်လောင်း။
- တန်ဖိုးအနဂ္ဃ တိုင်းတာလို့မရတဲ့ ပန်းချီကားကြီးတစ်ချပ်။

ဒါပါပဲ။


ᨵ ᨵ ᨵ

သိုးဆောင်း

မြန်မာစံတော်ချိန်

မွန်းလွဲတစ်နာရီတိတိ ရှိပါပြီခင်ဗျာ။





# နိဒါန်း

တစ်ခါတုန်းက တက္ကသိုလ်တစ်ခုတွင် နာမည်ကြီးသရုပ်ဆောင်၊ အဆိုတော်၊ စာရေးဆရာစသည့် အနုပညာရှင်များဖြင့် ထင်ရှားသော နှစ်တစ်နှစ် ရှိခဲ့ဖူးလေသည်။

ထိုအနုပညာရှင်များသည် ထုံးစံအတိုင်း ကျောင်း၌နာမည်ကြီး စာရင်းဝင်သူများ ဖြစ်ကြပါ၏။

တစ်ခါသော် ထိုနာမည်ကြီးအားလုံးတို့ကို ကျော်လွန်ကာ လွန်စွာထင်ရှားကျော်ကြားသွားသော ကျောင်းသားတစ်ယောက်ပေါ်လာလေသည်။

✲ ✲ ✲

www.burmeseclassic.com

I



| | | |
|---|---|---|
| အမည် | – | လက်ရုံး |
| မွေးသက္ကရာဇ် | – | ၁၅.၆.၈၉ |
| အရပ် | – | ၅' ၈" |
| ပညာအရည်အချင်း | – | ဒုတိယနှစ် (မြန်မာစာ) |
| အလုပ်အကိုင် | – | သူ၏တီထွင်မှုနှင့်ပတ်သက်၍ သူ့အလုပ်ခေါင်းစဉ်က ထူးခြားသည် "အချစ်များ" |
| ဝါသနာ | – | တီထွင်မှု |



www.burmeseclassic.com

www.burmeseclassic.com

# လက်ရုံး

အထက်ပါ 'လက်ရုံး'ဆိုသူ နာမည်ကြီးသွားရခြင်းမှာ . . .

ကျောင်းတော်၏ သမိုင်းအဆက်ဆက်၌ တစ်ရံတစ်ခါမှ မပေါ်ပေါက်ခဲ့ဖူးသော မှတ်ကျောက်တင်လောက်သည့် တီထွင်မှုသုံးခုနှင့်အတူ–

ထိုတီထွင်မှုနှင့် ပတ်သက်ဆက်နွယ်နေသော အလုပ်အကိုင်တို့ကြောင့်ဖြစ်ပါသည်။

သူ၏ တီထွင်မှုက ခေတ်နှင့်လျော်ညီ၍ အဆင့်အတန်းရှိသလို လုပ်ဆောင်မှုတွေကလည်း ရင်ခုန်ဖို့ကောင်းသည်။ စိတ်ဝင်စားဖို့ကောင်းသည်။

ထပ်ကွန့်ရလျှင် . . .

'အရမ်းသစ်ပါ၏'

ထို့အတွက်ကြောင့်သာ . . .



ယခုဖော်ပြမည့် ဇာတ်လမ်းသည်
အထက်ပါ 'လက်ရုံး'ဆိုသူအား
နာမည်ကြီးတစ်ယောက်ဖြစ်အောင်
'လက်ရုံး'ဆိုပြီးဖြစ်သွားအောင်
ကူညီပေးခဲ့သည့်ဇာတ်လမ်း
တစ်ပုဒ်ဖြစ်ပေသည်။
တိတိကျကျပြောရလျှင်တော့ . . .
မြားတစ်စင်းသာသုံးသည့်
သူ၏တီထွင်မှုကို ပိုမိုထူးခြားနက်ရှိုင်းအောင်
သိက္ခာရှိအောင် နောက်ထပ်အကြံဉာဏ်
များတွေထည့်ပေးခဲ့သည့်
ကောင်မလေးတစ်ယောက်နှင့်
ဆက်နွယ်မှုဇာတ်လမ်း . . .



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကား . . .

ကျောင်းမုခ်ဦးဝအထွက် တစ်ဖက်တစ်ချက်တွင် ကလေးနှစ်ဦး လက်ကမ်းစာစောင်တွေဝေနေသည်။ ထိုလက်ကမ်းစာစောင်ကို ကျောင်းသားများကိုသာဝေ၍ ကျောင်းသူများကိုမပေး။ သို့သော် ကျောင်းသူအားလုံးတို့၏ အကြည့်တို့သည် ထိုစာရွက်များအပေါ်သို့ ကြိမ်ဖန်များစွာ ရောက်နေပါ၏။

ရှင်းရှင်းပြောရလျှင် ထိုစာရွက်ပေါ်၌ ဘာတွေရေးထားသည်ကို သိချင်နေကြသည်။ ကျောင်းသားများကတော့ ထိုစာရွက်ကိုကြည့်၍ ခေါင်းကုတ်သူက ကုတ်ကြသည်။ စာရွက်အား လွယ်အိတ်ထဲထည့်သိမ်းသူက သိမ်းကြသည်။ နားထင်ပွတ်သူက ပွတ်ကြသည်။ အင်္ကျီအိတ်၊ ဘောင်းဘီအိတ်ထဲထည့်သည့်သူက ထည့်ကြသည်စသည်ဖြင့် ပုံမှန်လုပ်ဆောင်နေကျကိစ္စတစ်ခုလို တကကြွစွာလုပ်နေကြပါ၏။

မိန်းကလေးအားလုံးလိုလို၏ မျက်နှာတွေသည် ထိုစာရွက်ဝေနေသည်ကိုမြင်ပြီးသည်မှစလို့ ရှက်သွေးရဲကုန်ကြသည်။

ထိုသို့ ကျောင်းသားများကိုသာ သီးသန့်ဝေသောစာရွက်ကား ဘာစာရွက်နည်း။

ကျောင်းသူအားလုံးလိုလို၏ မျက်နှာအား ရှက်သွေးရဲသွားစေသောစာရွက်ကား မည်သည့်စာရွက်ဖြစ်မည်နည်း။

❀ ❀ ❀

# II

ရက်သတ္တပတ်တစ်ခု၏ ဆဋ္ဌမမြောက်ညနေခင်းတွင်ဖြစ်သည်။

တက္ကသိုလ်တစ်ခု၏ ညနေကျောင်းဆင်းချိန်သည် ပုံမှန်အတိုင်း စည်ကားနေပါ၏။ ကားတွေ၊ လူတွေနှင့် ကြိတ်ကြိတ်တိုးနေသည်။ ကျောင်းပြင်သို့ဦးတည်နေသော ကျောင်းသားကျောင်းသူအားလုံးမှာလည်း ကျောင်းမုခ်ဦးဝနားရောက်လေကြပ်လေ ဖြစ်နေကြသည်။

သို့သော် ကျောင်းသားကျောင်းသူများ၏ မျက်နှာများသည် လူတွေကြိတ်ကြိတ်တိုးနေရသော်လည်း စိတ်ပျက်ညည်းညူဟန်မပြ။ ပိုလို့ပင် အားတက်သရောဖြစ်နေသည်ကို တွေ့ရသည်။ ကျောင်းသားများမှာ ပိုလို့ပင်ဆိုးပါ၏။

www.burmeseclassic.com

www.burmeseclassic.com

## ထူးစစ်

ထူးစစ် ကျောင်းပြင်သို့ ထွက်လာနေသည်။ သူဒီကျောင်းသို့ ရောက်သည်မှာ တစ်ပတ်တိတိရှိပြီဖြစ်သော်လည်း အဖော်သူငယ်ချင်း မရသေး။

ထူးစစ် အတွင်းခပ်ဝေးဝေးမှနေ၍ ကျောင်းဝသို့လှမ်းကြည့်လိုက်သည်။ ကျောင်းဝ၌ လက်ကမ်းစာစောင်ဝေသူ၊ ယူသူတွေနှင့် ကြိတ်ကြိတ်တိုးနေသည်။ ထူးစစ် ထိုမြင်ကွင်းကြောင့် လက်မှနာရီကို ပင့်ကြည့်လိုက်ပါ၏။ ထို့နောက် ပါးစပ်မှ အသံတိုးတိုးထွက်ကျလာသည်။

"ဟုတ်သားပဲ . . . ဒီနေ့သောကြာနေ့ပဲ . . . "

မကြာပါ။ သူလည်း ကျောင်းမုခ်ဦးဝဆီသို့ တိုးရင်းဝှေ့ရင်းဖြင့် ရောက်သွားသည်။ မုခ်ဦးဝအထွက်၌ ကလေးတစ်ယောက်က သူ့အား ဝေနေသောစာရွက်တစ်ရွက် ကမ်းပေးသည်။ ထူးစစ်လည်း အများနည်းတူ ရင်ခုန်ခုန်ဖြင့် လှမ်းယူလိုက်ပါ၏။

ထို့နောက် စာရွက်အား ငုံ့ကြည့်မိတော့ . . .

"ဘိုးမင်းခေါင်ရှိတဲ့နေရာ"

မှတ်ချက်၊ ။ ချစ်ရေးဆိုမည့်မိန်းကလေး၏ ကိုယ်ရေးရာဇဝင်အပြည့်အစုံ နှင့်တကွ မိမိ၏နေရပ်လိပ်စာကိုပါ တစ်ပါတည်းယူလာပါရန်။

စာရွက်မှာ ထိုမျှလောက်သာ စာပါသည်။

ထူးစစ်ပြုံးမိပါသည်။ ထို့နောက် စာရွက်ကိုခေါက်ရင်း အိတ်ကပ်ထဲသို့ထည့်လိုက်သည်။ ပြီးတော့ သူတစ်ယောက်တည်း ရေရွတ်လိုက်မိသည်ကား . . .

"အချိန် နှစ်ရက် ရပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com

## III

ရက်သတ္တပတ်တစ်ခု၏ ဒုတိယမြောက်မနက်ခင်းတွင်ဖြစ်သည်။ တိတိကျကျပြောရလျှင် တနင်္လာနေ့ . . .

အချိန်အားဖြင့်ဆိုလျှင်တော့ မိုးသောက်ပြီးခါစ အချိန်အနည်းငယ်၊ တက္ကသိုလ်တစ်ခု၏ မနက်ခင်းကန့်လန့်ကာခင်းကျင်းပြီးလို့ ကျောင်းစောင့်ပင် မနိုးသေးသောအချိန်။

ကျောင်းရှေ့တွင် ရေသန့်ကားတစ်စီးထိုးထားပါ၏။ ကားပေါ်တွင် ကုမ္ပဏီဝတ်စုံနှင့် ဒရိုင်ဘာဖြစ်ဟန်တူသူတစ်ယောက် ထိုင်နေသည်။ ကားနှင့်မလှမ်းမကမ်းဆိုင်တစ်ဆိုင်ထဲတွင်ကား ကျောင်းသားတစ်ယောက် ထိုင်နေသည်။ ထိုကျောင်းသား၏ မျက်လုံးအကြည့်တွေက ရပ်ထားသော ရေသန့်ကားပေါ်တွင်သာ ဝဲနေပါ၏။

ထို့နောက် ထိုင်နေရာမှထထွက်သွားသည်။ ထိုကျောင်းသား၏ ဦးတည်ရာက ရပ်ထားသောရေသန့်ကားဆီသို့ . . .



"ဦးလေး . . . .လူစောင့်နေတာလား . . . "

ကျောင်းသား၏အမေးကြောင့် ကုမ္ပဏီဝတ်စုံနှင့်ဦးလေးကြီးက ပြည့်ကြည့်ကာ . . .

"အေး . . . ဟုတ်တယ်ကွ၊ မင်းရော . . ."

"ကျွန်တော်လည်း ဦးလေးစောင့်တဲ့လူကို စောင့်နေတာ"

"ဟုတ်လား . . . ဒါဆို ကားပေါ်တက်ထိုင်လေကွာ။ ကားပေါ်ထဲ စောင့်ပေါ့။ သူလာတော့မှာပါ"

"မတက်တော့ဘူးဦးလေး။ ကျွန်တော်ကိစ္စလေးတွေရှိသေးလို့ သူလာရင်သာ ဒီစာအိတ်လေးပေးပေးပါ"

ကျောင်းသားကမ်းပေးသောစာရွက်ကို ဒရိုင်ဘာဦးလေးကြီးက လှမ်းယူလိုက်ရင်း . . .

"အထဲမှာ ဘာပါလဲကွ။ စပ်စုတာမဟုတ်ဘူးနော်။ တော်ကြာအရေးကြီးရင် ပျောက်ရှသွားမှာစိုးလို့"

"ဒီစာအိတ်ကတော့ အရေးမကြီးပါဘူး။ အထဲမှာ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်ရေးရာဇဝင်ရယ်၊ ကျွန်တော့်လိပ်စာရယ်ပဲပါတယ်။ ဒါပေမဲ့ ဒီစာအိတ်ကို သူ့လက်ထဲရောက်သွားဖို့က အရေးကြီးတယ်"

"အေးပါကွာ . . . ငါသေချာပေးပေးပါ့မယ်။ ဒါနဲ့ မင်းနာမည်ကရော . . . "

"အထဲမှာ အကုန်ပါတယ်ဦးလေး။ ဒါက သိပ်အရေးမကြီးဘူး။ ဒီစာအိတ်ကိုမြင်ရင် သူသိပါတယ်"

"အေး . . . အေး . . . ဒါဆိုလည်းပြီးရော . . ."

"အဲဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး။ ကျွန်တော်စိတ်ချခဲ့မယ်နော်"

"အေးပါကွာ . . . စိတ်ချပါ၊ စိတ်ချပါ"

ပြီးနောက် ထိုကျောင်းသားမှာ ဒရိုင်ဘာဦးလေးကြီးကိုနှုတ်ဆက်၍ ကျောင်းနှင့်ဆန့်ကျင်ရာအရပ်သို့ ထွက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# မျိုးလင်း

ကျောင်းကြီးမှာ တဖြည်းဖြည်းနိုးထသက်ဝင်လို့လာပါပြီ။ ကျောင်းဖွင့်စ ပထမရက်ဖြစ်သည်ဆိုတာထက် ယခု တနင်္လာနေ့သည် တစ်စုံတစ်ရာထူးခြားလို့နေပါသည်။ ကျောင်းထဲသို့ဝင်သည်နှင့် ကျောင်းသားကျောင်းသူများမှာ 'သူဘာလဲ၊ ငါဘာလဲ' တစ်ဦးနှင့်တစ်ဦး ရှိုးနေကြသလို ကျောင်းသူများကတော့ ကံထူးရှင်ဘယ်သူဖြစ်မလဲ ရန်ခုန်လို့နေကြပါသည်။

ဒါက တနင်္လာနေ့တိုင်း ကျောင်းမှာဖြစ်နေကျအစဉ်အလာ တစ်ခု . . .



ပုံမှန်ထက်မပိုသောခြေလှမ်းတွေနှင့် ကျောင်းထဲသို့ တစ်စုံတစ်ဦး ဝင်လာနေသည်။

သူ့နာမည်က – မျိုးလင်း

(မှတ်ချက် ။ ။ အကယ်ဒမီ မောင်မျိုးမင်း(ရင်တွင်းဖြစ်)၏ညီ မဟုတ်ပါ။

တားမြစ်ချက် ။ ။ အဓိပ္ပာယ်ပြောင်းပြန် မကောက်ယူစေလိုပါ။)

မျိုးလင်းသည် မြန်မာစာပထမနှစ်ကို ဒုတိယအကြိမ်တက်နေသော ကျောင်းသားတစ်ယောက်ဖြစ်ပါသည်။ ပြည့်ပြည့်စုံစုံပြောရလျှင် ဒဿနိကနှင့် ပထဝီမေဂျာတို့ကို တစ်နှစ်စီတက်ပြီးမှ အခြေအနေမကောင်း၍ (စာမေးပွဲကျ၍) အခုလို မြန်မာစာသို့ ပြောင်းလာခြင်းဖြစ်ပါသည်။

ထို့ကြောင့်လည်း မျိုးလင်းသည် အသက်လည်းအနည်းငယ်ရင့်နေပြီဖြစ်သလို အပေါင်းအသင်းလည်းများသည်။ မြန်မာစာမေဂျာဖြစ်သည့်အပြင် ဒဿနိကကိုလည်းတစ်နှစ်တက်ဖူးသည့်အတွက် ကဗျာမကျ စာမကျသော ခပ်ဆန်းဆန်းလေးတွေလည်း တွေးတတ်သည်။ ဟိုလိုလို ဒီလိုလို အတွေးအခေါ်တွေလည်း လုပ်တတ်ပါ၏။

ယခုလည်း မျိုးလင်း တစ်ခုခုကိုအသေအလဲတွေးနေသည်။ သူတွေးနေတာက သူရုပ်ဆိုးရခြင်းနဲ့ 'လက်ရုံး'ဆိုသည့်လူ ဆက်စပ်မှု၊ ဘာမှတော့မဆိုင်။ ဒါပေမယ့် သူရအောင်တွေးနေသည်။ သူတွေးပုံက နွားနို့နှင့် မြက်ခြောက်စပ်ဆက်မှုကိုတွေးသလိုမျိုး ရှင်းရှင်းလေး . . .

သူအရင်ဘဝက ရုပ်ချောပေမည်။ ဒါပေမယ့် စိတ်ထားမကောင်းခဲ့လို့ ယခုဘဝရုပ်ဆိုးသည်။ ရုပ်ဆိုးသည့်အတွက် သူ့ကိုဘယ်မိန်းကလေးမှမကြိုက်။ ဒီတော့လည်း သူ 'လက်ရုံး'ကို တွေ့အောင်ရှာ၍ အချစ်မြားကို တောင်းရမည်။

ယခုတလော 'လက်ရုံး'ဆိုသည့်နာမည် ကျောင်းမှာသတင်းကြီးနေမှန်းတော့သိသည်။ ဒါပေမယ့် သူ'လက်ရုံး'ကို မမြင်ဖူးသေး။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

အစအဆုံးစဉ်းစားကြည့်လျှင် ရုပ်ချောတာနှင့်အချစ်မြား(လက်ရုံး)မှာ ဆက်စပ်နေသည့်အတွက် ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ရုံးမှာ ရုပ်ချောရမည်ဟု မျိုးလင်းတွေ့ကြည့်လိုက်သည်။

ထို့နောက် သူ့အတွေးကို သူသဘောကျရင်း နောက်တစ်ခေါက်ပြန်တွေးသည်။ ပြီး . . .

"ဟုတ်တယ် . . . ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် လက်ရုံးက ရုပ်ချောမှာပဲ . . ."

ထိုသို့ပါးစပ်ကပြောရင်း ကျောင်းထဲသို့ဝင်လာခဲ့ပါ၏။ ကျောင်းလမ်းတစ်လျှောက်တွေ့သမျှလူတို့၏ပါးစပ်များတွင်လည်း 'လက်ရုံးနှင့်ဘိုးမင်းခေါင်ရှိတဲ့နေရာ'သာ ပျံ့လွင့်နေသည်။ ထိုအချိန်မှာပင် သူ့ရှေ့နှစ်လှမ်းအကွာလောက်မှသွားနေသော ကျောင်းသားနှစ်ဦး၏ စကားသံများကို ကြားရသည်။

"အထူးအဆန်းပဲနော်။ ငါဒီလိုလူမျိုးတစ်ခါမှ မတွေ့ဖူးဘူး"

"အေး . . . ငါလည်း မတွေ့ဖူးဘူးကွ။ အထူးအဆန်းပဲ။ ဘာတဲ့ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကိုလိုချင်ရင် သူ့ကိုတွေ့အောင်ရှာရမယ်တဲ့။ ဟုတ်လား . . . အဟီး . . . တစ်မျိုးကြီးကွနော်"

ပြောရင်း ထိုကျောင်းသားမှာ ရယ်သည်။

"အေးကွာ . . . သူ့ဟာကလည်း တူတူပုန်းတမ်းကစားတာကျနေတာပဲ . . . အဟီး . . . ဟီး"

သူတို့ပြောနေသောစကားများကြောင့် မျိုးလင်းပြုံးမိသည်။ ပထမတစ်ယောက်က ဆက်ပြောပါ၏။

"ဒါပေမယ့် ထူးဆန်းတာက လက်ရုံးကိုတွေ့အောင် ရှာနိုင်ပြီးသွားရင် သိပ်မကြာဘူး . . . ရှာနိုင်တဲ့လူက သူစိတ်ဝင်စားနေတဲ့ ကောင်မလေးနဲ့ အဆင်ပြေသွားတာပဲ"

ပထမတစ်ယောက်၏စကားကို ဒုတိယတစ်ယောက်က တွေးတွေးဆဆဖြင့်ပြောသည်။



"အေးကွ . . . အဲဒီတစ်ချက်ကစဉ်းစားစရာပဲ။ သတင်းကြားတာကတော့ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းဆိုတဲ့ မြားတစ်စင်းပဲပေးတယ်ကြားတယ်။ အဲဒီမြားက ဘယ်လိုမြားမို့လို့ ဒီလောက်အစွမ်းထက်နေတာလဲမသိဘူး"

"ဒါဆို လက်ရုံးက မြားနတ်မောင်လက်သစ်ပေါ့"

"အေး . . . သူ့ဘာလို့ အချစ်မြားဆိုပြီး နာမည်ကြီးတာလဲသိလား . . . သူ့ရဲ့နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းက မြားနတ်မောင်ရဲ့မြားလိုပဲ တန်ခိုးကြီးလို့ အချစ်မြားဆိုပြီးနာမည်ကြီးတာ"

ပထမလူငြိမ်သွားသည်။ ပြီးမှ လေသံအေးအေးဖြင့် . . .

"နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းဆိုတာ ဘယ်လိုမျိုးလဲမသိဘူး။ သိချင်လိုက်တာ"

"သိချင်ရင် သူ့ကိုတွေ့အောင်ရှာပြီး မြားကိုတောင်းလိုက်လေ"

ထိုအခါ ပထမတစ်ယောက်က အထိတ်တလန့်ပုံစံဖြင့် ခေါင်းကိုခါရင်း . . .

"ဟာ . . . မဖြစ်သေးပါဘူးကွာ။ ငါ့မှာရည်းစားရှိတာပဲ။ ဒါမျိုးက ရည်းစားမရသေးတဲ့လူတွေမှ လုပ်လို့ကောင်းတာ။ မင်းပဲလုပ်လိုက်ပါလား"

"ငါရော ဘာထူးလဲ"

ပြီးနောက် နှစ်ယောက်စလုံး စကားသံတိတ်သွားပါ၏။

မကြာပါ ဒုတိယကျောင်းသားက ဝမ်းသာအားရထပြောသည်။

"ဟာ . . . ဟုတ်ပြီ၊ ဟိုကောင် ကျော်ဇင်ဆိုရင်ရော"

ပထမကျောင်းသား၏မျက်နှာ ဝင်းသွားသည်။

"အေး . . . ဟုတ်တယ်။ ကျော်ဇင် . . . ဟုတ်တယ် . . . ဒီကောင့်ကို လုပ်ခိုင်းရမယ်။ ဒါမှ ဒီကောင့်ဒဏ်ရာသက်သာမှာ"

ဒုတိယတစ်ယောက်ပြန်ပြောသည်။

"ဒါဆို အခုချိန် ဒီကောင်ဘယ်မှာရှိမလဲ မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com

"စာသင်ခန်းထောင့်နဲ့ 'အသည်းကွဲကဖီး'ထောင့်တစ်ခုခုပဲ"

"ဒါဆို အခန်းထဲအရင်သွားကြည့်ရအောင်"

"အေး . . . ဒါနဲ့ . . ."

ပထမကျောင်းသား၏စကားမှာ ဒါနဲ့ဆိုပြီးရပ်သွားပါ၏။ ထို့ကြောင့် မျိုးလင်းလည်း ဘာဆက်ကြားရမလဲ နားထောင်နေလိုက်သည်။

"ဟို . . . ဘိုးမင်းခေါင်ရှိတဲ့နေရာကို စဉ်းစားပြီးသွားပြီလား"

"ဟင် . . . အေး . . . ဟုတ်သားပဲ။ ငါလည်းမသိဘူး . . . မင်းရော . . . "

"ငါလည်း မသိဘူး"

"အဲဒီနေရာကိုမသိဘဲနဲ့ ငါတို့က နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းတို ဘယ်လိုတောင်းမလဲ"

နှစ်ဦးစလုံး၏စကားသံရပ်သွားသည်။ သိပ်မကြာပါ။ ဒုတိယကျောင်းသားက . . .

"ထားလိုက်ပါတော့ကွာ။ ဟိုကောင်ကျော်ဇင်လည်း စဉ်းစားနိုင်မှာ မဟုတ်ပါဘူး။ အခုလောက်ဆို စဉ်းစားနိုင်တဲ့သူက တောင်းပြီးနေလောက်ပြီ။ နောက်တစ်ပတ်မှပဲ အသစ်တစ်မျိုးစဉ်းစားကြတာပေါ့"

"အေးပါကွာ . . . အဲဒါပဲ ကောင်းပါတယ်"

ထို့နောက်တော့ နှစ်ယောက်လုံးမှာ ကန်တင်းတွေဘက်ထွက်သွားကြတော့သည်။ မျိုးလင်းပြုံးမိပါ၏။

ထို့နောက် သူသည်လည်း . . .

⁂

# IV

မျိုးလင်းသည်လည်း သူ၏ခြေလှမ်းတို့ကို 'အသည်းကွဲကဖီး' ရှိရာသို့ ဦးတည်လိုက်ပါ၏။ ခုနကျောင်းသားနှစ်ယောက်ပြောသွားသော 'ကျော်ဇင်'ကို သွားရှာမလို့မဟုတ်ပါ။ 'အသည်းကွဲကဖီး'သို့ သွားရန်သူ့မှာအကြောင်းရှိပါသည်။

ဤနေရာတွင် 'အသည်းကွဲကဖီး'ကို ရှင်းပါအံ့။

'အသည်းကွဲကဖီး' ဆိုသည်မှာ ထိုကျောင်း၏ အထင်ကရလက်ဖက်ရည်ဆိုင်တစ်ဆိုင်ဖြစ်ပါ၏။ လက်ဖက်ရည်တစ်မျိုးမှလွဲ၍ ကျန်တာဘာတစ်ခုမှမရသည့် ဆိုင်တစ်ဆိုင်လည်းဖြစ်သည်။ ဒါပေမယ့် ထိုဆိုင်တွင် လူအမြဲစည်နေတတ်ပါသည်။ ထူးဆန်းတာတစ်ခုက ဆိုင်၏အမည်ရင်းမှာ 'အသည်းကွဲကဖီး' မဟုတ် 'အသည်းဦးကဖီး' ဖြစ်သည်။ ဒါပေမယ့် အကုန်လုံးကထိုဆိုင်ကို 'အသည်းကွဲကဖီး'လို့ပဲ ခေါ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကား နှစ်ချက်ရှိပါ၏။

(၁) လက်ဖက်ရည်တစ်မျိုးသာရောင်းသည့် ဆိုင်ပိုင်ရှင် လူပျိုကြီး၏အတိတ်ဇာတ်လမ်း၊

(၂) အသည်းကွဲသူများသာ အထိုင်များသည့်ဆိုင်၊

ထိုနှစ်ချက်ကိုအကြောင်းပြု၍ တစ်ကျောင်းလုံးက 'အသည်းကွဲကဖီး'ဟုခေါ်ကြသည်။

ပထမအချက်ဖြစ်သည့် ဆိုင်ပိုင်ရှင်လူပျိုကြီး၏ အတိတ်ဇာတ်လမ်းကိုတော့ မည်သူမျှ ရေရေရာရာမသိကြ။ သို့ပေမယ့် ထိုလူပျိုကြီးသည် လက်ဖက်ရည်နှင့်ပတ်သက်၍ အသည်းကွဲသွားခဲ့ရသူဆိုတာတော့ တစ် ယောက်စကားတစ်ယောက်နားဖြင့် သိုးသိုးသဲ့သဲ့သိကြသည်။ ထို အတိုင်းဟုတ်ချင်မှ ဟုတ်ပေလိမ့်မည်။ မှန်ချင်လည်း မှန်ပေမည်။

ဒုတိယအချက်ကတော့ ပညတ်သွားရာ ဓာတ်သက်ပါလို့ပဲပြော ရမည်လား၊ အမြဲတေရှိရာ အမြဲတေစုသည်ပဲ ပြောရမည်လားမသိ။

ကျောင်းထဲမှ အကြောင်းအမျိုးမျိုးကြောင့် အသည်းကွဲရသူများ အားလုံးတို့သည် ထိုလက်ဖက်ရည်ဆိုင်၌သာ ထိုင်ကြပါသည်။

စည်းကမ်းသတ်မှတ်ထားခြင်းမရှိသော်လည်း ထိုသဘောမှာ ကြာလာတော့ စည်းကမ်းတစ်ခုလိုပင်ဖြစ်နေပါ၏။ ထိုဆိုင်မှာ နေ့စဉ် နေ့တိုင်း တစ်ဦးနှင့်တစ်ဦး ရင်ဖွင့်ကြသည်။ အတွေ့အကြုံတွေ ဖလှယ် ကြသည်။ အသည်းခွဲရက်သူမိန်းကလေးများအကြောင်းကို (သူတို့အား ဘယ်လိုအသည်းခွဲသွားပုံတို့ကို အကျယ်တဝင့် ထမင်းမေ့ ဟင်းမေ့ပြော ပြကြသည်။ တစ်ဦးခံစားချက်ကိုတစ်ဦးကနားထောင်ရင်း ထပ်တူရင်ကွဲ ကြသည်။ အားပေးစကားပြောကြသည်။ အကြံဉာဏ်ပေးကြသည်။ ဖေးကူလက်တွဲကြသည်။

နောက်တော့ အသည်းထပ်ကွဲကြပြန်ပါသည်။

ဒါပေမဲ့ 'အသည်းကွဲကဖီး'တွင် ချစ်စရာကောင်းသောဓလေ့ ထုံးစံလေးတစ်ခုရှိပါ၏။ အဲဒါက ဖီးလ်ချင်းတူရာစုနေခြင်းပင်။



ဆိုလိုတာက ဒီလိုပါ။

ထိုတက္ကသိုလ်တွင် ကျောင်းသားတော်တော်များများကို ရင်ခုန် စေသော၊ ပြီး အသည်းခွဲ သွေးအေးသည်ဟုနာမည်ကြီးသော ကျောင်းသူ လေးငါးယောက်ရှိပါ၏။

ပထမတစ်ယောက်က တက်သစ်စမင်းသမီး . . .

"လပြည့်ဝန်း"

ဒုတိယတစ်ယောက်က အဆိုတော် . . .

"ရွှန်းဝင့်စံ"

တတိယတစ်ယောက်က ဓာတ်ပုံမော်ဒယ် . . .

"သိမ့်သိမ့်နွေး"

စတုတ္ထတစ်ယောက်က သချာကွင်း . . .

"ယွန်းထက်အိန္ဒြေ . . .

ပဉ္စမတစ်ယောက်က သမိုင်းကွင်း (မယ်ဘွဲ့ရ) . . .

"သွန်းလဲ့ရွှေစင်"

စသော အလှရှင်များကြောင့် အသည်းကွဲရသူများ ဆိုင်တွင်း၌ ကြုံသလိုမထိုင်ကြ။ ဥပမာ . . .

'လပြည့်ဝန်း'ကြောင့် အသည်းကွဲရသူများသည် သူ့ဝိုင်းနှင့်သူ သပ်သပ်ထိုင်ကြသည်။ ထိုဝိုင်းကို 'လပြည့်ဝန်းဝိုင်း'လို့ အမည်ပေးပါ၏။ ထို့အတူ 'သိမ့်သိမ့်နွေး'ကြောင့် အသည်းကွဲရသူများသည်လည်း သူတို့ ဝိုင်းနှင့်သူတို့ထိုင်ကြသည်။ ထိုဝိုင်းကို 'သိမ့်သိမ့်နွေးဝိုင်း'လို့ အမည်ပေး ပါ၏။ တစ်ဝိုင်းနှင့်တစ်ဝိုင်းမရော၊ ခံစားချက်ချင်းမဖလှယ်၊ ကိုယ့်အုပ်စု နှင့်ကိုယ်သာ ရင်ဖွင့်ကြပါသည်၊ ခံစားကြသည်ပေါ့။

ထိုထုံးစံလေးမှာလည်း သတ်မှတ်မထားပါဘဲနှင့် ကျင့်သုံးနေကြ ခြင်းဖြစ်ပါ၏။

ယခုလည်း မျိုးလင်း 'အသည်းကွဲကဖီး'သို့ သွားနေပြီ။ သူရော ဘယ်ဝိုင်းတွင်ထိုင်မည်နည်း?



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်တွင်းသို့ မျိုးလင်းဝင်လိုက်သည်နှင့် ဒိုင်းခနဲဆို အကြည့်တွေခုန်ဝင်လာကြသည်။ ထိုအကြည့်များထဲတွင် 'ဒီကောင်ဘယ်သူလဲ၊ ဘယ်သူ့ကြောင့် အသည်းကွဲတာလဲ' စသည့် သိလိုစိတ်တွေပါနေကြောင်း မျိုးလင်းသိသည်။

ထိုအချိန်မှာပင် တစ်နေရာမှ သူ့နာမည်ကိုလှမ်းခေါ်သံကို ကြားရသည်။

"ဟေ့ကောင်မျိုးလင်း ငါတို့ဒီမှာ"

အသံလာရာဆီ သူလှမ်းကြည့်လိုက်တော့ သူ့ကိုလက်ယပ်ခေါ်နေသည်။ ဒဿနိကမှ အောင်ဌေး။ ထို့ကြောင့် အောင်ဌေးကို လက်ပြန်ထောင်ပြရင်း မျိုးလင်း ထိုဝိုင်းသို့သွားလိုက်ပါသည်။ ထိုအခါမှပင် တစ်ဆိုင်လုံးမှ မျက်လုံးတွေအားလုံး နေရာမှန်ပြန်ရောက်သွားကြသည်။ ဒါတောင် သူသွားရာ ဝိုင်းကိုကြည့်၍ တီးတိုးပြောနေကြသေးသည်။

မျိုးလင်းသွားရာဝိုင်းက . . .

"သင်္ချာကွင်း ယွန်းထက်အိန္ဒြေ"

အမှန်ဆို မျိုးလင်း 'အသည်းကွဲကဖီး'သို့ရောက်လာတာ မကြာသေး။ တိတိကျကျပြောရလျှင် တစ်ပတ်နှင့်သုံးရက်သာရှိသေးသည်။

ဒါပေမယ့် မျိုးလင်းရောက်လာတာ သူများတွေလို အသည်းကွဲ၍ မဟုတ်၊ အကြောင်းရှိပါ၏။ မျိုးလင်းခုံဆွဲ၍ ဝင်ထိုင်အပြီးမှာပင် . . .

"မင်းရောက်လာတာနဲ့အတော်ပဲကွာ။ ဒီမှာ ဟိုကောင်နှစ်ကောင် အငြင်းအခုန်ဖြစ်နေလို့ မင်းသိရင်လည်း ဘယ်သူမှန်တယ်၊ မမှန်ဘူး ပြောပြပေးလိုက်စမ်းပါ"

သူတို့ဝိုင်းမှ အသက်အကြီးဆုံး ကိုတာတီးကိုမေးငေါ့ပြရာ နှစ်ယောက်ကိုကြည့်မိတော့ အောင်ဌေးတို့ဒဿနိကမေဂျာမှပင် ကျော်ကြီးနှင့်ဇော်အေး၊ ကျော်ကြီးနှင့်ဇော်အေးနှစ်ယောက်စလုံးမှာ မတည့်အတူနေများဖြစ်ကြပါ၏။ ဒါပေမယ့် ဉာဏ်တော့နှစ်ယောက်စလုံးကောင်းကြသည်။



"မင်းတို့နှစ်ယောက်က ဘာကိုငြင်းနေတာလဲ"

နှစ်ယောက်စလုံးက သူပြောနိုး၊ ငါပြောနိုးနှင့် တစ်ယောက်နှင့်တစ်ယောက်ဘုရှိုးရှိုးနေကြသည်။ ထို့ကြောင့် အောင်ဌေးမှပင် ဝင်ပြောပြပါ၏။

"ဘာရှိရမလဲကွာ . . . တစ်မနက်လုံး အုံးအုံးကျွက်ကျွက်ဖြစ်နေတဲ့ ဘိုးမင်းခေါင်ရှိတဲ့အရပ်နဲ့ လက်ရုံးရှိတဲ့နေရာလေ"

"ဘယ်လိုတွေ ငြင်းနေလို့လဲ"

'လက်ရုံး'ဆို၍ သူစိတ်ဝင်စားသွားသည်။ မျိုးလင်း၏အမေးကြောင့် သူတို့'ယွန်းထက်အိန္ဒြေ' ဝိုင်းမှ နှစ်သက်အရင့်ဆုံး အစ်ကိုကြီးက ဝင်ပြောသည်။

"ဒီလိုမျိုးလင်း . . . ဘိုးမင်းခေါင်ရှိတဲ့နေရာဆိုပြီး လက်ရုံးက သူရှိမယ့်နေရာကို စကားထာဝှက်သွားတယ်မလား။ အဲဒါကို ဒီကောင်နှစ်ကောင်က လက်ရုံးဘယ်နေရာမှာရှိတယ်ဆိုတာ စကားထာကိုဖြည်ပြီး ငြင်းနေကြတာ"

ကိုတာတီးစကားကြောင့် စိတ်ဝင်စားမှုတို့ကြီးစိုးသွားရကာ ..

"လုပ်စမ်းပါဦး၊ မင်းတို့စကားထာကို ဘယ်လိုဖြည်လိုက်လဲ"

"ငါဖြည်လိုက်တာက ဒီလို . . . "

ဟူ၍ ဇော်အေးက အရင်ဆုံးလေသံအေးအေးဖြင့် ရှင်းပြသည်။

"ငါစဉ်းစားတာက . . . ဘိုးမင်းခေါင်ရှိတဲ့နေရာဆိုပြီး အပေါ်ယံကိုပဲ တွေးကြည့်လိုက်ကွာ . . . ဘိုးမင်းခေါင်ရုပ်တုတွေက ဘယ်မှာရှိတတ်လဲ . . . ဘုရားတွေ၊ ဘုန်းကြီးကျောင်းတွေမှာပဲ အရှိများတာမလား။ အဲဒါကြောင့်မို့လို့ ငါက လက်ရုံးရှိမယ့်နေရာကို ငါတို့ကျောင်းထဲက ဘုရားခန်းမှာရှိရမယ်လို့ တွေးလိုက်တာ . . . ကဲ . . . ငါတွေးတာမှားလား . . ."

"မမှားပါဘူး . . ."

"အေး . . . အဲဒါကို ဒီကောင်ကျော်ကြီးက ဘုရားခန်းမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com

ဘူးတဲ့ . . . ဝိဇ္ဇာကန်တင်းမှာဆိုလို့ . . .”

ဖော်အေးစကားကြောင့်မျိုးလင်း ကျော်ကြီးဘက်သို့ လှည့်ရပြန်ပါသည်။

“မင်းကရော စကားထာကို ဘယ်လိုဖြည်လိုက်လို့လဲ”

“ငါတွေးတာကတော့ ရှင်းရှင်းလေးပဲ ဟေ့ကောင် . . . ဘိုးမင်းခေါင်ဆိုတာ ဝိဇ္ဇာကွာ . . . အဲဒါကြောင့်မို့လို့ ဝိဇ္ဇာကန်တင်းမှာ ရှိရမယ်လို့ ပြောတ . . .”

ကျော်ကြီးအတွေးကလည်း ရှင်းရှင်းလေးနှင့်လှသည်။

“မင်းကရော ဘယ်လိုထင်လဲ . . .”

အောင်ဌေးက သူ၏ စိတ်ကူးကိုမေးပါ၏။ အကုန်လုံးကလည်း အောင်ဌေးနည်းတူ မျိုးလင်းအဖြေကို စိတ်ဝင်စားနေကြသည်။

“ဒီလိုစကားထာမျိုးက အဖြေကိုတရားသေယူလို့မှ မရတာပဲ။ ကိုယ်တွေးတတ်သလိုဖြည်ယူလို့ရပါတယ် . . . ဒါပေမယ့် ကိုယ်တွေးလိုက်တဲ့အတွေးနဲ့ သူဝှက်ထားတဲ့အရာသွားတူနေရင်တော့ အဖြေဖြစ်ပြီပေါ့ . . . တစ်ယောက်နဲ့တစ်ယောက်ကတော့ စဉ်းစားပုံချင်းတူမှာ မဟုတ်ပါဘူး . . .”

“ဟုတ်ပြီလေ . . . ဒါဖြင့်မင်းဘယ်လိုစဉ်းစားထားလဲ . . .”

ကိုတာတီးက ဝင်မေးသည်။

“ငါစဉ်းစားတာက ဒီလိုကွာ . . .

ဘိုးမင်းခေါင်ရှိတဲ့နေရာဆိုတာကို ငါက သမိုင်းကြောင်းနဲ့စဉ်းစားတယ်။ သမိုင်းကိုပဲ လှန်ကြည့်ကြည့်၊ ဘိုးမင်းခေါင်ပုံတွေရဲ့ နောက်ခံပန်းချီကားတွေကိုပဲကြည့်ကြည့် ဘိုးမင်းခေါင်နဲ့ အများဆုံးပတ်သက်နေတာ ပုပ္ပါးတောင်ကွ။ အဲဒါကြောင့်မို့လို့ငါက ပုပ္ပါးတောင်နဲ့ပတ်သက်တဲ့နေရာတစ်ခုခုမှာ လက်ရုံးရှိရမယ်လို့ထင်တယ်”

မျိုးလင်းစကားကြောင့် တစ်ဝိုင်းလုံး စဉ်းစားကုန်ကြသည်။

“ဘယ်လိုလဲကွ ငါတို့နားမလည်ဘူး . . .”



တစ်ယောက်က ထမေးသည်။

“ဥပမာကွာ . . . ပုပ္ပါးတောင်နဲ့ စကားဝါပန်းက ဆက်စပ်နေတယ်မဟုတ်ဘူးလား”

“အေးလေ”

“အဲဒါဆို စကားဝါဆိုတဲ့နာမည်ကို လိုက်ကြည့်ရမယ်။ ဥပမာ ‘စကားဝါ’စားသောက်ဆိုင်တို့ ဘာတို့ပေါ့”

“ငါတို့ကျောင်းထဲမှာ အဲဒီနာမည်နဲ့ဆိုင်မှမရှိတာ”

“ငါက ဥပမာကိုပြောတာလေကွာ”

ထိုအချိန်မှာပင် သူတို့ထိုင်နေရာ ကန်တင်းရှေ့မှ ရေသန့်ကားတစ်စီးဖြတ်မောင်းသွားသည်။ ဘာရယ်မဟုတ် မျိုးလင်းထိုကားကို လှမ်းကြည့်မိပါ၏။

မျိုးလင်းမျက်နှာအရောင် ပြောင်းသွားသည်။

ချက်ချင်းဆိုသလိုပင် သူတို့နှင့်ကပ်လျက်ဝိုင်းမှ ကျောင်းသားတစ်ဦးမှာကန်တင်းထဲမှာ ထထွက်သွားပါ၏။ ဦးတည်ရာက ခုနဖြတ်မောင်း သွားသောကားနောက်သို့ ဖြစ်ပေလိမ့်မည်။

သို့သော် မျိုးလင်းတို့ ယွန်းထက်အိန္ဒြေဝိုင်းမှာတော့ စကားဆောင်းနေဆဲ . . . ။



www.burmeseclassic.com

www.burmeseclassic.com

# IV (a)

ဆိုင်ရှေ့လမ်းမပေါ်တွင် ကျောင်းသားများ ဥဒဟိုသွားလာနေကြသည်။ ထိုကျောင်းသားအားလုံးတို့သည်လည်း တစ်စုံတစ်ရာကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ပြောနေကြပါ၏။ စဉ်းစားစရာမလိုပါ။ 'ဘိုးမင်းခေါင်ရှိတဲ့နေရာနှင့် လက်ရုံး'အကြောင်းပဲ ဖြစ်ပါလိမ့်မည်။

"ငါ့အထင်ပြောရရင် တော်ရုံဗျူဟာနဲ့တော့ ယွန်းထက်အိန္ဒြေကိုရဖို့ မလွယ်လောက်ဘူးကွ"

ပြောသူက သူတို့အဖွဲ့တွင် အသက်အကြီးဆုံး အသည်းကွဲကဖီးတွင် ထိုင်သက်အရင့်ဆုံး ကိုတာတီး။

"ဘာဖြစ်လို့ ဒီလိုပြောနိုင်သလဲဆိုရင် ငါတို့ကိုယ်တိုင် ကိုယ်တွေ့ခံလာခဲ့ရတာကိုး။ ဒီနေ့တော့ လူလည်းစုံတုန်း မင်းတို့လည်းကြိုတင်လေ့လာလို့ရအောင် ငါပြောပြမယ်"

ဟု အစချီ၍ ယွန်းထက်အိန္ဒြေဟုခေါ်သော အလှဘုရင်မနှင့်နလုံးသားစီးချင်းထိုးပွဲတွင် မရှုမလှ သူတို့အရေးနိမ့်ခဲ့ရပုံများကို အကျယ်တဝင့်ပြောကြပါတော့သည်။

✠ ✠ ✠



"မင်းကိုယ့်အပေါ် ဘယ်လိုသဘောထားလဲ အိန္ဒြေ"

"ဘာကိုပြောတာလဲ"

"မင်းနဲ့ကိုယ်ကြားက ဆက်ဆံရေးကိုပေါ့"

"၆.၈.၁၉၄၅ ကနေ ၉.၈.၁၉၄၅ အထိ ဂျပန်နိုင်ငံမှာ ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တစ်ခုလို သဘောထားတယ်။ အဲဒီအချိန်တုံးက ရှင်ကတော့ B–29 ပေါ့။ ကျွန်မကတော့ ဟီရိုရှီးမားပါပဲ"

"ဗျာ"

✠ ✠ ✠



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပဲ ဟော့ကောင်ရေ။ နောက်မှ စာအုပ်တွေပြန်လှန်ကြည့်တော့ ယွန်းထက်အိန္ဒြေပြောပြတာက အမေရိကန်တွေ ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့ကို အနုမြူဗုံးကျဲချတဲ့နေ့ကို ပြောသွားတာကွ။ B–29 ဆိုတာ ဗုံးကျဲတဲ့လေယာဉ်နံပါတ်။ စဉ်းစားကြည့်ပါတော့ကွာ။ ငါက B–29 သူက ဟီရိုးရှီးမားဆိုတော့ ငါကပဲသူ့အပေါ် အနုမြူဗုံးတွေ ကျဲချနေတဲ့သဘော"

ကိုတာတီးစကားကြောင့် သူတို့အားလုံးဝိုင်းရယ်ကြသည်။ ဒါကို ကိုတာတီးက နည်းနည်းလေးမှဂရုမစိုက်ပါ။ ကြေကွဲဆို့နင့်သောဟန်ပန် အပြည့်ဖြင့် ဆက်ပြောသည်။

"မင်းတို့စဉ်းစားကြည့်ကြစမ်း။ ယွန်းထက်အိန္ဒြေပြောသွားတဲ့ အားတွေက ဘယ်လောက်အဓိပ္ပါယ်ပါပြီး သိမ်မွေ့သလဲလို့။ သူ့ကိုယ်သူ အနုမြူဒဏ်ထိတဲ့ ဟီရိုရှီးမားနဲ့ခိုင်းနှိုင်းသွားတာ အရမ်းလှတယ်"

ဒီတစ်ခါတော့ သူတို့မရယ်ဖြစ်ကြတော့ပါ။ ကိုတာတီး တကယ် ခံစားသွားရကြောင်း သူ၏လေသံနှင့် မျက်နှာအနေအထားအရသိသည်။

ထိုအချိန်၌ နောက်တစ်ယောက်က ဝင်ပြောပါ၏။

"ငါကျတော့ တာတီးထက်တောင် ဆိုးပါသေးတယ်ကွာ။ တာတီးကမှ လွမ်းရင်သွားကြည့်လို့ရသေးတယ်။ ငါက သွားကြည့်ဖို့ ပြောနဲ့ ယွန်းထက်အိန္ဒြေဆိုတဲ့အသံနဲ့တင် ပုန်းရင်ပုန်း မပုန်းရင်ထွက် ပြေးနေရတာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ထိုသူ၏ ထူးဆန်းသောစကားတွေကြောင့် မျိုးလင်းစိတ်ဝင်စားသွားမိသည်။

"အမှန်က ငါ့အမှားပါ။ မင်းတို့လိုသာ ငါမြန်မာစာမေဂျာဖြစ်ရင် အခုလိုဘဝမျိုးမရောက်ဘူး။ အခုတော့ . . . အခုတော့ . . ."

ထိုသူစကားပင် ဆက်မပြောနိုင်တော့ပါ။ တော်တော်ကြီးကို ဆို့နင့်ကြေကွဲသွားပါသည်။ သူတို့တွေအားလုံးလည်း ဘာမှန်းမသိ။ ထိုသူ၏ ပုံစံကိုကြည့်၍ ရင်ထဲ 'ဟာ'သွားကြသည်။

"အဲဒီတုန်းက သူကငါ့ကို ကဗျာတစ်ပုဒ်ရွတ်ခိုင်းတယ် . . .

ရှင့်အချစ်ကို ကျွန်မယုံအောင် ကဗျာတစ်ပုဒ်ရွတ်ပြတဲ့။ အဲဒါနဲ့ ငါလည်း ပါးစပ်ထဲရှိတဲ့ ကဗျာတစ်ပုဒ်ရွတ်ပြလိုက်တယ်။ အဲဒါကိုက ငါရဲ့အမှားပဲ"

ပြီးနောက် ထိုသူက အသံနေအသံထားဖြင့် ကဗျာတစ်ပုဒ်ရွတ် ပြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ရင်မှသခင် ထိပ်ထားရှင်၏
နှုတ်ခြွေမြွက်ထား
ဆိုစကားကို
ဦးခွေးဆံမြည့်
ထမ်းရွက်မည်တာစေ
ကိုယ်ပါမေ . . .
မင်းသေဆိုသေ
ရှင်ဆိုရှင်ပြီး
မင်းကြိုးဆွဲရာကတဲ့
အရုပ်ကလေးဖြစ်ပါရစေ၊
'ချစ်တယ်' ဆိုသော
နှစ်လုံးစကားအတွက်
အခါင်းရော ကျွမ်းထိုးဆိုလည်း
ကိုယ်ထိုးမယ်လေ
အို . . . ယွန်းအိခြွေ၊

"အဲဒီကဗျာလည်းဆုံးရော ငါ့ကိုဘာပြောတယ်မှတ်လဲ။ ဟင့်အင်း . . . မယုံဘူး။ အခုထိုးပြတဲ့။ ငါ့မှာကွာ တကယ်ပဲထိုးပြရတော့မလို၊ အလကားနောက်ပါလို့ပဲ ပြောရတော့မလိုနဲ့ နောက်ဆုံးထွက်ပါပြေးလာရတယ်။ မှတ်ကရော"

တစ်ဝိုင်းလုံး ပွဲကျသွားသည်။ ထိုလူ့အဖြစ်က တော်တော်ရယ်စရာကောင်းနေပါ၏။ အကုန်လုံးဝိုင်းရယ်တော့မှ မချိသွားဖြဲ မျက်နှာလေးဖြင့်ရောယောင်ကာ လိုက်ရယ်သည်။ ဒါပေမယ့် မျက်နှာတော့မကောင်း။

ရယ်သံတွေ အတော်စဲသွားတော့မှ နောက်တစ်ယောက်က စာရွက်တစ်ရွက်ထုတ်ပြသည်။ စာရွက်မှာ အတော်ပင်ဟောင်းနွမ်း၍ အဝါဘက်သို့သမ်းနေပြီဖြစ်သည်။ ဒါပေမယ့် တရိုတသေကိုင်ထားမှုကြောင့်



စာရွက်မှာ အမာအတိုင်းရှိသေးသည်။ ထိုသူက စာရွက်ကိုထောင်ပြရင်းဆိုသည်။

"ငါ့တုန်းက ဒီစာရွက်တစ်ရွက်ပြန်ပေးတယ်။ ပထမတော့ ငါ့ကိုခပြန်တယ်ထင်ပြီး ပျော်နေတာပေါ့ကွာ။ နောက်ဖွင့်ကြည့်တော့မှပဲ"

ထိုသူက စကားကိုဆုံးအောင် ထပ်မပြောတော့ပါ။ အကုန်လုံးမြင်သာအောင် စာရွက်ကိုစားပွဲအလယ်မှာ ချပြလိုက်သည်။

စာရွက်ပေါ်တွင် ရေးထားသော အနက်ရောင်လက်ရာများကား . . .



www.burmeseclassic.com

www.burmeseclassic.com

အဖြေ = ၅၀၀

ကျွန်မရှင့်ကိုအဖြေပေးဖို့အတွက် ညကတစ်ညလုံး
သင်္ချာထိုင်တွက်နေတာ။ ဒါပေမယ့် ဘယ်လိုမှ
အဖြေမထွက်ဘူး။
အဲဒါ ရှင်လည်းဖြစ်နိုင်ရင် ကူတွက်ပေးပါလား။

(၃)ရဲ့နှစ်ထပ်ကိန်းကို (၅၂၈)နဲ့မြှောက်ပြီး
ရတဲ့အဖြေကို (၃)နဲ့ ပြန်စားပါ။
အဲဒီအဖြေကိုမှ (၃)ထပ်ပေါင်းပြီး (၁၅၈၈)
ကိုနှုတ်လိုက်ရင် . . . ဘယ်လောက်လဲ?

ရတဲ့အဖြေကို အပေါ်က (၅၀၀)ရဲ့ရှေ့မှာ
ထည့်ပေးနော်။
အဲဒါ ရှင့်အတွက်အဖြေပါပဲ။

ယွန်းထက်အိမ္ဗြေ



စာဆုံးသွားတော့ အကုန်လုံးအဖြေကို သိချင်သွားကြသည်။

"အဖြေ . . . အဖြေက ဘာရလဲ"

အောင်ဌေးက သိချင်စောဖြင့်မေးလိုက်သည်။ သို့သော် ပြန်ဖြေသံထွက်မလာ။ ထိုသူက အဝေးတစ်နေရာကိုငေးနေရာမှ တိုးတိုးဖွဖွပြောသည်။

"သိချင်ရင် တွက်ကြည့်ကြပေါ့ကွာ"

သူတို့တစ်ဖွဲ့လုံး အလုပ်ရှုပ်သွားသည်။ တွက်သူက မျိုးလင်းကိုယ်တိုင်။ အခြားသူများကတော့ ရင်တမမနှင့်ထွက်လာမည့်အဖြေကို စောင့်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com

မကြာပါ အဖြေတစ်ခု ထွက်လာပါ၏။ ဒါပေမယ့် . . .

သူတို့တွေအားလုံး မရယ်ဖြစ်ကြတော့ . . .

ကာယကံရှင်ကတော့ အပြင်ကိုသာ ငေးမြဲငေးနေသည်။ သူ့ရဲ့ မျက်ဝန်းမှာ ဝေဒနာတစ်ခုက ဆွေးဆွေးမြည့်မြည့်။

မျိုးလင်းရင်ထဲမှာလည်း ဘာမှန်းမသိသော အသိတစ်ခုက လှုပ်လှုပ်ရှားရှား။ နောက်မနိုးတစ်ဝက်၊ နိုးတစ်ဝက်။ ပြီးတော့ လင်းတစ်ဝက်၊ မှောင်တစ်ဝက်။

နောက်ဆုံးမှာတော့ ရှင်းလင်းပြတ်သားသော ဆုံးဖြတ်ချက်တစ်ခုကို သူရေရာစွာချမိသွားသည်။

"ယွန်းထက်အိန္ဒြေဆိုတာ တော်တန်ရုံကာရန်လောက်နဲ့ တွဲဖက်မမိသော ကဗျာတစ်ပုဒ်ပဲ"

ဒါပေမဲ့ သူ့မှာဝှက်ဖဲတစ်ချပ်ရှိထားပါသည်။



# V

ကျောင်းဝင်း၏တစ်နေရာတွင် ကားတစ်စီးရပ်ထားလေသည်။ ထိုကားလေးကို တစ်နေရာမှ ကျောင်းသားတစ်ယောက် ရပ်ကြည့်နေပါ၏။ ပြီးနောက် ပါးစပ်မှတစ်စုံတစ်ခုကိုရေရွတ်ရင်း ကားဆီသို့လျှောက်လာလေသည်။

ထိုကျောင်းသားသည် မကြာခင်ကမှ 'အသည်းကွဲကဖီး'မှ ထွက်လာသော ကျောင်းသားဖြစ်ပါ၏။

"ဟုတ်တယ် . . . ဒီကားပဲဖြစ်ရမယ်"

ထိုသို့ပါးစပ်မှ ရေရွတ်ရင်းကားဆီသို့လျှောက်လာရာကားနား အရောက်တွင် ရေ့တံခါးအား ဆွဲဖွင့်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ကလစ်"

ဆိုသောအသံနှင့်အတူ ထိုကျောင်းသားမှာ ကားပေါ်မှလူတစ်ယောက်နှင့် မျက်လုံးချင်းဆုံသွားသည်။ ထို့နောက် . . .

"လက်ရုံးဆိုတာလားမသိဘူး"

ထိုကျောင်းသားကပင် စမေးသည်။ ထိုအခါ ကားပေါ်မှလူက

"ဟုတ်ပါတယ် . . . လက်ရုံးဆိုတာ ကျွန်တော်ပါ"

ကျောင်းသား၏ မျက်နှာကဝင်းထွက်သွားလေသည်။ ပြီးနောက် . . .

"ကျွန်တော်ကားပေါ်တက်ထိုင်မယ်နော်"ဟုဆိုကာ ကျောင်းသားမှာ ကားပေါ်တက်သည်။ ကားပေါ်ရောက်ရောက်ချင်းမှာပင် . . .

"ကျွန်တော့်နာမည် 'ကံပေါ်'လို့ခေါ်ပါတယ်။ ကိုလက်ရုံးကို ကျွန်တော်စိတ်ဝင်စားတဲ့ကောင်မလေးရဲ့ ကိုယ်ရေးရာဇဝင် အပြည့်အစုံနဲ့ ကျွန်တော့်နေရပ်လိပ်စာ လာပေးတာပါ"

ပြောလည်းပြော၊ လက်မှလည်း စာအိတ်တစ်အိတ်ထုတ်ပေးပါ၏။ ထိုကျောင်းသားထုတ်ပေးသောစာအိတ်ကို လက်ရုံးလှမ်းရှိုးလိုက်ရင်း . . .

"ဒီက . . . ကိုကံပေါ်နော် . . .'

"ဟုတ်ပါတယ်"

"ကျွန်တော့်ဆီက အကူအညီလာတောင်းတာပေါ့။ ကျွန်တော် ဘယ်လိုကိစ္စတွေကို အကူအညီပေးတယ်၊ မပေးဘူးဆိုတာတော့ သိမှာပါ"

"သိပါတယ်။ ကျွန်တော်တောင်းမယ့် အကူအညီကလည်း နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းပါပဲ"

"အကူအညီတောင်းတာတော့ ဟုတ်ပါပြီ။ ဒါနဲ့ လွန်ခဲ့တဲ့ သောကြာနေ့က ကျောင်းဝမှာ လက်ကမ်းစာရွက်ဝေရင်း ကျွန်တော်ရှိမယ့်နေရာကို စကားထာဝှက်ခဲ့တယ်နော်။ အဲဒီစကားထာကို ဘယ်လို



ပြီး ဒီအထိရောက်အောင် ဘယ်လိုလာခဲ့တယ်ဆိုတာ ပြောပြလို့ ရမလား"

"ရပါတယ်။ ရှင်းရှင်းလေးပါ။ ဘိုးမင်းခေါင်ရှိတဲ့နေရာဆိုတာ သမိုင်းအရ၊ အစဉ်အလာအရ အနီးစပ်ဆုံး တွေးကြည့်လိုက်ရင် ပုပ္ပါးတောင်ပဲရှိတယ်။ အဲဒီတော့ ပုပ္ပါးတောင်နဲ့ပတ်သက်တဲ့နေရာမှာ ခင်ဗျားရှိမယ်လို့ ကျွန်တော်တွေးလိုက်တယ်။ အခု ကန်တင်းထိုင်နေတုံး ခင်ဗျားတို့ကားဖြတ်သွားတာကို မြင်လိုက်လို့ သေချာပြီဆိုပြီးလိုက်လာတာ။ ဒီရောက်တော့ ခင်ဗျားကိုတွေ့တာပဲ"

ကံပေါ်၏စကားကြောင့် လက်ရုံးခေါင်းညိတ်သည်။

"တွေးတာကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် ခင်ဗျားနောက်ကျသွားပြီ"

"ဗျာ"

"ဒီနေ့မနက်အစောကြီးပဲ ကျောင်းသားတစ်ယောက် ကျွန်တော့်ကို စာအိတ်တစ်အိတ်လာပေးသွားတယ်"

"ဘယ်လို"

"ဟုတ်တယ် . . . ခင်ဗျားတွေးသလိုပဲ တွေးနိုင်တဲ့ ကျောင်းသားဖြစ်မှာပေါ့။ ကျွန်တော်နဲ့တောင် မတွေ့လိုက်ဘူး . . . ဒီမှာလေ"

ဟုဆိုကာ လက်ရုံးက ဒရိုင်ဘာဦးလေးဆီမှရထားသော စာအိတ်ကို ထုတ်ပြသည်။ လက်ရုံးထုတ်ပြသော စာအိတ်ကိုကြည့်၍ ကံပေါ်ဆိုသူမှာ အံ့အားသင့်သွားပါသည်။

ထို့နောက်မှာတော့ . . .

ကားထဲမှာ စကားသံတို့ခဏတိတ်သွားပါ၏။ ပတ်ဝန်းကျင်တွင်လည်း ဆိတ်ငြိမ်မှုတို့ဖြစ်ထွန်းသွားသည်။ မကြာပါ။

ကားတံခါးဖွင့်၍ လူတစ်ယောက်ဆင်းလာပါ၏။ ထို့နောက် ကားကိုခဏရပ်ကာ ကြည့်သည်။ သူ၏အကြည့်သည် ကားတစ်စီးလုံးအား ဝါးမျိုပစ်ချင်နေသော ဂေါ်ဇီလာတစ်ကောင်၏အကြည့်မျိုး။



www.burmeseclassic.com

www.burmeseclassic.com

အားပါသည်။ ခက်ထန်သည်။ အရောင်တောက်နေသည်။

နောက် . . . တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ရင်း လှည့်ထွက်သွားတော့သည်။

ကပေါ်၏အကြည့်ကို အပြင်းထန်ဆုံးခံလိုက်ရသည့် ကားနံရံပေါ်မှာကား . . .

"Popa Aqua"

ဆိုသော . . .

မကြာမီအချိန်အတွင်းမှာပင် ကန်တင်းတစ်ခုထဲ၌ ကျယ်လောင်သော ရေသန့်ဘူးမှာသံတစ်ခုကို ကြားလိုက်ရလေသည်။

"Popa Aqua . . . တစ်ဘူးဟေ့"

ᨏ ᨏ ᨏ

# VI

"သားရေ . . . မျိုးလင်း ဒီမှာဖုန်းလာနေတယ် . . . မင်းဖုန်း"

ဧည့်ခန်းထဲမှလှမ်းခေါ်လိုက်သည့် မေမေ့အသံကြောင့် မျိုးလင်း အဖတ်နေရာမှ ကမန်းကတန်းထရပ်ရင်း ဧည့်ခန်းဆီသွားလိုက်သည်။ မေမေ့လက်ထဲမှဖုန်းကိုလှမ်းယူရင်း အသံနှိမ့်၍ ဘယ်သူလဲဟုမေးရာ မေမေက မသိကြောင်းလက်ပြရင်း မီးဖိုချောင်ဘက်ထွက်သွားသည်။ ထို့ကြောင့် ထုံးစံအတိုင်း မရိုးနိုင်သောဒိုင်ယာလော့တစ်ခုကို ရွတ်ရပါ၏။

"ဟုတ်ကဲ့ . . . အမိန့်ရှိပါခင်ဗျာ"

"ကိုမျိုးလင်းဆိုတာလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှ ယောကျ်ားချင်းပင်မနာလိုစရာကောင်းသော သွားရည် မာတ်အပြည့်ပါသည့် ချိုကြည်ရှတသော အသံတစ်သံကြားရပါ၏။ မျိုးလင်း အနည်းငယ်ဝေသွားသည်။

"ဟုတ်ပါတယ် ခင်ဗျ . . . . မျိုးလင်းပါ။ ဘယ်သူလဲ မသိဘူး"

"ကျွန်တော် လက်ရုံးပါ"

လက်ရုံးဆိုသည်နှင့်တစ်ပြိုင်နက် သူ့ရင်တစ်ချက်ခုန်သွားပါ၏။ ချက်ချင်းပင် လွန်ခဲ့သောနှစ်ရက်က သူလုပ်ခဲ့သည့်ကိစ္စများကို မျက်လုံးတွင်ပြန်မြင်ယောင်လာပါ၏။

"ဟုတ် . . . . ဟုတ်ကဲ့ . . . ဘာ . . . . ဘာဖြစ်လို့လဲမသိဘူး"

မျိုးလင်းစကားတွေပင် ထစ်သွားသည်။

"ဘာမှတော့မဟုတ်ပါဘူး။ ကိုမျိုးလင်း အကူအညီတောင်းထားတဲ့ကိစ္စနဲ့ပါတ်သက်ပြီး အသေးစိတ်ဆွေးနွေးချင်လို့ပါ"

ထိုအခါမှ မျိုးလင်းရင်ဝ အနည်းငယ်လေသလပ်သွားပါ၏။ ဒါပေမယ့် အနည်းငယ်တော့ ရင်ခုန်နေသည်။

"ဟုတ်ကဲ့ . . . ရပါတယ် . . . ပြောပါ။ ဘယ်လိုများ ဆွေးနွေးချင်လို့လဲမသိဘူး"

"ထွေထွေထူထူးတော့ မဟုတ်ပါဘူး။ အမိကက ကျွန်တော့်ရဲ့ စည်းမျဉ်းတွေကို ကိုမျိုးလင်းလိုက်နာနိုင်ဖို့ပါ။ လိုက်နာနိုင်မယ်ဆိုရင်တော့ ကိုမျိုးလင်းလိုချင်တဲ့ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ကျွန်တော် ဘက်ကပေးဖို့ အဆင်သင့်ပါပဲ"

တစ်ဖက်မှစကားတို့ကြောင့် မျိုးလင်းစိတ်လှုပ်ရှားရပြန်ပါသည်။ တစ်ဆက်တည်းပင် သူ၏အိပ်မက်လေးကိုလည်း မြင်ယောင်မိသည်။

"ဟုတ်ကဲ့ . . . လက်ရုံးရဲ့စည်းကမ်းတွေကို ပြောကြည့်ပါ။ ကျွန်တော်အတတ်နိုင်ဆုံး လိုက်နာနိုင်အောင် ကြိုးစားပါ့မယ်"



"ထွေထွေထူးထူးတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ကိုမျိုးလင်းတို့ နှစ်ယောက်စလုံးအတွက်ရော ကျွန်တော့်အတွက်ပါ အရေးကြီးနေတဲ့ အတွက် ထုတ်ထားတဲ့စည်းမျဉ်းတွေ ဖြစ်ပါတယ်။ စည်းမျဉ်း (၅)ခုရှိပါတယ်။ အဲဒါတွေက . . . "

"အဲဒါတွေက"ဟုဆိုကာ လက်ရုံးက သူ၏စည်းမျဉ်းများကို ပြောပြပါ၏။ သူလည်း ဂရုတစိုက်နားထောင်ရင်း စည်းမျဉ်းတစ်ခုချင်းစီအတွက် မိမိကိုယ်ကို ဆန်းစစ်နေရသည်။

"စည်းမျဉ်းနံပါတ် (၁)က ကိုမျိုးလင်းစိတ်ဝင်စားတဲ့ မိန်းကလေးမှာ ချစ်သူမရှိရပါဘူး။ အခု ကျွန်တော်စုံစမ်းရသလောက်တော့ ကိုမျိုးလင်း စည်းမျဉ်းနံပါတ်(၁)ကိုအောင်သွားပါပြီ။ ကောင်မလေးမှာ ချစ်သူမရှိပါဘူး"

မျိုးလင်း ရင်အေးသွားသည်။

"စည်းမျဉ်းနံပါတ် (၂)က ကျွန်တော့်ရဲ့နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းကြောင့် ကိုမျိုးလင်းတို့နှစ်ယောက် ချစ်သူတွေဖြစ်သွားခဲ့ရင် တစ်ဦးနဲ့တစ်ဦး သစ္စာရှိစွာနဲ့ လက်တွဲရပါမယ်။ အဲဒီအတွက် ကျွန်တော်ရဲ့ No.2 စာချုပ်ကို နှစ်ဦးသဘောတူချုပ်ဆိုရပါမယ်"

စည်းမျဉ်းနံပါတ် (၃)က အကယ်၍ သဘောထားချင်းမတိုက်ဆိုင်လို့ လက်တွဲဖြုတ်တော့မယ်ဆိုရလည်း နှစ်ဦးသဘောတူ ကျွန်တော့်ရဲ့ No.3 စာချုပ်မှာ လက်မှတ်ထိုးရပါမယ်။ အဲဒီအထိ ကိုမျိုးလင်းလိုက်နာနိုင်ပါသလား . . . "

မျိုးလင်း မဆိုင်းမတွပင် ပြန်ဖြေလိုက်သည်။

"ဟုတ်ကဲ့ . . . လိုက်နာနိုင်ပါတယ်"

"အဲဒါဆိုရင်တော့ စည်းမျဉ်းနံပါတ် (၄)ကို ဆက်ပြောပါမယ်။ နံပါတ် (၄)စည်းမျဉ်းက အခုကျွန်တော့်ဆီက ကိုမျိုးလင်း နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းတောင်းတဲ့အကြောင်း ဘယ်သူ့ကိုမှမပြောပါနဲ့။ အဲဒီမြားကိုရရင်လည်း ဘယ်သူတောင်းတောင်းမပေးပါနဲ့၊ မပြပါနဲ့၊ မပြောပါနဲ့။



www.burmeseclassic.com

www.burmeseclassic.com

ကိုယ့်ရင်ထဲမှာပဲ သိမ်းထားပါ။ အဲဒါကျွန်တော့်အတွက် အရေးအကြီးလို့ပါ"

မျိုးလင်း လေးလေးနက်နက် ကတိပေးလိုက်သည်။

"စိတ်ချပါ . . . ကျွန်တော်ကတိပေးပါတယ်။ ဘယ်သူ့ကိုမှ မပြောပါဘူး"

"ဟုတ်ပါပြီ။ အဲဒါဆိုရင်တော့ စည်းမျဉ်းနံပါတ် (၅)က လက်ရှိ အခြေအနေအားလုံးကို ကိုမျိုးလင်းမေ့လိုက်ပါတော့။ အားလုံး . . . အားလုံးပါ"

"ဗျာ"

မျိုးလင်းကြောင်သွားသည်။ အကုန်လုံးမေ့ပစ်လိုက်ပါတော့ဆိုသည်ကား မျိုးလင်းနားရှုပ်သွားသည်ကို သိ၍ထင်သည်။ ဆက်ရှင်းပြပါ၏။

"လက်ရှိအခြေအနေအားလုံးကို မေ့ပစ်လိုက်ပါတော့ဆိုတာက မကြာခင်အချိန်အတွင်း ကိုမျိုးလင်းတို့နှစ်ယောက် ချစ်သူတွေဖြစ်တော့မှာမို့လို့ အခုလက်ရှိအခြေအနေတွေကို မေ့ခိုင်းတာပါ။ တခြားကြောင့် မဟုတ်ပါဘူး"

"သြော်"

အခုမှပဲ မျိုးလင်း 'သြော်' နိုင်တော့သည်။

"အထက်က ကျွန်တော်ပြောခဲ့တဲ့ စည်းမျဉ်း (၅)ခုစလုံးကို လိုက်နာနိုင်မယ်ဆိုရင်တော့ ကိုမျိုးလင်းအတွက် ကျွန်တော့်ရဲ့အချစ်မြားကို ပေးဖို့ အဆင်သင့်ဖြစ်နေပါပြီ"

မျိုးလင်း ဘာမှမစဉ်းစားမနေတော့ ချက်ချင်းပဲအဖြေပေးလိုက်သည်။

"ဟုတ်ကဲ့ . . . လိုက်နာနိုင်ပါတယ်။ လက်ရုံးရဲ့စည်းမျဉ်းအားလုံးကိုပါ"

သူနှင့်လက်ရုံးကြားမှာ အဖြေတစ်ခုဖြစ်တည်သွားခဲ့ပါပြီ။ သေချာပါ၏။ သူ့ရင်ထဲကိုလည်း လက်ရုံး၏အချစ်မြားတစ်ချောင်း စိုက်ဝင်သွားခဲ့ပါပြီ။

"ဟုတ်ကဲ့ ဒါဆိုရင်တော့ ကျွန်တော့်ရဲ့နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ကိုမျိုးလင်းလိပ်စာအတိုင်း မနက်ဖြန်ကျရင် စာတိုက်က ပို့လိုက်ပါ့မယ်"





www.burmeseclassic.com

www.burmeseclassic.com

## VII

ဒီလိုနှင့်သိပ်မကြာသော အချိန်တစ်ခုမှာပင် မျိုးလင်းမှာ သူစိတ်ဝင်စားသောကောင်မလေးနှင့် အဆင်ပြေသွားလေသည်။

ထိုအခါမှပင် တစ်ကျောင်းလုံးအုတ်အော်သောင်းတင်းတွေ ဖြစ်ကုန်ပါ၏။ အကြောင်းကား . . .

မျိုးလင်းသည် ကျောင်း၌ပေသည်၊ တေသည်၊ လေသည်။ ပထမနှစ်ကို တဘုန်းဘုန်းကျသလောက်၊ အတန်းလည်းမှန်မှန်မတက်။ ရှင်းရှင်းပြောရလျှင် ကျောင်းသားဟုသာ အမည်ခံထားသည့်လူမျိုးက တစ်ကျောင်းလုံး၏ အချောအလှစာရင်းဝင်တွေများထဲကမှ ထူးထူးခြားခြားနာမည်ကြီးသူ . . .



အပြောအဆို၊ အရောင်အတိမ်းကောင်းသူ။

ချဉ်းကပ်လာသူယောကျ်ားလေးတိုင်းကို စကားလုံးလှလှ၊ အတွေးဆန်းဆန်းလေးများဖြင့် တုံ့ပြန်တတ်သူ။

အားလုံးက လက်မှိုင်ချရသူ။

စသော ဂုဏ်ပုဒ်များဖြင့် နာမည်ကြီးသည့်

သချ်ာကွင်း ယွန်းထက်အိမ်ဧ္ဒကိုမှ ရအောင်လိုက်သွားခြင်းသည် ဘာရာဏသီတိုင်းမှ ဘာမင်းကြီးပြောသည့် ဘာမှန်းမသိသော ပုံပြင်တစ်ပုဒ်သာသာ။

ဒါပေမယ့် ထိုကိစ္စမှာ အမှန်တကယ်ပင်ဖြစ်ပျက်သွားလေသည်။ မည်သူမျှမယုံကြ။ ဒါပေမယ့် မယုံချင့်ယုံချင်ဖြင့် ယုံလိုက်ကြရလေသည်။

မျိုးလင်း ယွန်းထက်အိမ်ဧ္ဒကို မည်သို့မည်ပုံ ကြိုးစားလိုက်သနည်း စသော မေးခွန်းက ကျောင်းသားတိုင်းလိုလို၏ပါးစပ်ဖျားမှာ အပြည့်အဝ နေရာယူထားလေသည်။

"ကိုမျိုးလင်း . . . ဘယ်လိုကြိုးစားလိုက်တာလဲဗျ"

မေးသည့်သူက မေးကြသည်။ ထိုအခါ မျိုးလင်းက . . .

"လက်ရုံးရဲ့နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကြောင့်ပေါ့ကွာ"

ထိုသို့ပြန်ဖြေလေသည်။ ထိုအခါမေးသည့်လူက တစ်ဆင့်တက်၍

"နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းဆိုတာ ဘယ်လိုမျိုးလဲဗျ။ ကျွန်တော်တို့ကိုလည်း ပြောပြစမ်းပါဗျာ။ ကျွန်တော်တို့မှာလည်း ဒုက္ခတွေ့နေလို့"

ထိုသို့မေးလာလျှင်တော့ ဟိုလိုလို၊ ဒီလိုလိုဖြင့် မျိုးလင်းရှော်သွားလိုက်တာများသည်။ တိတိကျကျ ဘယ်တော့မှမပြော။

ယွန်းထက်အိမ်ဧ္ဒကိုမေးလျှင်လည်း ထိုအတိုင်း ဝေ့လည်ကြောင်ပတ်သာ။

ထိုသို့ သူတို့ကဖုံးကွယ်ထားလေလေ လက်ရုံးရဲ့နောက်ဆုံးပေါ်



www.burmeseclassic.com

www.burmeseclassic.com

ချစ်ရေးဆိုနည်းမှာ နာမည်ကြီးလေလေဖြစ်လာလေသည်။

နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းဆိုတာဘာလဲ ?

ဒါထိုကျောင်းရဲ့ မည်သူမျှမဖြေနိုင်သော မေးခွန်း (လက်ရုံးနှင့် သူ့အကူအညီပေးခဲ့သော လူများမှလွဲလို့ပေါ့)

ဘယ်လောက်ထိအောင်ဖြစ်သွားလဲဆိုလျှင်

ကျောင်းသားတော်တော်များများမှာ လက်ရုံးကို တနင်္လာနေ့မနက်မှာ မတွေ့တွေ့အောင်ရှာ၍ နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းကို ရအောင် တောင်းပစ်မည်ဟု ကြုံးဝါးနေကြသလို . . .

မိန်းကလေးအများစုမှာလည်း နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းကိုသုံး၍ တစ်စုံတစ်ယောက်ကများ သူမတို့ကိုချစ်ရေးဆိုလာလျှင် သူမတို့လွန်ဆန်နိုင်ပါ့မလား။

စသော အတွေးများဖြင့် မိမိကိုယ်မိမိ ဆန်းစစ်လာရသည်အထိ ဖြစ်လာသည်။

နောက်ဆုံးပေါ် ချစ်ရေးဆိုနည်း (ဝါ)အချစ်မြားပိုင်ရှင် လက်ရုံးကတော့ နာမည်ကြီးလား၊ မကြီးလား ပြောဖို့ပင်မလို။

ထိုသို့ လူတိုင်းစိတ်ဝင်စားသည်ထဲကမှ ထူးထူးခြားခြား စိတ်ဝင်စားသည့် ကောင်မလေးတစ်ယောက် ပါဝင်လေသည်။

ထိုကောင်မလေးက မည်သူနည်း ?

သူမကရော လက်ရုံးကိုစိတ်ဝင်စားတာလား ? (သို့)

နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းကို စိတ်ဝင်စားတာလား ?

ᨏ ᨏ ᨏ



တစ်နေ့တွင်

လက်ရုံးထံသို့ ထူးခြားသောဖုန်း Call တစ်ခုဝင်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## VIII

လက်ရုံးကန်တင်းထဲသို့ ဝင်လာပါ၏။ အခုတလော ကျောင်းမှာ သူ့နာမည်ထွက်နေတာသိသည်။ ဒါပေမယ့် သူကတော့ အေးဆေးပင်။

ကန်တင်းအဝမှာရပ်ကာ အထဲသို့တစ်ချက်ရှိုးလိုက်သည်။ စားပွဲတစ်ဝိုင်းမှ လက်ထောင်ပြသည်ကို တွေ့ရသည်။ လက်ရုံးထိုဝိုင်းသို့ ဦးတည်လိုက်ပါ၏။ ထိုစားပွဲဆီရောက်တော့ . . .

"မင်းကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးဖို့စောင့်နေတာ။ ဒါ အခုမှငါနဲ့ခင်သွားတဲ့ သူငယ်ချင်း"

"ဟင်"



ဇော်ကို့စကားကြောင့် လက်ရုံးကြောင်သွားသည်။

"ခုနကွာ မိုးတွေရွာလာလို့ လူတွေတိုးဝင်လာတာ ကန်တင်းတစ်ခုလုံးပြည့်သွားတယ်။ ငါလည်း ထိုင်စရာနေရာမရှိတာနဲ့ ဒီကောင့်ဝိုင်းမှာဝင်ထိုင်ရင်း ခင်သွားတာ"

ဇော်ကိုက ဆားမှကျောင်းသားတစ်ယောက်ကို ပခုံးပုတ်ရင်း ပြောသည်။ ဇော်ကို့စကားကြောင့် လက်ရုံးထိုကျောင်းသားကို ကြည့်မိပါ၏။

ရုပ်ရည်သန့်သည်။ သူ့ထက်ငယ်မည်ထင်ရသည်။ နောက်ပြီး လက်ထဲတွင် ကဗျာစာအုပ်တစ်အုပ်ကို ကိုင်ထားပါ၏။

ထိုကျောင်းသားက သူ့ကိုပြုံးပြသည်။ လက်ရုံးလည်း လူမှုရေးအရ ခေါင်းညိတ်အသိအမှတ်ပြုလိုက်ရင်း . . .

"မင်းက ကဗျာဝါသနာပါတယ်နဲ့တူတယ် . . . ဟုတ်လား"

"ဟုတ်ကဲ့အစ်ကို။ ကျွန်တော် ကဗျာကို တော်တော်ဝါသနာပါတယ်"

"ငါတို့နဲ့တွဲလို့ရပါတယ်"

ဇော်ကိုက ထောက်ခံစကားဆိုသည်။ လက်ရုံးပြုံးကာ ခေါင်းညိတ်ပြလိုက်ပါ၏။ ပြီးဇော်ကိုကပင် . . .

"ဒီကောင်လေးနာမည်က ထူးစစ်တဲ့။ ဒီနှစ်မှ ငါတို့ကျောင်းကို ပြောင်းလာတာ"

"ဟင် . . . ထူးစစ်"

ထူးစစ်ဆိုသောနာမည်ကြောင့် လက်ရုံးမျက်လုံးပြူးသွားသည်။ အသံလည်းတော်တော်ကျယ်သွားရာ အခြားဝိုင်းမှလူတွေပင် သူ့ကိုဝိုင်းကြည့်ကြသည်။

"အေး . . . ဟုတ်တယ်ထူးစစ်။ ဘာလဲမင်းသိနေလို့လား"

ဇော်ကို၏သံယောင်လိုက်အမေးကြောင့် လက်ရုံးကိုယ့်ကိုကိုယ်ထိန်းလိုက်ရင်း . . .

"မဟုတ်ပါဘူး။ နာမည်က ရင်းနှီးနေလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

လက်ရုံးပြောသာပြောလိုက်ရသော်လည်း စိတ်က တစ်စုံတစ်ခု တွေ့သွားမှာကို စိုးရိမ်နေသည်။ အလန့်တကြားဖြစ်သွားသော သူ၏ပုံစံကြောင့် ထူးစစ်ဆိုသောကောင်လေးက သူ့ကိုမျက်လုံးအဝိုင်းသားနှင့် ငေးကာနေပါ၏။ ထိုအချိန်မှာပင် . . .

"လက်ရုံးဆိုတာ အစ်ကိုလား မသိဘူး"

စားပွဲထိုးကောင်လေးတစ်ယောက်က လာမေးသဖြင့် သူခေါင်းညိတ်အဖြေပေးလိုက်သည်။

"ဖုန်းလာနေတယ် အစ်ကို"

လက်ရုံးကြောင်သွားကာ ဘောင်းဘီအိတ်ထဲမှဖုန်းကို ထုတ်ကြည့်လိုက်သည်။ ပြီးကြောင်တောင်တောင်ဖြင့် ထိုကောင်လေးကို ပြန်ကြည့်ရင်း . . .

"မလာပါဘူးကွာ၊ ဘယ်မှာလာလို့လဲ။ ဒီမှာ calling မှ မဝင်တာ"

"အေးလေကွာ၊ ဖုန်းလာရင် အသံမြည်မှာပေါ့"

ဇော်ကိုကလည်း ဟုတ်မှန်ကြောင်း ဝင်ပြောသည်။

"မဟုတ်ဘူးအစ်ကို ကျွန်တော်တို့ဆိုင်ကဖုန်းမှာ အစ်ကို့နာမည်နဲ့လာနေတယ်လို့ပြောတာ။ စားပွဲနံပါတ် (27)ဂျာကင်အနက်နဲ့လူတဲ့။ နာမည်က လက်ရုံးဆိုလို့ ကျွန်တော်လာမေးကြည့်တာအစ်ကို။ ဟုတ်ရင် သွားလိုက်ပါလား။ တော်ကြာ ဖုန်း Bill တွေ တက်နေဦးမယ်"

လက်ရုံးငြင်းမနေတော့ဘဲ ကောင်တာမှဖုန်းကို သွားကိုင်လိုက်ရသည်။ ဇော်ကိုနှင့်ထူးစစ်လည်း နောက်မှပါလာပါ၏။

"ဟယ်လို"

တစ်ဖက်မှ ပြန်ထူးသံမလာ။

"ဟယ်လို"

နောက်တစ်ခါ ထပ်ခေါ်သည်။ တိတ်မြ၊ ဆိတ်မြ၊ တိတ်ဆိတ်မြ။



"ဟယ်လို"

ဒီတစ်ခါ တော်တော်ကျယ်သွားလေသည်။ ဒေါသလည်းထွက်သွားသည်။

"ဘယ်လိုဖြစ်လို့ စွတ်အော်နေတာလဲ။ ဒီမှာ နားမကန်းဘူး။ ဒေါသကလည်းကြီးလိုက်တာ။ ဒေါသရှေ့ထား၊ မှားတတ်တယ်ဆိုတဲ့ စကားမကြားဖူးဘူးလား"

"ဘာလဲဟ"လက်ရုံးစိတ်ထဲမှ ရေရွတ်လိုက်ခြင်းပါ။ ကက်ကက်လန်အောင်ရန်တွေ့လိုက်သောအသံက နားထဲတော်တော်ဆန်းသွားသည်။

"မင်းဘယ်သူလဲ"

သူ ဒေါသထွက်ထွက်ဖြင့် မေးမိသည်။

"အရင်တုန်းကတော့ နာမည်ပြောပြမလို့ပဲ။ အခု မပြောတော့ဘူး။ ဒါပေမယ့် ရှင်အရမ်းသိချင်နေတယ်ဆိုရင်တော့ နည်းနည်းပြောပြမယ်။ ကျွန်မနာမည်က အမည်မဖော်လိုသူတဲ့"

"ဘာ"

နားထဲ ကန့်လန့်တိုက်သွားသည်။ မသိရင် သူကပဲ ငန်းငန်းတက်နာမည်သိချင်နေတဲ့ပုံစံမျိုး။

"ဘာကိစ္စလဲ"

"ကိစ္စကလား . . . ဟဲ . . . ဟဲ . . . ရှင့်ရဲ့နောက်ဆုံးပေါ် ချစ်ရေးဆိုနည်းကို စိတ်ဝင်စားလို့ဆိုပါတော့။ နောက်ပြီး အကြံဉာဏ်လည်း နည်းနည်းပေးချင်လို့"

လက်ရုံးတော်တော်ချဉ်သွားသည်။ ထို့ကြောင့် . . .

"မင်းမှားနေပြီနဲ့တူတယ်ကွ။ ငါ့ရဲ့အချစ်မြားကို စိတ်ဝင်စားလို့တော့ရပါတယ်။ ဒါပေမယ့် အကူအညီတောင်းမယ်ဆိုရင်တော့ ကူညီပေးနိုင်မှာမဟုတ်ဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ရဲ့မြားက ယောကျ်ားလေးတွေအတွက် သီးသန့်ထုတ်ထားတာ။ မိန်းကလေးတွေကို ပေးလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့်စိတ်တော့မပျက်ပါနဲ့။ ငါ့ကိုရှာနိုင်တဲ့လူတွေထဲက တစ်ယောက်ယောက်ကများ ယောင်မှားပြီးမင်းကိုပေးမိရင်တော့ မင်းအချစ်မြားကို ရမှာပေါ့"

လက်ရုံးစိတ်ချဉ်ပေါက်ပေါက်ဖြင့် တောက်လျှောက်ပြောလိုက်သည်။ လက်ရုံးစကားကြောင့် တစ်ဖက်မှ ခပ်ဟာဟာရယ်သံတစ်ခုကို ကြားရသည်။ ပြီး . . .

"ကျွန်မဘယ်သူပေးတာမှ မလိုချင်ဘူး။ ကျွန်မလိုချင်တာက ရှင်ကိုယ်တိုင်ပေးတဲ့ ရှင့်ရဲ့အချစ်မြား"

"ဘာ . . . "

လက်ရုံးအသံဟိန်းထွက်သွားသည်။

အံ့သြမှု ဒီဂရီတွေ တရိပ်ရိပ်မြေးသွားသည်။ စကားတို့ပင် လည်ချောင်းဝတစ်သွားရပါ၏။ ထိုစကားရဲ့ဆိုလိုမှုအဓိပ္ပာယ်က ဘာလဲ။

ဒါပေမယ့် လက်ရုံး တည်ငြိမ်မှုကိုပြလိုက်သည်။

"အဟား . . . မင်းဟာက မဟုတ်သေးဘူးနဲ့တူတယ်။ ငါ့ရဲ့အချစ်မြားကိုသိချင်ရုံသက်သက်နဲ့ မင်းကိုငါက ချစ်ရေးဆိုရမယ်ဆိုတဲ့သဘောလား"

"ရှင်ထပ်မှားသွားပြန်ပြီ"

တစ်ဖက်မှစကားတို့ကလည်း ပြတ်သည်။

"မင်းစကားရဲ့ ဦးတည်ရာက ဒါပဲမဟုတ်ဘူးလား။ ဘာကို မှားတာလဲ"

"ကျွန်မ ရှင့်ရဲ့အချစ်မြားကို သိနေတယ်ဆိုရင် ရှင်မမှားဘူးလား"

"ဘယ်လို"

လက်ရုံးနားထဲ ဒိန်းခနဲပင်မြည်သွားသည်။ ဘယ်လိုမှ မဖြစ်နိုင်သောစကား။

လက်ရုံးအော်ရယ်လိုက်သည်။

"မင်း ပုံပြောလေ့ကျင့်ထားတယ်နဲ့တူတယ် . . . ဟုတ်လား။



ဒါပေမယ့် မင်းလေ့ကျင့်ထားတာ ယုံတမ်းပုံပြင်တွေဖြစ်နေတယ်"

တစ်ဖက်မှ စကားတို့ ခေတ္တတိတ်သွားသည်။ ဒါပေမယ့် မကြာလိုက်ပါ။

"ယုံတမ်းပုံပြင်တွေဟုတ်မဟုတ် ခဏလောက်နားထောင်ကြည့်ပါလား။ ကျွန်မရှင့်ကို ပုံပြင်တစ်ပုဒ်ပြောပြမယ်"

"လုပ်ပါဦး"

လက်ရုံးရိလိုက်သည်။ ဒါပေမယ့် တစ်ဖက်မိန်းကလေးကတော့ အေးဆေးစွာပင် . . .

"ရှင်ကိုယ်တိုင်ထွင်ထားတဲ့ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းဆိုတာကို အချစ်မြားလို့နာမည်တပ်ပြီး ရှင့်ကိုတွေ့အောင်ရှာနိုင်တဲ့လူတွေကို တစ်ယောက်တစ်စင်းစီပေးတယ်မလား။ အမှန်က တစ်စင်းတည်းပေးရမှာမဟုတ်ဘူးရှင့်။ တစ်ယောက်ကို မြားသုံးစင်းစီပေးရမှာ"

"ဘာလို . . . မြားသုံးစင်း . . . "

လက်ရုံးသံယောင်လိုက်မိသွားသည်။

"ဟုတ်တယ်၊ မြားသုံးစင်းပေးရမှာ တစ်စင်းတည်းဆို လေးနက်မှုသိပ်မရှိသလိုပဲ။ ကျွန်မတွေးထားတဲ့မြားနှစ်စင်းနဲ့ ပေါင်းလိုက်ရင် ရှင့်ရဲ့ချစ်ရေးဆိုနည်းက ပိုပြီးလေးနက်သွားမယ်။ တစ်ဖက်မိန်းကလေးရဲ့ အိန္ဒြေသိက္ခာအပေါ်မှာလည်း တန်ဖိုးထားလေးစားရာ ရောက်သွားမယ်။ ရှင်းရှင်းပြောရရင် မိန်းကလေးတိုင်းလက်ခံနိုင်လောက်တဲ့ အရည်အသွေးရှိသွားမယ် . . . ရှင်စိတ်ဝင်စားလား"

"မဖြစ်နိုင်ဘူး"

လက်ရုံးယတိပြတ် ပြောလိုက်သည်။

"ဘာကိုမဖြစ်နိုင်တာလဲ"

"မင်းငါ့ရဲ့ အချစ်မြားကိုသိနေတယ်ဆိုတာ . . . "

"အဟား . . . ဟုတ်ပြီ။ အဲဒါဆိုရင် ရှင်နဲ့ကျွန်မနဲ့ အလောင်းအစားတစ်ခုလောက် လုပ်ရအောင်"



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှ စိမ်ခေါ်လာပါ၏။

"စိတ်ဝင်စားတယ် . . . ပြောပါ"

"နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ရှင့်ကိုတွေ့အောင်ရှာနိုင်တဲ့သူတွေကလွဲပြီး ဘယ်သူမှမသိဘူးလို့ ရှင်အာမခံနိုင်လား"

"သိပ်ခံနိုင်တာပေါ့"

"ဟုတ်ပြီ ကျွန်မသိနေတယ်ဆိုတာကို ရှင်ယုံအောင် သက်သေပြမယ်"

လက်ရုံးစိတ်ဝင်စားသွားသည်။

"ဘယ်လိုပြမှာလဲ"

"ကျွန်မစိတ်ကူးထားတဲ့ မြားနှစ်စင်းပါပေါင်းပြီး မြားသုံးစင်းနဲ့ သက်သေပြမယ်"

လက်ရုံးရုပ်တည်သွားလေသည်။ ဒီကစားပွဲက ပုံပြောနေခြင်း မဖြစ်နိုင်တော့။

"အကယ်၍ ကျွန်မသိနေတယ်ဆိုတာကို သက်သေပြနိုင်ခဲ့ရင် ရှင်ထွင်ထားတဲ့အချစ်မြားနဲ့ပဲ ကျွန်မကိုချစ်ရေးဆိုရမယ်"

လက်ရုံး ရင်ခုန်သွားသည်လား၊ ရင်တုန်သွားသည်လား မသိ။ ဒါပေမယ့် သူ၏သွေးလွှတ်ကြောတွေအားလုံးတော့ ခါသွားသည်။

"ရှုံးသွားရင်တော့ ကျွန်မရဲ့မြားနှစ်စင်းက ရှင့်အတွက်လက်ဆောင်ပေါ့"

လက်ရုံးစကားတို့ စော့ပိတ်သွားလေသည်။ သူဘာလုပ်ရမည်နည်း။ ထိုအချိန်မှာပင် . . .

"ရှင့်ကိုစဉ်းစားချိန် သုံးမိနစ်ပေးမယ်။ ဖုန်းမြည်သံကို စောင့်နေပါ"

ထို့နောက် . . .

ဖုန်းမှာ ချသွားပါ၏။

လက်ရုံးဖုန်းကိုင်၍ ငိုင်သွားသည်။ လက်ရုံးပုံစံကိုကြည့်၍



[illegible] မေးသည့်ကြောင့် အကြောင်းအရာအားလုံးကို သူအတိုချုံး၍ ပြောပြလိုက်သည်။

သူတို့လည်း ဘာဆက်လုပ်ရမှန်းမသိ။ သုံးယောက်စလုံး ဖုန်းဘေးနားမှာ မတ်တတ်မေ့နေသည်။ ဒါပေမယ့် နာရီလက်တံတွေကတော့ . . .

သုံးမိနစ်ဆိုသောအချိန်သည် ဘယ်လောက်မှမကြာမှန်း မားမား ခေါက်ဆွဲစားဖူးသူတိုင်း သိသည်။

တိကျသောအဖြေ ခေါင်းထဲမရောက်သေးခင်မှာပင် . . .

"ကလင် . . . ကလင် . . . ကလင်"

လက်ရုံး ရင်ခုန်ခုန်ဖြင့် ဖုန်းကိုကောက်ကိုင်လိုက်သည်။

"ဘယ်လိုလဲ . . . စဉ်းစားပြီးသွားပြီလား"

ရိတိတိလေသံနှင့် သူမ။

လက်ရုံးအတွေးတစ်ချက် ခေါင်းထဲရောက်သွားသည်။ ပြီး ညစ်ကျယ်ကျယ်တစ်ချက်ပြုံးလိုက်ရင်း . . .

"အဟင်း . . . လွယ်လွယ်နဲ့တော့ လက်ခံလို့မဖြစ်ဘူးလေ"

"ဟုတ်ပါတယ်။ အဲဒါကြောင့်မို့လို့ ရှင့်ကိုစဉ်းစားချိန်ပေးတာပေါ့"

"အဲလောက်နဲ့မရဘူး။ မင်းငါလက်ခံနိုင်အောင် တစ်ခုခုလုပ်ပေးရမယ်"

"ဘာလုပ်ပေးရမှာလဲ"

လက်ရုံးစကားကို ခဏရပ်လိုက်သည်။ ပြီးနောက် . . .

"မင်းနဲ့ပတ်သက်ပြီး ငါသိချင်တဲ့အချက်တွေကို ငါစာရွက်တစ်ရွက်မှာရေးထားမယ်။ ပြီးရင် အဲဒီစာရွက်ထဲမှာပဲ အဖြေပြန်ရေးပေးပြီး စာရွက်ရဲ့ဘယ်ဘက်ထောင့်မှာ တံဆိပ်တုံးတစ်ခု ရိုက်ပေးရမယ်"

"ဘယ်လို တံဆိပ်တုံးလဲ"

"မင်းငါ့ရဲ့အချစ်မြားကိုတောင် သိနေတယ်ဆိုတော့ ငါ့



www.burmeseclassic.com

www.burmeseclassic.com

အကြောင်းကိုလည်း တော်တော်စုံစမ်းပြီးဖြစ်နေမှာပေါ့။ အဲဒီတော့ ငါ့ရဲ့ အလုပ်အကိုင်ကိုပြလို့ရတဲ့ တံဆိပ်တုံး။ ပြီးရင် စာရွက်ရဲ့အောက်ဆုံး ညာဘက်ထောင့်မှာ လက်မှတ်တစ်ခုထိုးပေးရမယ်"

"ကျွန်မရဲ့လက်မှတ်လား"

"မဟုတ်ဘူး . . . U.S.A သမ္မတကိုယ်တိုင်ထိုးထားတဲ့ လက်မှတ်စစ်စစ်"

"ဟင်"

ထူးစစ်ဆီမှ အာမေဋ္ဌိတ်သံထွက်သွားခြင်းပါ။ ဟိုဘက်မှာတော့ တိတ်ဆိတ်သွားပါ၏။ လက်ရုံးဇော်ကို ဆီကိုလှမ်းကြည့်ရင်း မချိုမချဉ် ပြုံးပြလိုက်သည်။ ပြီး မျက်စိတစ်ဖက်ပါမှိတ်ပြရင်းမှ ဆက်ပြောသည်။

"အခု ငါပြောတာတွေအကုန်လုံး လုပ်နိုင်မယ်ဆိုရင်တော့ မင်းရဲ့မြားတွေကို လက်ခံပါတယ်။ ကဲ . . . စိတ်ဝင်စားတယ်ဆိုရင် ငါ့ဆီက စာရွက်အခုလာယူလို့ရပါပြီ"

ပြောပြီး ဖုန်းချမည်ပြုစဉ်မှာပင် . . .

"ခဏနေပါဦး"

တစ်ဖက်မှတားမြစ်သံကြောင့် လက်ရုံးဖုန်းမချသေးဘဲ နားထောင်နေလိုက်သည်။

"ကျွန်မအတွက် အချိန်ဘယ်လောက်လဲ"

"ဩော် . . . အင်း . . . အရေးကြီးတာပြောဖို့ မေ့သွားတယ်"

မင်းအတွက်အချိန်က အင်း . . . အမေရိကားထိအောင် သွားရမှာဆိုတော့ အချိန်များများပေးမှရမယ်။ မနက်ဖြန်မနက် (၁၀)နာရီထိုး အထိလောက်ဆိုရင်တော့မီမှာပါ။ အင်း . . . မနက်ဖြန်မနက် (၁၀)နာရီ မထိုးခင်နဲ့ (၁၁)နာရီအထိဆိုပါတော့"

တစ်ဖက်မှ စကားသံမကြားပါ။

"မေးစရာ ကျန်သေးလား"

လက်ရုံးခနဲ့တဲ့တဲ့ မေးလိုက်သည်။



"မေးစရာတော့ မရှိတော့ပါဘူး။ ဒါပေမယ့် တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာလဲ"

"U.S.A သမ္မတမှာ သမ္မတကို ကွင်းစကွင်းပိတ်နဲ့ လုပ်ပေးလို့ရမလား"

တစ်ဖက်မှစကားတို့ကြောင့် လက်ရုံးရယ်ချင်သွားသည်။ ပြီး ရယ်သံတစ်ဝက်နှင့်တင် . . .

"ဘယ်လိုပဲဖြစ်ဖြစ် အတူတူပါပဲကွာ။ U.S.A သမ္မတရဲ့ လက်မှတ်စစ်စစ်လို့ ပြောထားပြီးသားပဲ။ ကွင်းစကွင်းပိတ်က အရေးမကြီးပါဘူး"

"ဘယ်လိုပဲဖြစ်ဖြစ်ပါ ကျွန်မရဲ့တောင်းဆိုမှုကို လက်ခံပေးနိုင်မလား"

လက်ရုံးမျက်နှာ အနည်းငယ်တည်သွားကာ မျက်မှောင်လည်း ကြုတ်သွားသည်။ ထို့နောက် . . .

"လက်ခံပါတယ်"

လက်ရုံး ဖုန်းချပစ်လိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# IX

“ဟေ့ကောင် . . . မင်းဘာတွေ လျှောက်ပြောလွှတ်လိုက်တာလဲ။ မင်းပြောလိုက်တာတွေက တစ်ခုမှ လုပ်လို့မရနိုင်တာတွေချည်းပဲ”

ဖော်ကို့စကားကြောင့် လက်ရုံးပြုံးလိုက်ပါသည်။

“လုပ်လို့ရတာ ရှိပါတယ်ကွ”

“ဘာလဲ”

“ငါ့ဆီကစာကိုလာယူဖို့”

သူ၏အဖြေကြောင့် ဖော်ကိုခေါင်းရမ်းပါသည်။

“အစ်ကိုတို့ပွဲကို ကျွန်တော် တော်တော်စိတ်ဝင်စားသွားပြီဗျာ”

ထူးစစ်ကပြောသည်။ လက်ရုံးပြုံးပြလိုက်ပါ၏။ ပြီး တစ်ဆက်တည်းပင် . . .

“ငါစာကို ဒီအတိုင်းစားပွဲပေါ်မှာတင်ထားမှာ။ ဘာဖြစ်လို့လဲဆိုတော့ သူဒီအနီးအနားတစ်ဝိုက်မှာရှိတယ်”

“ဟင် . . . ဘယ်မှာလဲ”



ထူးစစ်က ခေါင်းကို ဘယ်ညာရမ်းရင်းလိုက်ကြည့်သည်။

“အဲလို လိုက်ကြည့်ရုံနဲ့တော့ တွေ့မှာမဟုတ်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ စားပွဲထိုးကောင်လေးလာခေါ်တုံးက စားပွဲ (27)က ဂျာကင်အင်္ကျီအနက်ရောင်နဲ့လို့ပါတယ်။ ဒါကို စဉ်းစားကြည့်ရင် သူအဝေးကြီးက ရမ်းပြောလို့မရဘူး။ ဒီအနီးအနားတစ်ဝိုက်မှာ ရှိရင်ရှိ၊ မဟုတ်ရင် ဒီဆိုင်ထဲမှာကို ရှိရမယ်”

“အဲဒီတော့ . . . ”

“အဲဒီတော့ စာကိုစားပွဲပေါ်တင်ထားပြီး လာယူတာကိုစောင့်ဖမ်းရုံပဲ”

လက်ရုံးစကားကြောင့် ဖော်ကိုက လက်ဝါးနှစ်ဖက်ကို ပွတ်လိုက်ရင်း တစ်ဆိုင်လုံးအားဝေ့ကြည့်သည်။

“အေးကွာ . . . ငါတောင်စိတ်ဝင်စားလာပြီ”

သူတို့သုံးယောက်စလုံး ရင်ခုန်စပြုလာပြီဖြစ်သည်။ ထိုစဉ်မှာပင် ထူးစစ်က သူမရှင်းတာကိုမေးပါ၏။

“ဒါနဲ့နေပါဦး၊ ဟိုတံဆိပ်တုံးတွေ၊ လက်မှတ်တွေက သူတို့ဘယ်လိုမှလုပ်လို့မရအောင် တမင်ညစ်လိုက်တာမဟုတ်လား”

လက်ရုံးအပြုံးတစ်ခုကို ဝိုးတဝါးပြုံးလိုက်ရင်း . . .

“အေးလေ . . . အဲဒီတော့မှ သူဘယ်လောက်အစွမ်းအစရှိလဲ သိရမှာပေါ့။ ငါ့ရဲ့အချစ်မြားကိုလာပြီး လေးနက်မှုမရှိဘူးလေး၊ သူအကြံဉာဏ်ပေးချင်တယ်လေး လာလုပ်နေတာ။ သူ့အစွမ်းအစရှိမရှိ စမ်းလိုက်တာ။ ဒါပေမယ့် မလွယ်ပါဘူး။ ဒုတိယတစ်ခုကိုလုပ်နိုင်ရင်တောင် နောက်ဆုံးတစ်ခုကို ဘယ်လိုမှလုပ်လို့ရမှာ မဟုတ်ဘူး”

“ဒုတိယအချက်က အစ်ကိုဘာကိုရည်ရွယ်ပြီး လုပ်ခိုင်းလိုက်တာလဲ”

“ကျောင်းတံဆိပ်တုံးလေကွာ။ အခု လောလောဆယ်အလုပ်အကိုင်က ဘယ်လိုပဲဖြစ်ဖြစ် ကျောင်းသားလို့သူတွေးမှာပဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းတံဆိပ်တုံးက ကျောင်းအုပ်ကြီးရဲ့စားပွဲပေါ်မှာဆိုတော့ . . . အဟင်း . . . ဟင်း . . . ဟင်း"

"ဒုတိယတစ်ခုတောင်မရရင် တတိယတစ်ခုက ဝေးရောပဲ"

ပြောရင်း သူတို့နှစ်ယောက် ပြုံးမိကြသည်။

"ဒါနဲ့စာကရော . . . "

"စာက အခုရေးမယ်လေ"

ထိုစဉ်မှာပင် တစ်ချိန်လုံးငြိမ်နေသော ဇော်ကိုက စကားတစ်ခွန်း ဆိုလာပါ၏။

"တစ်ဖက်က မိန်းကလေးနော်"

သူ့ဘက်ကလည်း စကားတစ်ခွန်းပြန်ပြောမိသည်။

"အရည်အချင်းစစ်ရုံလောက်ပါကွာ"

❧ ❧ ❧



X

"စာက သူတို့စားပွဲပေါ်မှာတင်ထားတယ်။ ငါဘာဆက်လုပ်ရင် ကောင်းမလဲ"

"အခုလောလောဆယ်တော့ ပြန်သာလာခဲ့လိုက်ဟာ။ ငါတို့ ဒီမှာစောင့်နေတယ်။ ဒီရောက်မှ ဆက်စဉ်းစားကြတာပေါ့"

နောက် . . .

နှစ်ယောက်စလုံး ဖုန်းချသွားပါ၏။

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com

# XI

"အစ်ကိုတို့ဝိုင်းကို အစ်မကြီးတစ်ယောက်က စာပေးခိုင်းလိုက်လို့"

"ဟော . . . ဘာပြောတယ်"

ဇော်ကို တအံ့တသြအော်သံကြောင့် ပြောသည့်ကောင်လေး လန့်သွားသည်။ တခြားဝိုင်းတွေမှ အကြည့်အချို့ကိုလည်း ရလိုက်ရသည်။ ထိုအခါမှ ဇော်ကိုက သေားဘီကိုကြည့်ရင်း အသံကိုနှိမ့်လိုက်ကာ . . .

"ဘာဖြစ်တယ်"

"ဟို . . . အစ်ကိုတို့ဝိုင်းကို စာပေးပေးဖို့ အစ်မကြီးတစ်ယောက်က ကျွန်တော့်ကိုခိုင်းလိုက်လို့"



ထိုကောင်လေးကိုကြည့်၍ လက်ရုံးတို့သုံးယောက်စလုံး ကြောင်သွားသည်။ ထူးစစ်ကတော့ ယောင်နနဖြင့် ထိုကောင်လေးကိုရော၊ ထိုကောင်လေးလက်ထဲမှစာကိုရော ကြည့်နေပါ၏။

"မင်းကိုဘယ်သူပေးခိုင်းတာလဲ"

လက်ရုံးစကားပင်မဆုံးလိုက် ဇော်ကိုက ဖိုးဖိုးဇတ်ဇတ်ဖြင့် ထိုကောင်လေးလက်ထဲမှ စာကိုဆွဲယူလိုက်သည်။ ပြီး ဖြန့်ကြည့်လိုက်ရင်းမှ

"ဟော့ကောင် . . . ဘာတွေလဲမသိဘူး။ ဒီမှာကြည့်ဦး"

"ဟင် . . . ဘာတွေလဲ"

"ဘာတွေ ရေးထားလို့လဲ"

ပြောရင်းမှ လက်ရုံးနှင့်ထူးစစ်တို့၏ခေါင်းတွေ ဇော်ကို့ထံမှုးသွားကြပါ၏။ ဇော်ကို့လက်ထဲမှစာက အောက်ပါအတိုင်းဖြစ်သည်။

"ရောမခေတ်ရဲ့မြို့တစ်မြို့ဘေးမှာ R-ဇာနည်သီချင်းကြိုက်တဲ့ လူတစ်ယောက်ရှိတယ်၊ ဒါပေမယ့် သူက သီချင်းကိုတီးဝိုင်းနဲ့ဆိုတာ မကြိုက်ဘူး၊ ဆိုင်းဝိုင်းနဲ့ဆိုတာကို သဘောကျတယ်၊ နောက်ပြီး သူ့မှာ ဘုန်းတန်ခိုးကြီးတဲ့ သားတစ်ယောက်ရှိသေးတယ်တဲ့၊ သူက ယောကျ်ားလေးတွေကို ပါးစပ်ကသွေးထွက်စေပြီး နှုတ်ခမ်းကမီးခိုးထွက်စေတဲ့သူပေါ့"

သူ့နာမည်က "စာရွက်"တဲ့

စာရွက်ဖတ်ချင်ရင်တော့ ရောမခေတ်ကို အရင်သွားရမှာနော်၊

ရောမခေတ်ကိုသွားမယ့်ကားက ကျောင်းရှေ့မှာစောင့်နေတယ်၊

ပုံ

အမည်မဖော်လိုသူ



www.burmeseclassic.com

www.burmeseclassic.com

စာကိုဖတ်ပြီးနောက် လက်ရုံးစိတ်ထဲ ဖြစ်နိုင်ခြေပုံးတဝါးတွေ တသီကြီးပေါ်လာသည်။

"သူ ဘာပြောလိုက်သေးလဲ"

ထိုကောင်လေးက အလွတ်ကျက်ထားသည့်ထင်ရသော စကားလုံးအချို့ကို စာရွတ်သလို ရွတ်ပြသည်။

"ခြေထောက်ကျိုးနေတဲ့ ငှက်သေးသေးလေးတစ်ကောင်ဖြစ်ချင်တယ်တဲ့"

လက်ရုံးတို့သုံးယောက် တွေဝေသွားပါ၏။ ထိုကလေးပြောသည့်စကားက ကြားဖူးနေကျစကားမျိုးမဟုတ်သည့်အတွက် စဉ်းစားတာလည်းဖြစ်နိုင်သည်။ ကလေးလေးကတော့ယောင်နနဖြင့် သူတို့သုံးယောက်ကိုသာ ငေးကြည့်နေသည်။ မကြာပါ . . .

"ရော့ . . . ယူသွားတော့ . . . "

လက်ရုံးမကြာခင်ကမှ ရေးထားသည့်စာရွက်ကို စားပွဲပေါ်မှ ယူပေးလိုက်သည်။ လက်ရုံးလုပ်ပုံကြောင့် ဇော်ကိုနှင့်ထူးစစ်တို့နှစ်ယောက် မျက်လုံးပြူးသွားပါ၏။ သို့သော် သူတို့နှစ်ယောက်အံ့ဩမှု မပြီးခင်မှာပင် ကလေးလေးမှာ ဆိုင်ထဲမှထွက်သွားပါတော့သည်။

"ဟော့ကောင် . . . ဟိုကလေးလေးကို ဘာလို့စာရွက်ပေးလိုက်တာလဲ"

"အင်းလေ . . . အစ်ကိုပြောတော့ အမည်မဖော်လိုသူ လာယူမှာဆို"

"အခုလည်း အတူတူပဲလေ"

"ဟင်"

"ဘယ်လို . . . ဒီကလေးလေးက . . . "

"ဩော် . . . မဟုတ်ဘူးလေကွာ။ ငါပြောတာက အမည်မဖော်လိုသူ လာယူနိုင်းတာလို့ပြောတာ။ သူက ကလေးလေးကို ဒီစာပေးပြီး ငါတို့စာနဲ့လာလဲနိုင်းတာ"



လက်ရုံးစကားကြောင့် ထူးစစ်တို့နှစ်ယောက် ငြိမ်သွားသည်။

"စာလဲခိုင်းတာပါလို့ မင်းဘယ်လိုလုပ်သိလဲ"

လက်ရုံးစားပွဲပေါ်မှ ရေနွေးခွက်ကို ရေကျင်းလိုက်သည်။ နောက် ရေနွေးတစ်ခွက်ထည့်လိုက်ရင်း . . .

"ကလေးလေး ပြောသွားတဲ့စကားကို မင်းတို့မှတ်မိလား"

"ဘာလဲ . . . ခြေကျိုးနေတဲ့ ငှက်သေးသေးလေးတစ်ကောင်ဖြစ်ချင်တယ်ဆိုတာလား"

ဇော်ကို့ကို ခေါင်းညိတ်ပြရင်း ဆက်ပြောသည်။

"အေး . . . အဲဒီစကားနဲ့ စာလာပေးတာကို ဆက်စပ်ကြည့်ရင် အဖြေထွက်တယ်။ ငါစဉ်းစားတာကိုပြောပြမယ်။ ပထမ "ခြေကျိုးနေတဲ့ ငှက်သေးသေးလေး"မှာ ငှက်သေးသေးလေးကို ဘယ်ငှက်ဖြစ်မယ်ထင်လဲ"

လက်ရုံး၏အမေးကို ဇော်ကိုက . . .

"ငှက်သေးသေးလေးက အများကြီးဟ။ တရားသေဘယ်လိုပြောလို့ရမှာလဲ"

"မှန်တယ်။ ဒါပေမယ့် စာလာပေးတာနဲ့ ဆက်စပ်ကြည့်လိုက်၊ စာလာပေးတဲ့ထဲက 'စာ'ကိုယူလိုက်ရင် ငှက်သေးသေးလေးက တစ်မျိုးပဲရှိတယ်"

"ဘာလဲ စာကလေးငှက်လား"

"အေးပေါ့ . . . ဒါပေမယ့် စာကလေးက အကောင်းမဟုတ်ဘူးနော်။ ခြေကျိုးနေတာ အဲဒီတော့ ခြေကျိုးနေတဲ့စာကလေးက ဘယ်လိုပုံစံရှိမလဲ"

" . . . လဲနေမှာပေါ့"

လက်ရုံးပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

"အဲဒါအဖြေပဲလေ။ အမည်မဖော်လိုသူက ဒီကလေးလေးကို လွှတ်လိုက်တာ 'စာလဲ'ပါဆိုတဲ့ အဓိပ္ပာယ်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"သြော်"

ဖော်ကိုနှင့်ထူးစစ်နှစ်ယောက်စလုံး သဘောပေါက်သွားကာ -

'သြော်'လိုက်ကြပါသည်။

"ဒါဆို ဒီစာကရော . . . "

ထူးစစ်က စားပွဲပေါ်မှစာကိုကောက်ယူရင်း မေးသည်။

"ဒါလည်း တစ်ခုခု အသုံးဝင်မှာမို့လို့ လဲခိုင်းလိုက်တာနေမှာပေါ့။ ငါလည်း အခုလောလောဆယ် အဓိပ္ပာယ်မဖော်တတ်သေးဘူး"

ထို့နောက်တော့ သူတို့သုံးယောက် အတန်းတက်ရန် ဆိုင်ထဲမှ ထွက်သွားကြပါတော့သည်။



# XII

ဖယ်ရီကားအလွတ်တစ်စီးပေါ်တွင် မိန်းကလေးအချို့ထိုင်နေပါ၏။ ဒါ ဒီနေ့အတွက် ဒုတိယအကြိမ်မြောက် သူတို့ထပ်တွေ့ကြခြင်းဖြစ်သည်။ သူတို့အားလုံး၏အလယ်တွင် စာရွက်တစ်ရွက်ရှိသည်။ ထိုစာရွက်က အောက်ပါအတိုင်းသာ . . .

Who ...................................

What ...................................

How ...................................

When ...................................

ထိုသို့စာလေးကြောင်းသာရေးထားသည်။ မကြာပါ ကားထဲ၌ တီးတိုးတိုင်ပင်သံတွေကြားရပါ၏။ နာရီဝက်လောက်ကြာအပြီးတွင် ကားထဲမှ တစ်ယောက်ချင်းစီ ထွက်သွားကြပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

# XIII

'အသည်းကွဲကဖီး'သည် အရင်အတိုင်း လူစည်နေပါ၏။ ဒါပေမယ့် 'အသည်းကွဲကဖီး'တွင် ထူးခြားတာတစ်ခုဖြစ်နေသည်။ အဲဒါက 'အသည်း ကွဲကဖီး'သို့ လက်ရုံးလာထိုင်ခြင်း။

လက်ရုံးသည် တနင်္လာနေ့မနက်မှလွဲ၍ ကျန်သည့်အချိန်များတွင် သူလိုငါလို နေတတ်သော်လည်း 'အသည်းကွဲကဖီး'သို့မလာတတ်။ ဒါပေမယ့် သူအခုရောက်နေလေသည်။ နာမည်ကြီးမိန်းကလေးတို့၏ဝိုင်းတွင် ထိုင်ခြင်းမဟုတ်၊ သူ့ဝိုင်းနှင့်သူထိုင်နေခြင်း။

ဒါပေမယ့် လက်ရုံးဝိုင်းတွင် လူစည်သည်။ ထူးစစ်သည်လည်း ထုံးစံအတိုင်း လက်ရုံးသားမှာ။ ဒါပေမယ့် ဖော်ကိုကတော့ ဒီနေ့ကျောင်းမတက်။



လက်ရုံးတစ်ယောက် စကားဝိုင်းကို ဦးဆောင်နေပါ၏။

"ငါ့အထင်တော့ကွာ လူတွေက ကိုယ်အထူးပြုရွေးချယ်ထားတဲ့ လမ်းကြောင်းပေါ်လိုက်ပြီးတော့ အတွေးအခေါ်၊ အယူအဆတွေပါ ပြောင်းလဲသွားတယ်လို့ ငါထင်တယ်ကွ"

"ဆိုစမ်းပါဦး"

သူတို့ဝိုင်းထဲမှ တစ်ယောက်ကထောက်ပေးသည်။

"ဥပမာကွာ . . . သစ်ရွက်လေးတစ်ရွက်ကြွေကျတာကိုတောင် တစ်ယောက်နဲ့တစ်ယောက် အယူအဆချင်း၊ ခံစားချက်ချင်း မတူနိုင်ဘူး။ ဆိုလိုတာက သိပ္ပံသမားတွေလည်း သူ့အယူအဆနဲ့သူရှိမယ်။ သမိုင်းသမားတွေကလည်း သူ့အယူအဆနဲ့သူရှိမယ်။ မြန်မာစာသမားကလည်း သူ့အယူအဆနဲ့သူပေါ့ကွာ။ ငါပြောတာ သဘောပေါက်လား"

လက်ရုံးစကားကို တချို့တစ်ဝက်ကခေါင်းကုတ်ပြီး တချို့တစ်ဝက်ကခေါင်းရမ်းကာ ထောက်ခံကြသည်။ လက်ရုံးကတော့ အေးအေးဆေးဆေးပင် ဘယ်သူ့မှဂရုမစိုက်သောအထာဖြင့် ရေနွေးတစ်ခွက်ကောက်သောက်သည်။ ပြီးမှ ရေနွေးခွက်ကို ပြန်ချရင်း စကားဆိုပါ၏။

"ငါပြောချင်တာက ဒီလို။ အခုငါတို့ရှေ့မှာတင် သစ်ရွက်လေးတစ်ရွက် သစ်ပင်ပေါ်ကကြွေကျတယ် ဆိုပါစို့ကွာ။ အဲဒါကို သိပ္ပံဘာသာသမားတွေက ဘယ်လိုယူဆမယ်ထင်သလဲ"

"ဘယ်လိုယူဆမလဲ"

အမေးကို အမေးဖြင့်သာ တုံ့ပြန်သံကြားရသည်။ အဖြေထွက်မလာ။ ထို့ကြောင့် လက်ရုံးကပင် . . .

"ကမ္ဘာမြေကြီးရဲ့ဆွဲအားကြောင့် သစ်ရွက်ကြွေကျရတယ်လို့ ယူဆမှာပေါ့"

"ဟေ"

"ဟာ . . . ဟုတ်တယ် ဟေ့ကောင် . . . ကမ္ဘာမြေကြီးမှာ ဆွဲအားရှိကြောင်း ငါတို့သင်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

သိပ္ပံသမားတွေဆီမှ လက်ခံသံတွေပေါ်လာသည်။ လက်ရုံးက သမိုင်းမေဂျာသမားတွေဘက်ကို မျက်လုံးစွေကြည့်ရင်း စကားဆက်သည်။

"ကဲ . . . အဲဒါဆို မင်းတို့သမိုင်းသမားတွေကရော ဘယ်လိုတွေးမလဲ"

စကားသံတွေတိတ်သွားသည်။ စဉ်းစားသွားကြဟန်တူပါ၏။ သမိုင်းသမားတွေပင်မဟုတ်၊ အားလုံးသည်လည်း ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်ကုန်ကြသည်။ အတော်ကြီးကြာအောင် ခေါင်းချင်းရိုက်ပြီးမှ သမိုင်းသမားတစ်ယောက်က ထပြောသည်။

"သစ်ရွက်ကြွေဖူးတယ်ဆိုတဲ့ သမိုင်းအစဉ်အလာရှိလို့ ကြွေတယ်လို့ပဲပြောရမှာပေါ့။ ငါပြောတာဟုတ်လား"

အားလုံးက လက်ရုံး၏အဖြေကို နားစွင့်နေကြသည်။ သမိုင်းသမားတွေကတော့ သူတို့အဖြေမှန်၊ မမှန်ကို စိုးရွံ့နေဟန်မှာ အထင်းသားပေါ်လွင်နေပါ၏။

လက်ရုံးက သမိုင်းသမားတွေ၏အဖြေကို အနည်းငယ်စဉ်းစားလိုက်ဟန်ပြုပြီးမှ ခေါင်းညိတ်လိုက်သည်။ သို့သော် . . .

သမိုင်းမေဂျာသမားတွေမှာ လက်ရုံးခေါင်းညိတ်လိုက်သဖြင့် 'ဟေး' ခနဲဖြစ်သွားသော်လည်း လက်ရုံးဆက်ပြောလိုက်သောစကားတွေကြောင့် ပူတူတူ၊ နင်တင်တင်ကြီးဖြစ်သွားကုန်ကြသည်။

"အင်း . . . အဲလိုပြောမယ်ဆိုရင်လည်းရတယ်။ ဒါပေမယ့် အဲဒါအဖြေမဟုတ်ဘူး"

"တင်"

"ဘာကြီးလဲဟ"

သမိုင်းမေဂျာသမားတွေ ကြောင်ကုန်ကြသည်။ ပြီး လက်ရုံးကိုလည်း ဘာကြီးလဲဟူသောအကြည့်ဖြင့် ကြည့်ကုန်ကြပါ၏။ လက်ရုံးကတော့ တစ်ဝက်ကျိုးနေပြီဖြစ်သောဆေးလိပ်ကို နောက်တစ်ချက်ထပ်ဖွာ



လိုက်ရင်း . . .

"တကယ့်အဖြေမှန်က သစ်ပင်ပေါ်မှာရှိနေတဲ့ သစ်ရွက်တစ်ရွက် မြေပြင်ပေါ်ကြွေကျတာကို သစ်ရွက်ရဲ့ကိုယ်ပိုင်နယ်ချဲ့မှုတစ်ခုလို့ ပြောရမယ်ဆိုတာပဲ"

"ဘယ်လို"

"ဘာကြီးလဲဟ"

ဒုတိယအကြိမ် 'ဘာကြီးလဲဟ' အသံထွက်လာပြန်သည်။

လက်ရုံးက ဆက်ရှင်းပြသည်။

"ဟုတ်တယ်လေကွာ . . . မင်းတို့ သမိုင်းစာအုပ်တွေ လှန်ကြည့်လိုက်ရင် တစ်ယောက်နဲ့တစ်ယောက် တစ်နိုင်ငံနဲ့တစ်နိုင်ငံ အပြန်အဆိုင်နယ်ချဲ့နေကြတာပဲတွေ့တယ်။ အဲလိုအပြိုင်အဆိုင်နယ်ချဲ့ကြရင်းမှ စစ်ပွဲတွေပေါ်လာ၊ ရန်ငြိုးတွေပေါ်လာ၊ အဲဒီစစ်ပွဲတွေကမှတဆင့် သူ့ရဲကောင်းတွေပေါ်လာ အဲဒါတွေပဲမဟုတ်ဘူးလား"

"Right. . . အဲဒါဟုတ်တယ်။ ငါတို့ငယ်ငယ်တည်းက ဗာစကိုဒဂါးမားတို့၊ ကိုလံဘတ်တို့ အပြိုင်အဆိုင်နယ်ချဲ့ကြတာတွေ သင်ရတယ်မဟုတ်ဘူးလား"

သိပ္ပံသမားတစ်ယောက်က ဝင်ပြောခြင်းဖြစ်သည်။ သမိုင်းသမားတွေကတော့ မအီမလည်ဖြင့် သိပ္ပံသမားတွေဘက် မျက်စောင်းထိုးသည်။

"ဒါဆို မင်းတို့မြန်မာစာသမားတွေကရော သစ်ရွက်ကြွေတာကို ဘယ်လိုယူဆမလဲ"

သမိုင်းသမားတစ်ယောက်၏ မကျေမချမ်းအမေးကြောင့် ထူးစစ်အပါအဝင် ကျန်သော မြန်မာစာသမားတွေအကုန်လုံး လက်ရုံးကို အားကိုးတကြီး ငိုင်းကြည့်ကြပါ၏။ လက်ရုံးကတော့ ကုန်နေပြီဖြစ်သော ဆေးလိပ်ကို မီးသတ်လိုက်ရင်းမှ ငွေ့ငွေ့လေးပြုံးလိုက်သည်။ ပြီးနောက် . . .

"ချစ်သူမရှိတဲ့အရပ်မှာ သစ်ရွက်လေးတွေတောင် ဝမ်းနည်းပူဆွေးမှုဒဏ်ကိုမခံနိုင်လို့ မြေခကုန်ကြရတယ်လို့ဆိုမလားကွာ"



www.burmeseclassic.com

www.burmeseclassic.com

အကုန်လုံးစကားသံတွေ တိတ်သွားကြသည်။ အပြင်မှာ နေပူနေသည်။ ဆိုင်တွင်းမှာလည်း အပြင်မှအပူရှိန်ကြောင့် မထိတထိပူနေပါ၏။

သို့သော် . . .

လက်ရုံးနှင့်ထူးစစ်နှစ်ယောက်စလုံး ဆိုင်တွင်းမှာ ရှိမနေကြတော့ပါ။ သူတို့နှစ်ယောက် အကြောင်းတစ်စုံတစ်ရာကြောင့် 'အသည်းကွဲကဖီး' မှ ထွက်သွားခဲ့ကြလေပြီ။



# XIV

လက်ရုံးတို့သုံးယောက် ဒီနေ့ကျောင်းသို့ အစောကြီးရောက်နေပါ၏။ အမည်မဖော်လိုသူ၏စာကို (၁၀)နာရီမထိုးခင် လက်ခံရမှာဖြစ်သောကြောင့် ကြိုတင်စောင့်နေခြင်းလည်း ဖြစ်နိုင်သည်။ ဒါမှမဟုတ် ထိုစာအတွက် ဆန္ဒစောနေသဖြင့် အစောကြီးလာစောင့်နေခြင်းလည်း ဖြစ်နိုင်ပါသည်။

သုံးယောက်သား ကန်တင်း၌ထိုင်ကာ ဘာမျှမပြောဖြစ်ကြ။ အချိန်တွေက တဖြည်းဖြည်းရွေ့လျားလာကာ ကိုးနာရီမတ်တင်းအချိန်သို့ ရောက်လာပါသည်။ ကန်တင်းထဲ၌လည်း လူတွေကတဖြည်းဖြည်း ပြည့်လာပါပြီ။ ဒါပေမယ့် သူတို့ကိုစာလာပေးမည့် အမည်မဖော်လိုသူကို မတွေ့သေး။ ဒီဆိုင်တွင်ရှိနေလျှင်လည်း ရှိနိုင်ပါသည်။ ဒါပေမယ့် သူတို့ သိမည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

နာရီလက်တံတွေကလည်း ကိုးနာရီနားသို့ အတင်းအဓမ္မကို တိုးကပ်ချင်နေကြပြီဖြစ်သည်။ သူတို့ ရင်ခုန်စပြုလာပါပြီ။

"လက်ရုံး . . . အမည်မဖော်လိုသူကတော့ မင်းကိုအရှုံးပေးသွားပြီနဲ့တူတယ်။ အခုထိရောက်မလာသေးဘူး"

"အင်း . . . ဖြစ်နိုင်တယ်"

ဖော်ကို့စကားကို ထူးစစ်က ထောက်ခံသည်။ လက်ရုံးကတော့ စကားမဆိုမိ။ ဒါပေမယ့် သူတို့ပြောသလို မဖြစ်နိုင်ဘူးဆိုတာတော့ စိတ်ထဲက အလိုလိုသိနေသည်။ ကိုးနာရီအတိထိုးပြီဖြစ်သည်။ ထိုအချိန်မှာပင် လက်ရုံး၏ဖုန်းမှာ မြည်လာပါ၏။

လက်ရုံးခလုတ်ကို မနှိပ်သေးဘဲ ဖုန်းနံပါတ်ကိုကြည့်လိုက်သည်။ သူတစ်ခါမှ မရင်းနှီးဖူးသော ဖုန်းနံပါတ်။ ဒါပေမယ့် အမည်မဖော်လိုသူဖြစ်မည်ဆိုတာတော့ သိနေသည်။

"ဟယ်လို . . . ပြောပါ"

"ကျွန်မ လက်ရုံးရဲ့ အရည်အချင်းစစ်စာရွက်ကို ပို့လိုက်ပါပြီ။ ဒါပေမယ့် ရှင့်တို့ဆီကိုတော့ ရောက်လာမှာမဟုတ်ဘူး"

"ဟင် . . . မင်းဟာက ဘယ်လိုကြီးလဲ"

"ဟုတ်ပါတယ်။ ကျွန်မပို့လိုက်တဲ့စာရွက်က သူ့အလိုလိုတော့ ရောက်လာမှာ မဟုတ်ပါဘူး။ ရှင်တို့ကိုယ်တိုင် ဉာဏ်ကိုသုံးပြီး လိုက်ရှာရမှာပါ။ ဒါဟာလည်း အကြောင်းရှိလို့ပါ"

"ဘယ်လိုအကြောင်းလဲ"

"ကျွန်မလုပ်ရတဲ့အလုပ်တွေက ခက်ခဲတယ်လေ"

လက်ရုံး သူတို့သုံးယောက်လုံးကြားအောင် စပီကာဖွင့်လိုက်သည်။

"နေပါဦး . . . မင်းဟာက တကယ်ရောဟုတ်လို့လား။ ငါပြောလိုက်တဲ့အချက်တွေအကုန်လုံး ပြည့်စုံတယ်ပေါ့"

တစ်ဖက်မှ ခပ်ဟဟရယ်သံကိုကြားရသည်။ ပြီး . . .



"အကုန်လုံးနီးပါးပြည့်စုံပါတယ်"

တစ်ဖက်မှအသံကြောင့် လက်ရုံးမျက်လုံးပြူးသွားကာ သူတို့သိလိုသည့်အချက်ကို အလျင်စလိုမေးလိုက်သည်။

"ဒါဆို အမေရိကန်သမ္မတလက်မှတ်လည်းပါတယ်ပေါ့"

စပီကာမှ ပီသရှင်းလင်းသော စကားသံတစ်သံပျံ့လွင့်လာသည်။

"ပါ,ပါတယ်"

"ဟင်"

သူတော်တော် အံ့သြသွားသည်။ ထို့အတူ ဘယ်ပုံဘယ်နည်းနှင့် ထိုလက်မှတ်ရလာသည်ကိုလည်း သိချင်လွန်းသွားကာ . . .

"မင်း . . . အဲဒီလက်မှတ်ကို ဘယ်လိုရလဲ"

သူ၏အလျင်စလိုအမေးကို အမည်မဖော်လိုသူက အေးဆေးတည်ငြိမ်စွာပဲ အဖြေပေးပါ၏။

"အဲဒါကတော့ စာရွက်ကိုရှာတွေ့မှပဲ ကြည့်ပါတော့။ ဒါပေမယ့် ကျွန်မမျက်စိရှေ့မှာ ကိုယ်တိုင်ထိုးထားတဲ့ လက်မှတ်စစ်စစ်ဆိုတာတော့ သေချာပါတယ်"

လက်ရုံး ထပ်မံအံ့သြရပြန်ပါသည်။ တစ်ဆက်တည်း 'မဖြစ်နိုင်ဘူး'ဟုလည်း စိတ်ထဲမှာတွေးမိသည်။

"ကျွန်မစာရွက်ကို ရှာတွေ့ဖို့က ရှင်တို့ဆီမှာရှိတဲ့စာရွက်ကို အခြေခံပြီးရှာရမှာ ဖြစ်ပါတယ်။ ရှာရမယ့်အချိန်က (၉)နာရီကနေ (၁၀)နာရီအတွင်းပါ။ ကဲ . . . စလို့ရပါပြီ"

တစ်ဖက်မှ ဖုန်းချသွားပါ၏။ လက်ရုံးတို့သုံးယောက်စလုံးကတော့ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ကျန်ခဲ့သည်။ ထို့နောက် အလျင်စလို လက်ရုံးစာအုပ်ကြားထဲမှစာရွက်ကို ထုတ်ယူလိုက်သည်။ ပြီး တစ်ခေါက်ပြန်ဖတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ရောမခေတ်ရဲ့မြို့တစ်မြို့ဘေးမှာ R-ဇာနည်သီချင်းကြိုက်တဲ့ လူတစ်ယောက်ရှိတယ်၊ ဒါပေမယ့် သူက သီချင်းကိုတီးဝိုင်းနဲ့ဆိုတာ မကြိုက်ဘူး။ ဆိုင်းဝိုင်းနဲ့ဆိုတာကို သဘောကျတယ်၊ နောက်ပြီး သူ့မှာ ဘုန်းတန်ခိုးကြီးတဲ့ သားတစ်ယောက်ရှိသေးတယ်တဲ့၊ သူက ယောကျ်ားလေးတွေကို ပါးစပ်က သွေးထွက်စေပြီး နှုတ်ခမ်းကမီးခိုးထွက်စေတဲ့သူပေါ့"

သူ့နာမည်က "စာရှက်"တဲ့

စာရှက်ဖတ်ချင်ရင်တော့ ရောမခေတ်ကို အရင်သွားရမှာနော်၊

ရောမခေတ်ကိုသွားမယ့်ကားက ကျောင်းရှေ့မှာစောင့်နေတယ်၊

ပုံ

အမည်မဖော်လိုသူ



# XV

စာရှက်ကိုဖတ်၍ သုံးယောက်စလုံး အကြိတ်အနယ်စဉ်းစားကြသည်။ ထိုအချိန်တွင် နာရီလက်တံက (၉:၁၅)သို့ ညွှန်ပြနေပြီဖြစ်သည်။ ထို့နောက် တဖြည်းဖြည်း . . . တဖြည်းဖြည်း . . .

လက်ရုံးမတ်တတ်ထရပ်လိုက်သည်။ ပြီးနောက် . . .

"ကျောင်းရှေ့ကို သွားမယ်"

သူတို့ကျောင်းရှေ့ရောက်တော့ ပုံမှန်အတိုင်းပင် ကျောင်းရှေ့လမ်းမပေါ်၌ လူစည်နေပါ၏။ သူတို့သုံးယောက်လည်း တိုင်ပင်ထားသည့်အတိုင်း ကျောင်းရှေ့မှလိုင်းကားတွေ၏ ရှေ့မှန်တွေပေါ်တွင် အသည်းအသန်ပြူးပြဲကြည့်ကြသည်။ ဒါပေမယ့် သူတို့ရှာနေသည့် ရောမခေတ်နာမည်ရေးထားသောကားမျိုးမတွေ့။



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်ကြိုပို့ယာဉ်၊ ဒါမှမဟုတ် မ.ထ.သ၊ ပါရမီစသော ကားတွေသာ တွေ့ရသည်။ ခေါင်းတွေသာမူးနောက်လာသည်။ သူတို့ လိုချင်သောနာမည်ပါသည့်ကားကမတွေ့။ ထိုအချိန်မှာပင် . . .

"ပတ်ပေတို့ဂျီ . . . ပတ်ပေတို့ဂျီ . . . ပေဂျီ . . . ပေဂျီ . . ပေပေ . . . ပေဂျီ . . . ဗြောင်"

သူတို့နှင့်မလှမ်းမကမ်းမှ ပါးစပ်ဆိုင်းတီးသံတစ်သံကို ကြားရသည်။ ပထမတော့ လက်ရုံးအမှတ်တမဲ့။ ထိုပါးစပ်ဆိုင်းသံကို နောက်တစ်ခါထပ်ကြားပါမှ . . .

"ဟင်"

ရင်ထဲ ထိတ်ခနဲဖြစ်သွားမှုနှင့်အတူ စာထဲမှ 'ဆိုင်းဝိုင်း'ဆိုတာကို သူသွားသတိရသည်။ ထို့ကြောင့် ချက်ချင်းနောက်လှည့်ကြည့်လိုက်တော့ သူတို့နှင့်ခပ်လှမ်းလှမ်း သစ်ပင်အရိပ်အောက်မှ ကိုယ်တုံးလုံးချွတ်နှင့် ပါးစပ်ဆိုင်းတီးနေသော အသက်ခပ်ကြီးကြီးလူတစ်ယောက်။

သူ့ဘေးမှာက ကွမ်းယာဆိုင်တစ်ဆိုင်ရှိသည်။ အမှတ်မထင်ပင် ထိုကွမ်းယာဆိုင်၏ ရှေ့မျက်နှာစာကိုလှမ်းကြည့်မိတော့ လက်ရုံးရင်ထဲ ဒိတ်ခနဲနေအောင်ပင် ခုန်သွားသည်။ ထို့နောက် ဇော်ကိုတို့နှစ်ယောက်ကို လက်တို့၍ ထိုကွမ်းယာဆိုင်သို့သွားလိုက်ကာ . . .

"ဒီနားမှာ R-ဇာနည် သီချင်းကြိုက်တဲ့လူရှိလား မသိဘူး"

ကွမ်းယာသည်ဦးကြီးမှာ သဘောကောင်းပုံရပါ၏။ လက်ရုံး၏ အမေးကို စိတ်ပါလက်ပါပြန်ဖြေသည်။

"သူ အခုမရှိဘူးကွဲ့၊ ဈေးသွားရောင်းတယ်။ ဟိုဟာ သူ့အဖေလေ"

ဟုပြောရင်း ကိုယ်တုံးလုံးချွတ်ဖြင့် ပါးစပ်ဆိုင်းတီးနေသော လူကြီးကို ထိုးပြသည်။ ပြီးတော့ . . .

"သူက ယဉ်ယဉ်လေးရှူးနေတာ"ဟု ဆက်ပြောပါ၏။ ထိုအချိန်၌ပင် လက်ရုံးတစ်ခုခုကို သေချာသွားလေသည်။ ထို့နောက် . . .



"သူက ဘယ်ဘက်ကို သွားတတ်လဲမသိဘူး"

လက်ရုံး၏အမေးကြောင့် ကွမ်းယာသည်ဦးလေးကြီးက တွေးတွေးဆဆဖြင့် . . .

"ဦးကိုတော့ သိပ္ပံဆောင်တွေဘက်သွားမယ် ပြောသွားတာပဲ။ ငါ့တူတို့က ကိစ္စရှိလို့လား"

"မဟုတ်ပါဘူး။ ဘုန်းတန်ခိုးကြီးတယ်ဆိုလို့ပါ"

လက်ရုံးတို့သုံးယောက် ကျောင်းထဲပြန်ဝင်ရပါသည်။ ဇော်ကိုနှင့်ထူးစစ်တို့နှစ်ယောက်ကတော့ လက်ရုံးသွားသမျှသာလိုက်နေရသည်။ ဘာတွေမှန်းမသိ၊ မေးလျှင်လည်း စိတ်ကူးပျက်မည်စိုးသည့်အတွက် ငြိမ်နေရခြင်းဖြစ်ပါသည်။

၁၀ နာရီထိုးရန် ဆယ့်ငါးမိနစ်သာ လိုပါတော့သည်။

Chemistry ဆောင်ရှေ့ရောက်တော့ ဈေးရောင်းနေသော ကောင်မလေးတစ်ယောက်ကို မေးလိုက်သည်။

"ညီမလေး . . . ဒီနားမှာ ဆေးလိပ်တို့၊ ကွမ်းယာတို့ရောင်းတဲ့ စာရွက်ဆိုတဲ့ကောင်လေးရှိလား"

"မရှိဘူးအစ်ကို . . . ကိုစာရွက်က ဒီအဆောင်ရှေ့မှာရောင်းတာ မဟုတ်ဘူး။ ဟိုဘက်အဆောင်ရှေ့မှာ ရောင်းတာ"

ကောင်မလေးညွှန်ပြရာနေရာက Zoo ဆောင်။

"အေး . . . ညီမလေး ကျေးဇူးပဲ"

သူတို့ ဆက်လျှောက်ရပြန်ပါသည်။ လက်ရုံးလည်း လျှောက်နေရင်းမှ နာရီကိုပင့်ကြည့်လိုက်တော့ ကိုးနာရီထိုးရန် ငါးမိနစ်သာလိုတော့သည်။

Zoo-ဆောင်ရှေ့ရောက်တော့ ဈေးရောင်းသူသိပ်မရှိ။ သုံး–လေးဦးသာရှိသည်။ ခုနကောင်မလေးအရွယ် နှစ်ယောက်နှင့် ၁၄–၁၅အရွယ် ကောင်လေးနှစ်ယောက်၊ တစ်ဦးမှာ ဆံပင်ရှည်၍ ကျန်တစ်ဦးမှာ ခေါင်းတုံးနှင့်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုနှစ်ယောက်ထဲမှ ဆံပင်ရှည်နှင့်ကောင်လေးကို လက်ရုံးရွေး လိုက်သည်။

"စာရွက်ဆိုတာ မင်းလား"

သူ့အမေးကြောင့် ပထမတော့ ထိုကောင်လေးကြောင်သွားပါ၏။ ပြီးမှ . . .

"ဟုတ်ပါတယ် . . . အစ်ကိုတို့က . . ."

"အစ်ကိုတို့က စာရွက်လိုက်ရှာနေတာဆိုပါတော့"

ထိုအခါမှ စာရွက်ဆိုသည့်ကောင်လေး၏မျက်နှာ ပြုံးသွားသည်။

"ဩော် . . . ကျွန်တော့်ကိုလာရှာမယ်ဆိုတာ အစ်ကိုတို့ကိုး" ဟု ရေရွတ်ရင်း လွယ်အိတ်ထဲမှ စာအိတ်တစ်အိတ်ကို ထုတ်ပေးပါ၏။

"ကျွန်တော့်ကို တစ်ခုမှာသွားသေးတယ်။ ပထမမြားကိုမိချင်ရင် စောင့်ဖမ်းပါတဲ့"

ထိုသို့ပြောပြီးနောက် စာရွက်ဆိုသောကောင်လေးမှာ သူတို့ရှေ့မှ ထွက်သွားပါတော့သည်။



# XVI

"ဟေ့ကောင် . . . လက်ရုံး ဘာတွေလဲ . . . ငါတို့ကိုရှင်းပြဦး လေကွာ"

"အေးဗျာ . . . အစ်ကိုသွားတဲ့နောက်သာ လျှောက်လိုက်နေရ တယ်။ ဘာတွေမှန်းမသိဘူး"

ဖော်ကိုနှင့်ထူးစစ်တို့၏ စကားတွေကြောင့် လက်ရုံးပြုံးလိုက် သည်။

"ရှင်းရမယ်ဆိုရင်တော့ အစအဆုံးပြောမှဖြစ်မယ်နဲ့တူတယ်"

"အစအဆုံးသာပြောဗျာ။ ဒါမှ ကျွန်တော်တို့လည်း သိပ်ပတ် လည်မှာ"



www.burmeseclassic.com

www.burmeseclassic.com

လက်ရုံးခံတွင်းတစ်ချက် ရှင်းလိုက်သည်။ ပြီး . . .

"ဒီလိုကွ . . . စာရဲ့အပေါ်မှာ ဘာသဲလွန်စမှမရပေမယ့် စာအောက်ဆုံးအကြောင်းမှာ သဲလွန်စတစ်ခုပေးထားတယ်လေ"

"ဘာလဲ . . . ရောမခေတ်ကိုရောက်မယ့်ကားက ကျောင်းရှေ့မှာ စောင့်နေတယ်ဆိုတဲ့စာကြောင်းလား"

ဇော်ကို၏အမေးကို လက်ရုံးခေါင်းညိတ်ပြလိုက်ရင်း . . .

"အေး . . . အဲဒါကို ငါတို့က အဓိပ္ပာယ်ကောက်လွဲပြီး ရောမခေတ်နာမည်ပါတဲ့ကားကို ကျောင်းရှေ့မှာသွားရှာကြတယ်လေ။ အမှန်က အဲလိုမဟုတ်ဘူး"

"ဘယ်လိုလဲ"

"ငါတို့သုံးယောက်ကားရှာနေတုန်း ပါးစပ်ဆိုင်းတီးသံတစ်သံကို ငါကြားလိုက်တယ်။ ပထမတော့ ငါလည်း အမှတ်တမဲ့ပဲ။ နောက်မှ စာထဲကတစ်ခုကို ငါသွားသတိရတယ်"

"ဘာလဲ"

"ဆိုင်းဝိုင်းဆိုတဲ့စကားလေ။ နောက်ပြီး အဲဒီလူကြီးဆောင်းက ကွမ်းယာဆိုင်နာမည်ကိုရော မင်းတို့ဖတ်ကြည့်ခဲ့လား"

"ဟင့်အင်း . . . မဖတ်ကြည့်ခဲ့ဘူး။ ဆိုင်နာမည်က ဘာတဲ့လဲ"

"အီဂျစ်တဲ့"

"ဟာ . . . ဒါဆို ရောမခေတ်ကမြို့နာမည်ပေါ့"

"အေး"

သူ့စကားဆုံးတော့ ဇော်ကိုက မှတ်ချက်တစ်ခုပြုသည်။

"ဩော် . . . အဲဒါကြောင့်မို့လို့ မင်းကွမ်းယာရောင်းတဲ့ဦးကြီးကို R-ဓာနည်သီချင်းကြိုက်တဲ့လူရှိလားလို့ တန်းမေးတာကိုး"

"မဟုတ်ဘူး . . . အဲဒါက ငါကံစွပ်လိုက်တာ။ ဒါပေမယ့် အဲဒီဦးလေးကြီးပြောလိုက်တဲ့ စကားမှာတင် သေချာသွားတာ"

"ဘာစကားလဲ"

"ဟို . . . ပါးစပ်ဆိုင်းတီးတဲ့လူကြီးကို ပြောလိုက်တာလေကွာ"

"ဩော် . . . ဟို ယဉ်ယဉ်လေးရှူးနေတာဆိုတဲ့ စကားလား"

"အေး . . . အဲဒီစကားကြောင့် သေချာသွားတာ"

"ဟင် . . . R- ဓာနည်သီချင်းကြိုက်တာနဲ့ ယဉ်ယဉ်လေးရှူးနေတာနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ။ 'ယဉ်ယဉ်လေးရှူး'ဆိုတာ R-ဓာနည်သီချင်းလေ။ အဲဒါကြောင့်မို့လို့ ရောမခေတ်ရဲ့မြို့နာမည်အီဂျစ်မှာ သီချင်းကိုတီးဝိုင်းနဲ့မဟုတ်ဘဲ ဆိုင်းဝိုင်းနဲ့ဆိုတာသဘောကျတဲ့ ယဉ်ယဉ်လေးရှူးနေတဲ့ လူကြီးရဲ့သား R-ဓာနည်သီချင်းကြိုက်တဲ့လူလို့ မေးလိုက်တာ ရှင်းပြီလား"

လက်ရုံးစကားကြောင့် ထူးစစ်နှင့်ဇော်ကိုနှစ်ယောက်စလုံးမှာ တစ်ဦးကိုတစ်ဦး အပြန်အလှန်ကြည့်၍ . . .

"ဩော် . . . ဒီလိုကိုး"

ဟု မှတ်ချက်ပြုသည်။ တအောင့်ကြာမှ . . .

"ဒါနဲ့နေပါဦး . . . စာရွက်ဆိုတဲ့ကောင်လေးကို ကွမ်းယာဆေးလိပ်ရောင်းတဲ့သူမှန်း မင်းဘယ်လိုလုပ်သိလဲ"

"စာရွက်ထဲမှာပါတယ်လေကွာ။ ပါးစပ်ကသွေးထွက်ပြီး နှုတ်ခမ်းကမီးခိုးထွက်စေတဲ့သူဆိုတာ ကွမ်းယာဆေးလိပ်ရောင်းတဲ့သူပဲ ဖြစ်မှာပေါ့"

"သူမှန်းရော မင်းဘယ်လိုလုပ်သိလဲ"

"ဩော် . . . Chemistry ဆောင်ရှေ့မှာဈေးရောင်းတဲ့ ကောင်မလေးခေါ်တဲ့ 'ကိုစာရွက်'ဆိုတာရယ်၊ သူ့ရဲ့ပုံသဏ္ဌာန်ရယ်ကိုမှန်းပြီး သိတာ"

"ရှင်းပါဦး"

"ကောင်မလေးက ကိုစာရွက်ကိုခေါ်ခြင်းအားဖြင့် သူ့ထက်အသက်ကြီးရမယ်။ ဒီလိုဆိုတော့ Zoo ဆောင်ရှေ့မှာ ကောင်မလေးထက်



www.burmeseclassic.com

www.burmeseclassic.com

အသက်ကြီးမယ်ထင်ရတဲ့လူဆိုလို့ နှစ်ယောက်ပဲရှိတယ်ကွာ။ အဲဒီထဲကမှ သူက ဆံပင်ရှည်လို့ ရွေးလိုက်တာ"

"ဘာဖြစ်လို့လဲ"

"R-စာနည်းက ဆံပင်ရှည်တယ်လေ"

"ဩော်" ဟုပင် အသံမထွက်တော့ ထူးစစ်နှင့်ဇော်ကို နှစ်ယောက်စလုံး လက်ရုံးကိုသာ ငေးကြည့်နေပါတော့သည်။

"မင်းနဲ့တော့ တကယ်ညီတာပဲ"

"အေးဗျာ . . . ကျွန်တော်တို့သာဆို ဘာမှန်းသိမှာမဟုတ်ဘူး။ ဒါပေမယ့် အမည်မဖော်လိုသူကိုလည်း လျှော့တွက်လို့မရဘူးနော်"

ပြီး သူတို့သုံးယောက်စလုံး ခေါင်းညိတ်ထောက်ခံဖြစ်ကြသည်။ ထိုအချိန်မှာပင် ဇော်ကိုက တစ်ခုခုကို သတိရသွားကာ . . .

"ဟာ . . . စာ . . . စာအိတ် . . . ဟိုစာအိတ်ရော"

"ဘာစာ . . . ဟင်"

အခုမှပင် သူ့လက်ထဲကိုင်ထားဆဲဖြစ်သော စာအိတ်ကို သတိရသည်။ ပြီး ဘာတွေပါသလဲဟုလည်း ချက်ချင်းသိချင်သွားသည်။ ထိုစာထဲတွင် သူအသိချင်ဆုံးနှင့် မယုံကြည်နိုင်ဆုံး USA သမ္မတလက်မှတ် ပါသည် မဟုတ်ပါလား။

ထို့ကြောင့် ချက်ချင်းပင် စာအိတ်ကိုဖောက်လိုက်ပြီး အထဲမှ စာကို ဖွင့်ဖတ်ကြည့်လိုက်တော့ . . .

စာရွက်ပေါ်မှ ထူးခြားမှုတွေသည် တစ်ဖက်ပါအတိုင်းသာ . .



## ဟံသာဝတီ
## စာပေဆက်ဆံရေး

WHO ............... လူပါ

WHAT ............... ကျောင်းသား

HOW ............... မင်းကို အရမ်းချစ်မှာပါ

WHEN ............... တစ်သက်လုံးပေါ့

U San Aung

(သမ္မတ)

www.burmeseclassic.com

www.burmeseclassic.com

စာရွက်ကိုကြည့်၍ လက်ရုံးကြောင်သွားသည်။ ထို့ကြောင့် အလျင်စလိုပင် တစ်ဖက်ကို လှန်ကြည့်လိုက်တော့ . . .

စာကြောင်းအနည်းငယ်နှင့် စာလုံးရေခပ်စိပ်စိပ်။

ထိုခပ်စိပ်စိပ်စာလုံးတွေ ရေးထွင်းထားသော စာကြောင်းအနည်းငယ်က အောက်ပါအတိုင်းသာ . . .

အမေရိကားသွားဖို့ အချိန်မမီလို့
သမ္မတရာဇ်ရှင်ရုံက ဦးစန်းအောင်
လက်မှတ်ကိုပဲ ထိုးပေးလိုက်တယ်
သူလည်း . . .
U.S.A (သမ္မတ)ပါပဲ

အမည်မဖော်လိုသူ



www.burmeseclassic.com

www.burmeseclassic.com

စာဆုံးသွားတော့ လက်ရုံးစိတ်တိုင်းမကျသည်ဆိုတာထက် ရယ်ချင်သွားရပါသည်။ ဇော်ကိုနှင့်ထူးစစ်ကတော့ စာကိုဖတ်၍ အားရပါးရ အော်ရယ်ကြသည်။ ထို့ကြောင့် သူလည်း မရယ်ချင်ရယ်ချင်ဖြင့် လိုက်ရယ်ဖြစ်ပါသည်။

ထိုသို့ရယ်နေရင်းမှ ရယ်သံတစ်ဝက်နှင့်ပင် ဇော်ကိုက သူ့ကို နှိပ်ကွပ်သည်။

"ဟင် . . . မှတ်ထား။ အဲဒါသူများကို ကတ်သီးကတ်သပ်တွေ လုပ်ခိုင်းချင်ဦး။ အခုတော့ မင်းပဲခံရပြီမလား"



ဇော်ကို့စကားကြောင့် သူယဲ့ယဲ့ပြုံးဖြစ်သည်။ သူ့အပြုံး၌ မာန တစ်ခုပျော်ဝင်နေသည်။ မခံချင်တာလား၊ တုန်လှုပ်သွားတာလား၊ မကျေ နပ်တာလားမသိ။

"အခုမှ အရည်အချင်းစစ်ရုံရှိသေးတာပဲကွာ။ နောက်ပွဲတွေ ကျန် ပါသေးတယ်"

ထိုသို့ပြောလိုက်ရသော်လည်း လက်ရုံးစိတ်ထဲမှာ တစ်ခုခုကို ထင့်သွားသည်။ အဲဒါက တံဆိပ်တုံး။

စာပေဆက်ဆံရေး

ဆိုသော တံဆိပ်တုံးကား . . .

စာပေနှင့်ပတ်သက်သော သူ၏ဘဝတစ်ခုကို သူမမည်သို့သိ နေသနည်း။ ဒီကိစ္စကို သူ့သူငယ်ချင်းတွေပင်မသိ။ ဒါကို သူမကမည် သို့ . . .

လက်ရုံးဆက်စပ်ကြည့်၍မရ။

အမည်မဖော်လိုသူသည် သူ့အကြောင်းကို မည်မျှထိများ စုံစမ်း ထားသနည်း။ သူ၏ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို သိနေသည်ဆို တာရော ဟုတ်နိုင်ပါ့မလား။

ဒါမှမဟုတ် အမည်မဖော်လိုသူသည် လက်ရုံးအကူအညီပေး ခဲ့သော လူတွေထဲက တစ်ယောက်ယောက်လား (သို့) မြားပစ်ခံရသည့် မိန်းကလေးတွေထဲက တစ်ယောက်ယောက်လား။

ထိုသို့တော့ ဟုတ်မည်မထင်။ မဟုတ်ဘူးဟူ၍လည်း သူ့စိတ် က အလိုလိုသိနေပါ၏။

ဘယ်လိုပဲဖြစ်ဖြစ် အမည်မဖော်လိုသူကိုတော့ လက်ရုံးအနည်း ငယ်ရှိန်သွားရသည်။

ပြီးတစ်ဆက်တည်းပင် လက်ရုံးနားထဲ၌ စာရွက်ဆိုသည့် ကောင် လေးပြောသွားသည့်စကားကို ကြားယောင်မိသည်။

"ပထမမြားကိုမိချင်ရင် စောင့်ဖမ်းပါတဲ့"



www.burmeseclassic.com

www.burmeseclassic.com

နောက်ပွဲကတော့ လုပ်ပါပြီ။

ထိုအခိုက် ထူးစစ်ဆီမှ စကားသံကြားရပါ၏။

"ရင်ခုန်ဖို့ တော်တော်ကောင်းတာပဲနော်။ ပျော်စရာကြီး"

"ဒါဆို အမည်မဖော်လိုသူ ဘာဆက်လုပ်ဦးမလဲ မသိဘူးနော်"

နှစ်ယောက်လုံး၏စကားတွေကို လက်ရုံးတည်တည်ငြိမ်ငြိမ်နှင့် တုံ့ပြန်မိသည်။

"သူ့အလုပ်သူဆက်လုပ်မှာပါ . . . မြားသုံးစင်းမပြည့်မချင်းပေါ့"



# XVII

"သား . . . ခုနက မင်းဖုန်းလာတယ်"

အိမ်ထဲဝင်ဝင်ချင်းပြောလိုက်သော မေမေ့စကားကြောင့် ထူးစစ် ဖိနပ်ချွတ်နေရာမှ လှမ်းမေးလိုက်သည်။

"ဘယ်သူတဲ့လဲ မေမေ"

"လက်ရုံးတဲ့"

ထူးစစ်အံ့ဩသွားသည်။ လက်ရုံးသည် အကြောင်းမရှိဘဲ ဖုန်းဆက်တတ်သူမဟုတ်။ သူ့ဆီသို့လည်း မှတ်မှတ်ရရတစ်ခါသာ ဆက်ဖူးလေသည်။ နောက်ပြီး မနက်ကလည်း သူနှင့်တွေ့ထားသေးသည်ကို ဘယ်လိုအကြောင်းများပေါ်သနည်း။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ညနေပိုင်းမှာတော့ သူတို့နှစ်ယောက်ကိုယ့်အကြောင်းနှင့်ကိုယ် မတွေ့ဖြစ်ကြ။ ထိုအချိန်အတောအတွင်း ဘာအကြောင်းကိစ္စများ အရေးကြီးသနည်း။ ထိုသို့ သို့လောသို့လော အတွေးတို့ဖြင့် ခြေဆန့်ရင်း မေမေ့ကို ထပ်မေးကြည့်မိတော့ . . .

"သူဘာပြောသွားသေးလဲ မေမေ"

"သားရောက်ပြီးလားတဲ့။ မေမေကမရောက်သေးဘူးဆိုတော့ သားပြန်ရောက်ရင် သူ့ကိုဖုန်းပြန်ဆက်ခိုင်းပါလို့ပြောပြီး ဖုန်းချသွားတာပဲ။ မေမေလည်း ဘာမှမေးချိန်မရလိုက်ဘူး"

မေမေ့စကားဆုံးတော့ ထူးစစ်ဖုန်းခွက်ရှိရာသို့ အလျင်စလို သွားလိုက်ပြီး ဂဏန်းတချို့ကောက်နှိပ်လိုက်သည်။

ဖုန်းက ချက်ချင်းပင် ဝင်သွားပါသည်။

"ဟယ်လို"

"ကိုလက်ရုံးလား . . . ကျွန်တော်ပါ . . . ထူးစစ်"

"သြော် . . . အေး . . . ထူးစစ်ပြော"

"အစ်ကို ကျွန်တော့်ဆီဖုန်းဆက်တယ်ဆိုလို့"

"အေးကွ . . . အခုလေးတင်ခေါ်ထားတာ။ မင်းပြန်မရောက်သေးဘူးတဲ့"

"ဟုတ်တယ်အစ်ကို။ ကျွန်တော်ကားစောင့်ရင်း နည်းနည်းကြာသွားတာ။ သြော် . . . ဒါနဲ့ အစ်ကိုကျွန်တော့်ဆီကို ဖုန်းဆက်တာ အကြောင်းရှိလို့လား"

"အေး . . . ဆိုပါတော့ကွာ။ ဟို . . . စာအုပ်ကိစ္စလေကွာ"

စာအုပ်ကိစ္စဆို၍ ထူးစစ်အနည်းငယ် တွေဝေသွားသည်။ ပြီးမှ . . .

"သြော် . . . ကဗျာစာအုပ်လား"

"အေး . . . အဲဒါ ငါ့ဆီက ကဗျာတွေစုံနေပြီ။ မင်းယူထားရင် ယူထားလို့ရပြီလို့ပြောမလို့"



"ဟင် . . . မနက်ကပြောတော့ပဲ ကဗျာတစ်ပုဒ်လိုသေးတယ်ဆို"

"အခုစုံပြီ။ ခုနတင် ရေးလို့ပြီးသွားတာ"

"သြော်"

လက်ရုံးစကားကို ထူးစစ်က 'သြော်'ဟု မှတ်ချက်ပြုသည်။

"ဒါနဲ့အစ်ကို့ကို ကျွန်တော်တစ်ခုပြောရဦးမယ်။ ကျွန်တော့်ဆော်ဒါတစ်ဖွဲ့ဗျာ။ သူလည်း စိတ်ဝင်စားလို့ဆိုပြီး ကျွန်တော့်ကို ကဗျာသုံးပုဒ်လာပေးထားတယ်။ ဒါပေမယ့် သူက အဲဒီကဗျာရဲ့ရေးသူနာမည်ကို သူ့နာမည်မတပ်ဘဲ ကျွန်တော့်နာမည်တပ်လို့ပြောနေတယ်"

ထူးစစ်စကားကြောင့် လက်ရုံးအနည်းငယ် တွေဝေသွားသည်။ ဒါပေမယ့် . . .

"မင်းသဘောပဲလေ။ မင်းစိတ်တိုင်းကျရင်ထည့်လိုက်ပေါ့။ မင်းနာမည်တပ်မယ့်ဥစ္စာ။ မင်းစိတ်တိုင်းကျဖို့ပဲ အရေးကြီးတယ်"

"ကဗျာကတော့ မဆိုးပါဘူး။ ဒါပေမယ့် ကျွန်တော်တို့လိုင်းနဲ့နည်းနည်းကွဲနေလို့ စဉ်းစားနေတာ"

"ဘယ်လို လိုင်းမျိုးမို့လဲ"

ထူးစစ် အနည်းငယ်စဉ်းစားလိုက်ရင်း . . .

"အင်း . . . ပြောဖို့တော့ခက်တယ်ဗျ"

"ဒါဆိုလည်း မနက်ဖြန်ကျရင် ယူလာခဲ့လိုက်လေ။ ကျောင်းရောက်မှ ငါတို့ထည့်သင့်၊ မထည့်သင့် စဉ်းစားကြတာပေါ့"

"အင်းဗျာ . . . အဲဒါပဲ ကောင်းပါတယ်"

"ဒါဆို ငါဖုန်းချလိုက်တော့မယ်နော်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

www.burmeseclassic.com

www.burmeseclassic.com

# XVIII

လက်ရုံးကားပေါ်၌ လူစုံတက်စုံပါလာပါ၏။ ဒီနေ့သည် အမည်မဖော်လိုသူဆီမှ စာရပြီးလို့ နှစ်ရက်မြောက်သောနေ့ဖြစ်လေသည်။ ထိုနေ့မှစ၍ ယခုအချိန်အထိ အမည်မဖော်လိုသူဆီမှ ဘာမှထူးခြားမလာသေး။ ဒါပေမယ့် ကျောင်းမှာတော့ သူ့သတင်းက ကြီးသထက်ကြီးနေသည်။ သူ၏အချစ်မြားကလည်း ထိုနည်းလည်းကောင်း . . .

လက်ရုံးကျောင်းထဲဝင်၍ ကားထိုးမည့်နေရာအရောက်မှာပင် –


'မြားအတွင်း ယာဉ်မရပ်ရ' ဟူသောဆိုင်းဘုတ်ကို ထူးထူးခြားခြားတွေ့ရသည်။ ဒါပေမယ့် တခြားကားတွေလည်း မြားပြထားသည့်စည်းအပြင်မှာ ရပ်ထားကြသည်မို့ လက်ရုံးလည်းအများနည်းတူ စည်းအပြင်မှာပဲ Parking ထိုး၍ ရပ်လိုက်သည်။



ဒါပေမယ့် ကားပေါ်မှအဆင်းမှာပင် ထူးခြားမှုတစ်ခုတစ်ရာကို သူစတွေ့ရပါ၏။ အဲဒါက မြားအတွင်း ယာဉ်မရပ်ရဟူသော ဆိုင်းဘုတ်ဘေးတွင်ကပ်၍ ကားရပ်ရန်နေရာကို ပြထားသောစည်း။

ထိုစည်းသည် သာမန်တားထားသော စည်းမျိုးမဟုတ်ဘဲ အင်္ဂလိပ်စကားလုံးတစ်လုံးကိုကိုယ်စားပြု၍ တားထားခြင်းဖြစ်သည်ဟု ထင်မိသည်။ ထို့ကြောင့် လက်ရုံးကားတံခါးပိတ်နေရာမှ ထူးစစ်နှင့် ဇော်ကိုနှစ်ယောက်ကို ခေါ်ပြလိုက်ပါ၏။

ထိုစည်းမှာ အောက်ပါအတိုင်းဖြစ်သည်။




လက်ရုံးပြသောစည်းကိုကြည့်၍ ဇော်ကိုက . . .

"အေးကွ . . . တစ်မျိုးပဲ။ ဘာလဲတော့ မသိဘူး"

"မင်းရောသိလား . . . လက်ရုံး"

ဇော်ကိုမေးသောအမေးကို မဖြေနိုင်သေးဘဲ လက်ရုံးထိုစည်းကိုသာ အသေအချာလိုက်ကြည့်နေသည်။ စည်းမှာနောက်ပိုင်းတွင် ဘာမှထူးခြားမှုမရှိဘဲ ရှေ့ပိုင်းနေရာလောက်မှသာ အနည်းငယ်ထူးခြားနေခြင်းဖြစ်သည်။

"စည်းတားတဲ့လူများ လက်တွန့်သွားတာမဖြစ်နိုင်ဘူးလား"

ထူးစစ်၏ထင်မြင်ချက်ကို လက်ရုံးခေါင်းရမ်းလိုက်သည်။ ပြီး ကြည့်နေရာမှ လက်ရုံးတစ်ခုခုကို သဘောပေါက်စပြုလာကာ . . .

စည်းကိုကျော်၍ ဟိုဘက်ခြမ်းကကြည့်သည်။ နောက်ဒီဘက်တစ်ခါကူးလာပြီး ဒီဘက်ကထပ်ကြည့်သည်။ နောက် စည်းအတိုင်းလမ်းလျှောက်သွား၍ ဟိုဘက်တစ်ခါကျော်ကြည့်အပြီးမှာပင် လက်ရုံးပီပီပြင်ပြင် တစ်ချက်ပြုံးလိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ငါတို့ ကန်တင်းဘက်သွားရအောင်"

"ဟင်"

"ဘာ"

သူ့စကားကြောင့် ဇော်ကိုနှင့်ထူးစစ်နှစ်ယောက်လုံး မျက်လုံးပြူးသွားသည်။ ထူးစစ်က . . .

"ကျွန်တော်တို့ အခုပဲပြန်လာတာလေ"

"အေးလေ . . . ဘာသွားလုပ်ဦးမလို့လဲ"

နှစ်ယောက်စလုံး၏စကားကို သူချက်ချင်းအဖြေမပေးသေး။ စည်းကိုသေချာအောင် နောက်တစ်ခေါက်ပြန်ကြည့်အပြီးမှာပင် သူဖြည်းအေးစွာ တစ်လုံးချင်းပြောလိုက်သည်။

"ဒီနေ့ အမည်မဖော်လိုသူရဲ့ ပထမမြားရောက်လာလိမ့်မယ်"



ကန်တင်းထဲသို့ နောက်တစ်ခေါက်ပြန်ဝင်လာသော သူတို့သုံးယောက်ကို ဆိုင်တွင်းရှိလူများပါမက စားပွဲထိုးကောင်လေးကပါ အံ့သြနေသည်။ ဒါပေမယ့် လက်ရုံးတို့အားလုံး စူးစမ်းအကြည့်များကို ဥပက္ခာပြု၍ သူတို့အမြဲထိုင်ရာ ထောင့်ဆုံးစားပွဲသို့ သွားလိုက်သည်။ ပြီး ခုံကိုယ်စီဆွဲ၍ ဝင်ထိုင်ကာ . . .

"ခုနစာကို မင်းတို့အဓိပ္ပာယ်ဖော်တတ်လား။ (မြားအတွင်း ယာဉ်မရပ်ရစည်းကို ဆိုလိုခြင်းဖြစ်သည်။)

"ဟင့်အင်း . . . အဲဒါ ဘာကိုပြောတာလဲ"

"Love ကို စာလုံးချဲပြီး ပြောင်းပြန်ရေးထားတာ။ နောက်ပြီး စည်းရဲ့အဆုံးမှာလည်း မြားပုံစံအကောက်လေးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဒီတော့ . . . "

"ငါ့ရဲ့ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ကျောင်းမှာအချစ်မြား လို့နာမည်ကြီးတယ်လေ။ အဲဒါကို သရုပ်ဖော်ပြီး ငါ့ကိုသတိပေးထား တာ။ Love ဆိုတဲ့စကားလုံးရယ်၊ စည်းရဲ့နောက်မှာ မြားခေါင်းရယ်က အချစ်မြားဆိုတဲ့ အဓိပ္ပာယ်ပဲ"

ဖော်ကိုနှင့်ထူးစစ်တို့ဘက်မှ စကားသံတို့မဲ့နေလေသည်။

"နောက်ပြီး ငါ့အထင်ပြောရရင် 'မြားအတွင်းယာဉ်မရပ်ရ'ဆိုတဲ့ ဆိုင်းဘုတ်တွေရော၊ တားထားတဲ့စည်းတွေကရော ကျောင်းအမိန့်နဲ့ လုံးဝ မဟုတ်နိုင်ဘူး"

"အဲလိုဆို . . ."

"ငါပြောသလို ဒီနေ့ အမည်မဖော်လိုသူရဲ့ ပထမမြားရောက် လာမယ်ထင်တာပဲ"

အကုန်လုံး တိတ်သွားကြသည်။ ဒါမှမဟုတ် ပထမမြားဆို၍ ရင်ခုန်သွားကြခြင်းလည်း ဖြစ်နိုင်ပါသည်။ နောက်မှ ဖော်ကိုက တစ်ခုခု ကို သတိရသွားသလိုထပြောသည်။

"မင်းပြောသလို ရောက်လာမယ်ပဲ ထားလိုက်ပါတော့။ သူ့အလို လိုရောက်လာမှာလား။ ဒါမှမဟုတ် ဟိုတစ်ခါလိုပဲ ငါတို့က လိုက်ရှာရမှာလား"

လက်ရုံးခေတ္တငြိမ်ကာ စဉ်းစားလိုက်ပြီး . . .

"စာရွက်ဆိုတဲ့ကောင်လေးပြောသွားတာကို မင်းတို့မှတ်မိသေး လား။ ပထမမြားကိုမိချင်ရင် စောင့်ဖမ်းပါဆိုတာလေ။ သူပြောတဲ့အတိုင်း စောင့် ဖမ်းရုံပဲပေါ့။ လိုက်ရှာစရာမလိုဘူး"

"အဲဒါဆို မင်းဆိုလိုတာက သူ့အလိုလိုရောက်လာမယ်။ ဒါပေ မယ့် အဲဒီမြားကို ငါတို့မိအောင်ဖမ်းရမယ်ဆိုတဲ့ သဘောပေါ့"

"အေးပေါ့"

ထို့နောက် သူတို့သုံးယောက် အတွေးကိုယ်စီဖြင့် ငြိမ်သက်သွား



ကြပါတော့သည်။ ဒါပေမယ့် နှလုံးခုန်သံတွေကတော့ မငြိမ်သက်။ သုံး ယောက်စလုံး ရင်ခုန်မြန်နေပါသည်။ ဘယ်လိုနည်းသုံးပြီး ပေးမလဲဆို တာကို သူတို့သိချင်နေကြပါ၏။

ဆိုင်တွင်းတွင်လည်း အတန်းချိန်ရောက်ပြီဖြစ်သဖြင့် ထိုင်သူ တွေပါးကုန်ပါပြီ။ ဒါပေမယ့် အငွေ့အသက်တစ်ခုကတော့ လွှမ်းခြုံနေ ပါ၏။ သူတို့သုံးယောက်ကတော့ အခြေအနေတစ်ခုကိုသာ ရင်ခုန်စွာ စောင့်စားရင်း အချိန်တွေတရွေ့ရွေ့။

နေရောင်ရဲရဲ၏ဒီဂရီကလည်း မသိမသာဖြင့်တက်လာကာ အကာအကွယ်မဲ့သောသူတွေကို ခပ်မြန်မြန်ချဲထုတ်နေပါ၏။ လည်ပတ်နေ သော စက္ကန့်တံအပတ်ပေါင်းများလာလေလေ ရင်ခုန်သံမြန်လာလေလေ ဖြင့် လက်ရုံးတစ်ယောက်လည်း နေမထိထိုင်မသာ ဖြစ်နေပါပြီ။

ထိုအချိန်မှာပင် . . .

"သားတို့ရယ် . . . အမေ ထမင်းမစားရသေးလို့ ထမင်းဖိုးလေး အမေ့ကို ကုသိုလ်ယူပါဦး"

မထူးခြားလှသော အခြေအနေတစ်ခုမို့ လက်ရုံးအိတ်ထဲမှ ပိုက် ဆံအချို့ကို လက်ထဲထည့်ပေးလိုက်သည်။ ထိုအခါတွင် ထိုအမေက သူတို့အား ဆုပေးပါ၏။ ဆုမပေးစဖူးပေးသူမို့ လက်ရုံးတို့လည်း ဘာရယ် မဟုတ် နားထောင်နေလိုက်သည်။ ဆုပေးဆုံးတော့ အမျှပင်ဝေပေးပါ၏။

"ဤသို့ပြုရသော ကုသိုလ်အဖို့ကြောင့် . . . ငါ့သားလေးများနည်းတူ (၃၁)ဘုံမှာ ကျင်လည်ကြကုန်သော ဝေနေယျ၊ သုခိတ၊ ဒုက္ခိတသတ္တဝါ များအားလုံး အမျှ . . . အမျှ . . . မြား . . . ရကြပါစေ"

ထိုသို့ဆုပေးအပြီး ထိုအမေမှာထွက်သွားပါသည်။ လက်ရုံး လည်း ပထမတော့ ဘာမှန်းမသိ။ ဒါပေမယ့် နားထဲတွင်ဆန်းနေသည့် စကားလုံးအချို့ကြောင့် သူသေချာပြန်စဉ်းစားလိုက်သည်။ ထိုအခါတွင် တော့ တစ်ခုခုကို သူဆက်စပ်မိသွားကာ . . .

"အမေ . . . ခဏနေပါဦး"



www.burmeseclassic.com

www.burmeseclassic.com

သူ့ခေါ်သံကြောင့် ဆိုင်ထဲမှထွက်ရန်ပြင်နေသော အမေမှာ လှည့်ကြည့်ပါ၏။

"ဘာလဲ . . . သား"

"ဟို . . . ဟို . . . သား . . . သာစုခေါ်ချင်လို့ပါ"

လက်ရုံးစကားကြောင့် အမေမှာ ပြုံးသွားသည်။

"ခေါ်လေ သားရဲ့"

လက်ရုံးလက်အုပ်လေးချီ၍ ရိုကျိုးစွာ သာစုသုံးကြိမ်ခေါ်လိုက်ပါသည်။

"သာစု . . . သာစု . . . သာစု"

သာစုခေါ်အပြီး အမေက သူ့လက်အုပ်အား ဆုပ်ကိုင်လိုက်ရင်း . . .

"ငါ့သားက အလောင်းစည်သူမင်းကြီးကို အားကျတယ်နဲ့တူတယ်"

"ဟုတ်ပါတယ်အမေ၊ သားနာမည် လက်ရုံးလို့ခေါ်ပါတယ်"

အမေခေါင်းညိတ်လိုက်သည်ကို တွေ့လိုက်ရသည်။ ထို့နောက်တော့ . . .

"ပထမမြားဆိုတာ သားကို . . . "

ဟုဆိုရင်း သူ့လက်ထဲသို့ အမေက စာအိတ်တစ်အိတ် ထည့်ပေးပါသည်။

ထိုစာအိတ်ကား . . .






www.burmeseclassic.com

www.burmeseclassic.com

စာအိတ်၏ရှေ့မျက်နှာစာပေါ်မှာကား ပထမမြား (First Arrow) ဟူသော စာတစ်ကြောင်းသာ ရေးထားသည်။

လက်ရုံးတို့သုံးယောက် သိချင်စိတ်တို့ထိန်းမရအောင် ယိုစိမ့်လာကြကာ ချက်ချင်းပင် စာအိတ်ကိုဖွင့်ဖောက်လိုက်ကြတော့ . . .

စာအိတ်ထဲမှ စာနှစ်စောင်ထွက်ကျလာသည်။

ကမန်းကတန်းပင် ပထမတစ်စောင်ကို ဖွင့်ကြည့်လိုက်တော့ –

"ဟင်"

"ဘာ . . . ဘာကြီးလဲ"

"ဘာလဲဟ"

သူတို့သုံးယောက်စလုံး အံ့သြစိတ်ဖြင့် မျက်လုံးတွေပြူးကုန်ကြသည်။ သူတို့မျက်စိရှေ့တွင်ရှိသော စာက . . .

"ရပ်ကွက်ထောက်ခံစာ"

ဟူသော ခေါင်းစဉ်နှင့်စာကြောင်းတချို့။

ချက်ချင်းပင် နောက်တစ်စောင်ကို ဖွင့်ကြည့်လိုက်ပြန်တော့ –

"ရဲစခန်းထောက်ခံစာ"

ဟူသော ခေါင်းစဉ်နှင့်စာကြောင်းတချို့။

သုံးယောက်စလုံးပင် ဘာပြောလို့ပြောရမှန်းမသိအောင် ကြက်သေသေသွားကြသည်။ သူတို့ထင်ထားသော အချစ်နှင့်သက်ဆိုင်သော စာတစ်စောင်၊ ဒါမှမဟုတ် . . .

လက်ရုံးတို့သုံးယောက်စလုံး ကြောင်သွားကြကာ ထိုရပ်ကွက်ထောက်ခံစာနှင့် ရဲစခန်းထောက်ခံစာကိုသာ စဉ်းစားရကြပ်စွာ ဖတ်ကြည့်မိလေတော့သည်။ အမည်မဖော်လိုသူ၏ ပထမမြားက ဘာအဓိပ္ပာယ်နည်း။ သူ၏ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ဘယ်လိုအထောက်အပံ့ပေးသနည်း။ သူစဉ်းစား၍မရ။

သူလက်ခံနိုင်လောက်သည့် အကြောင်းရင်းတစ်ခုတော့ သူမဆီမှာရှိနေလိမ့်မည်။ အဲဒါကဘာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ဒီထက်ပိုပြီး အံ့ဩရသည်ကား ထောက်ခံစာနှစ်ရွက်စလုံးမှ နာမည်။ နာမည်က တစ်မျိုးတည်းမဟုတ်။ နှစ်မျိုးဖြစ်ကာနေလေသည်။ သူ့တွင်နာမည်နှစ်မျိုးရှိမှန်းသိသူက လက်ငါးချောင်းပင်မပြည့်ချင်။ ဒါကိုပင် သိနေသည်ဆိုတော့ . . .

အမည်မဖော်လိုသူသည် မည်သူနည်း။ သူနှင့်အနီးဆုံးမှလူလား၊ ဒါမှမဟုတ် အဝေးကြီးမှာနေ၍ သူ့အကြောင်းအားလုံးကိုသိနေသည့်သူလား . . .

ဘယ်လိုပဲဖြစ်ဖြစ် လက်ရုံးရှိန်သွားရပါသည်။ ပထမတံဆိပ်တုံး၊ အခု ဒုတိယကနာမည်။ သူလျှို့ဝှက်ထားသည့် အဓိကအကြောင်းအရာတွေကိုပင် သိနေသည်ဆိုတာကို ပြလိုက်လေသော . . .

ဘယ်လိုနည်းနဲ့မှ လျှော့တွက်ရန်မဖြစ်နိုင်တော့ . . .

ထိုအချိန်မှာပင် ဖော်ကိုက သူ့လက်ထဲမှ ထောက်ခံစာတွေကို ယူကာ ကြည့်သည်။ ပြီးတော့ . . .

"ဟာ . . . ဟော့ကောင် . . . နာမည်က ဘယ်လိုဖြစ်တာလဲ။ နှစ်မျိုးတောင်ပါလား"

ပြောပြီး သူနှင့်ထူးစစ်ကို မသင်္ကာသလိုကြည့်သည်။ ထိုအခါ ထူးစစ်က . .

"မဟုတ်ပါဘူး၊ တစ်မျိုးတည်းပါ"

"ဘာဖြစ်လို့လဲ ဒီမှာနာမည်နှစ်မျိုးတောင်ရေးထားတာလေ"

"ဟုတ်တယ် . . . ဒါပေမယ့် အဲဒီနှစ်မျိုးက လူနှစ်ယောက်ကို ကိုယ်စားပြုတာမဟုတ်ဘူး။ တစ်ယောက်တည်းကိုပဲ ကိုယ်စားပြုထားတာ"

"ဟင် . . . ဘာဖြစ်လို့လဲ"

ဖော်ကိုသိချင်လွန်းသွားရသလို လက်ရုံးလည်း ရပ်တည်သွားသည်။

"ကျွန်တော် သွားတဲ့နောက်ကိုလိုက်ခဲ့ရင် အဲဒီအဖြေက ရှင်းသွားလိမ့်မယ်"



"မင်းက ဘယ်ကိုသွားမှာလဲ"

"ကျောင်းသားရေးရာကို"

"ဟင်"

ထို့နောက်တော့ . . .

လက်ရုံး၊ ဖော်ကိုနှင့်ထူးစစ်သုံးယောက်စလုံး ဆိုင်တွင်းမှာရှိမနေကြတော့ပါ။ သူတို့သုံးယောက်၏ဦးတည်ရာက ကျောင်းသားရေးရာသို့။ သူတို့သုံးယောက်စလုံး အတွေးကိုယ်စီဖြင့် လျှောက်လာကြရာ ကျောင်းသားရေးရာရှေ့သို့ ရောက်စဉ်မှာပင် . . .

"ကိုထူးစစ် . . . ကိုထူးစစ်"

ခေါ်သံကြောင့် သူတို့သုံးယောက် ခြေလှမ်းတွေတန့်သွားကြကာ နောက်လှည့်ကြည့်မိတော့ . . .

သူတို့တစ်ခါမှမမြင်ဖူးသည့် ကျောင်းသားတစ်ယောက်၊ ရုပ်ရည်အားဖြင့်တော့ မိန်းကလေးတို့ကျလောက်သော ရုပ်ရည်ထဲကဖြစ်သည်။

"ညီလေး . . . အစ်ကိုတို့ကို ခေါ်တာလား"

"ဟုတ်ကဲ့ . . . အစ်ကို"

ထိုကောင်လေး၏ ခပ်သွက်သွက်အဖြေကြောင့် ထူးစစ်ပင်မဟုတ် လက်ရုံးပင်ကြောင်သွားသည်။

"ညီလေးက အစ်ကို့ကိုသိလို့လား"

"ဟာ . . . သိတာပေါ့အစ်ကိုရာ။ နေ့တိုင်းလက်ဖက်ရည်ဆိုင်အတူထိုင်နေတဲ့ဥစ္စာ။ အစ်ကိုတို့ကသာ ကျွန်တော့်ကိုမသိတာ။ ကျွန်တော်ကတော့ အစ်ကိုတို့သုံးယောက်ကို သတိထားမိနေတာကြာပြီ"

"ဟော"

သုံးယောက်စလုံး အံ့အားသင့်သွားကြသည်။ သူတို့ပြန်ကြည့်၍ ထိုကောင်လေးသဘောပေါက်သည်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က သိမ့်သိမ့်နွေး . . . ဗိုင်းကလေ"

"သြော်"

"ဒါနဲ့ . . . နေပါဦး။ အခုကိစ္စက . . . "

ထူးစစ်၏အမေးကြောင့် ကောင်လေးက မဆိုင်းမတွပင် . . .

"အစ်ကိုတို့ ကဗျာစာအုပ်ထဲမှာ ကျွန်တော်လည်းပါချင်လို့"

"ဟင်"

ထူးစစ်အံ့သြသွားသည်။ ထူးစစ်ပင်မဟုတ်၊ ဇော်ကိုနှင့် လက်ရုံးပါ အံ့အားသင့်သွားကြပါ၏။

"ငါတို့ ကဗျာစာအုပ်ထုတ်မယ်ဆိုတာ မင်းကဘယ်လိုလုပ်သိသလဲ"

လက်ရုံး၏တအံ့တသြအမေးကို ကောင်လေးက မထင်မရှား ပြုံးလိုက်ရင်း . . .

"သိတာပေါ့အစ်ကိုရာ၊ အစ်ကိုကိုယ်တိုင် ပါနေတာပဲ။ မသိဘဲ နေပါ့မလား။ တစ်ကျောင်းလုံးက လက်ရုံးဘာလုပ်နေတယ်ဆိုတာပဲ စိတ်ဝင်စားနေကြတဲ့ဟာ။ ကျွန်တော်သိတာ မဆန်းပါဘူး"

လက်ရုံးဆက်ပြောမနေတော့ ထူးစစ်ကိုကြည့်မိတော့ ထူးစစ်က ခေါင်းညိတ်ပြသည်။

"အစ်ကို . . . ကျွန်တော့်ကျောင်းသားကတ်သာ သွားထုတ်ပေးတော့။ ကျွန်တော်သူနဲ့ပြောလိုက်မယ်"

"ပြီးရောလေ . . . ငါတို့နှစ်ယောက်ပဲ ဝင်သွားလိုက်မယ်။ မင်းကျောင်းဝင်နံပါတ်ပြော"

"ကျွန်တော့်ကျောင်းဝင်နံပါတ်က ( × × × × × / × × )"

လက်ရုံး ထူးစစ်ပြောသော ကျောင်းဝင်နံပါတ်ကို ပါးစပ်မှရွတ်ရင်း ကျောင်းသားရေးရာထဲသို့ ဇော်ကိုနှင့်အတူ ဝင်ခဲ့ပါသည်။

ကျောင်းသားရေးရာ၏ ပထမဆုံးစားပွဲရှေ့၌ လက်ရုံးနှင့်ဇော်ကို ရပ်လိုက်ရင်း . . .

"ကျောင်းသားကတ်၊ ကတ်ပျောက်လဲထားတာ ထုတ်ချင်လို့ပါ"

ထိုစားပွဲပေါ်မှ အန်တီအရွယ်အစ်မကြီးက မော့ကြည့်သည်။ ပြီးလက်ကာပြရင်း ခေါင်းငုံ့ကာ တစ်စုံတစ်ခုကိုပြန်ရေးနေပါ၏။ လက်ရုံးနှင့်ဇော်ကိုလည်း သဘောပေါက်စွာ ခုံမှာဝင်ထိုင်လိုက်ရင်း စောင့်နေလိုက်သည်။ မကြာပါ ထိုအစ်မကြီးက ဘောလ်ပင်ကိုချရင်း ကျောင်းဝင်နံပါတ် မေးပါသည်။

"ကျောင်းဝင်နံပါတ် ( × × × × × / × × ) ကျောင်းသားနာမည် ထူးစစ်ပါ"

ထို့နောက် ဟိုလှန်ဒီလှန်လုပ်ရင်း မကြာပါ၊ ကျောင်းသားကဒ်တစ်ခုထုတ်ပေးသည်။ ပြီးစာအုပ်၌ လက်မှတ်ထိုးခိုင်းပါ၏။ ဇော်ကိုက သူ့လက်ထဲမှ ကျောင်းသားကဒ်ကို လှမ်းယူလိုက်သည်။ လက်ရုံးလည်း လက်မှတ်ထိုးပေးလိုက်ပြီးစဉ်မှာ . . .

"ဟေ့ကောင် . . . ဒီမှာကြည့်စမ်း . . . ကဒ်မှားနေလားမသိဘူး . . . နာမည်ကတစ်လုံးပိုနေတယ်"

ဇော်ကိုစကားကြောင့် လက်ရုံးအနည်းငယ်ကြောင်သွားကာ ကျောင်းသားကဒ်ကို ယူကြည့်မိတော့ . . .

ဟုတ်သည်။ နာမည်က 'ထူးစစ်'ပင်မဟုတ် နောက်မှာ 'ငြိမ်း' တစ်လုံးပင်ပိုကာ 'ထူးစစ်ငြိမ်း' ဖြစ်နေသည်။

ထို့ကြောင့် လက်ရုံးချက်ချင်းပင်ပြန်လှည့်လိုက်ပြီး . . .

"အစ်မ . . . နာမည်က မှားနေသလားလို့ . . . ကဒ်ထဲမှာ နာမည်တစ်လုံးပိုနေတယ်"

"ဟင်"

အစ်မကြီးကြောင်သွားကာ ကဒ်ကိုယူကြည့်သည်။ နောက် စာအုပ်ထဲမှနာမည်နှင့် တိုက်ကြည့်သည်။

"အတူတူပါပဲကွဲ့ . . . ပထမကဒ်ထဲမှာလည်း ထူးစစ်ငြိမ်းပဲ

www.burmeseclassic.com

www.burmeseclassic.com

လေ။ အခုထဲမှာလည်း ထူးစစ်ငြိမ်းပဲဥစ္စာ"

"ဗျာ . . ."

ဒီတစ်ခါကြောင်သွားရသူက ဖော်ကိုနှင့် သူကိုယ်တိုင်၊ ထိုအချိန်မှာပင် ထူးစစ်ဝင်လာကာ . . .

"အစ်ကို . . . ဘာဖြစ်လို့လဲ . . ."

"ဒီမှာ မင်းနာမည်တစ်လုံးပိုနေလို့ ပြောပြနေတာ"

သူ၏စကားကြောင့် ထူးစစ်က ကဒ်ကိုယူကြည့်သည်။ ပြီး သူ့ကိုပြန်ကြည့်ရင်း တစ်ချက်ပြုံးလိုက်ကာ . . .

"ကျွန်တော်ပြောချင်တာ အဲဒါ . . . ဒါ ကျွန်တော့်နာမည်ပဲလေ . . . နာမည်အမှန်က "ထူးစစ်ငြိမ်း"။ ဒါပေမယ့် အကုန်လုံးက ရှေ့နှစ်လုံးကိုပဲ အခေါ်များလို့ အစ်ကိုတို့ နာမည်အမှန်ကိုမသိတာ . . . ဒါဟုတ်တယ်"

ထူးစစ်စကားဆုံးတော့ လက်ရုံးတို့နှစ်ယောက်အံ့ဩဖို့ပင် အချိန်မပေးနိုင်တော့ပါ။ တစ်ချိုးတည်းအပြင်သို့ တန်းပြေးရပါတော့သည်။ ဒါတောင် မကျေနပ်သံအချို့က အခန်းထဲမှ ကပ်ပါလာသေးပါ၏။

အခန်းပြင်နောက်တော့ လက်ရုံးစိတ်တစ်ခုလုံး ပေါ့ပါးနေသည်။ လူတစ်ကိုယ်လုံးလည်း တိမ်တိုက်တွေနည်းတူလွင့်မျောနေသလို ခံစားနေရသည်။

ဘာကြောင့်မှန်းတော့မသိ။

ဒါပေမယ့် နီးနီးစပ်စပ်တွေးလို့ရတာ တစ်ခုတော့ရှိသည်။ အဲဒါက ထူးစစ်နှင့် ထူးစစ်ငြိမ်း။

လူတစ်ယောက်တည်းက နာမည်နှစ်မျိုးဖြစ်နေသည်။ ဒါပေမယ့် အဲဒီ နာမည်နှစ်မျိုးက တစ်ခုနှင့်တစ်ခုတူညီပါသလား . . .

ጙ ጙ ጙ



# XIX

ဒီနေ့သည် တနင်္လာနေ့ဖြစ်လေသည်။ တနင်္လာနေ့သည် ထိုကျောင်း၏ ကျောင်းသားကျောင်းသူတိုင်းလိုလို ရင်အခုန်ရဆုံးသောနေ့တစ်နေ့ဖြစ်ပါ၏။

ကျောင်းကန်တင်းတွေပင် ခင်းကျင်းခါစအချိန်၌ ကျောင်းသူတစ်ယောက် အသည်းကွဲကဖီးသို့ ဦးတည်ကာ သွားနေသည်။

စောစောစီးစီးဆိုင်ထဲသို့ ဝင်လာသောကျောင်းသူတစ်ယောက်ကြောင့် ဆိုင်ရှင်ဦးလူပျိုကြီးမှာ အံ့ဩသွားသည်။ နောက်ထိုကျောင်းသူက ဦးလူပျိုကြီးကို တစ်စုံတစ်ခုမေးပါ၏။ ဦးလူပျိုကြီးလည်း ကြောင်တောင်တောင်နှင့်ပင် ထိုကျောင်းသူ၏အမေးကြောင့် တစ်နေရာကို လက်ညှိုးထိုးပြသည်။

ဦးလူပျိုကြီးထိုးပြရာနေရာကား သူ့ဆိုင်တွင်းမှ စားပွဲဝိုင်းတစ်ဝိုင်း၊ နောက် ထိုကျောင်းသူက ဦးလူပျိုကြီးလက်ညှိုးထိုးပြရာဝိုင်းသို့ လျှောက်သွားသည်။ ပြီးတော့ ထိုစားပွဲဝိုင်းနှင့်ကပ်လျက်နံရံ၌ စာရွက်တစ်ရွက်ကိုကပ်ကာ . . .

ဆိုင်တွင်းမှ ထွက်သွားလေသည်။

ጙ ጙ ጙ



www.burmeseclassic.com

www.burmeseclassic.com

## XX (a)

ထူးစစ်ဆိုင်ထဲကိုဝင်တော့ တစ်ဆိုင်လုံးမှ အကြည့်များက သူ့ထံ ဒိုင်းကနဲရောက်လာသည်။ အိုးတိုးအမ်းတမ်းပင်ဖြစ်သွားရပါ၏။ ငါဘာများ အမှားလုပ်မိလို့လဲဟူသော အတွေးကလည်း အာရုံထဲရောက်လာသည်။

နောက်သူတို့ထိုင်ရာ ဝိုင်းရောက်တော့လည်း တစ်ဝိုင်းလုံးမှ အကြည့်တွေက မမြင်ဖူးသူတစ်ယောက်လို ဝိုင်းကြည့်ကြပါ၏။ ထူးစစ် နည်းနည်းတော့ စိတ်ရှုပ်သွားသည်။ ထို့ကြောင့် မေးရန်ပြင်စဉ်မှာပင် ဇော်ကိုက နံရံပေါ်သို့ လက်ညှိုးထိုးပြသည်။ နံရံပေါ်တွင် စာရွက်တစ်ရွက်ကပ်ထားပါ၏။ ထူးစစ်အရာရာကို သဘောပေါက်သွားလေသည်။ ဇော်ကိုထိုးပြသောနံရံပေါ်မှ စာရွက်ကတစ်ဖက်ပါအတိုင်းသာ။



## လက်ရုံး (သို့) ထူးစစ်

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | | | | သု | | ယ် |
| | | | | ဧ | စ | တ | သွ |
| လမ်း | | | | န | ရှိ | | လမ်း |
| ကူး | | | | ပုဒ် | ရိပ် | | ရေ |
| ဗ | ဆို | လ | တစ် | လမ်း | သာ | | စ |
| မှူး | က | ဗျာ | ဆ | ရာ | လမ်း | | |
| ဗိုလ် | က | န် | တော် | ကြီး | ပတ် | လမ်း | |
| ၁ | | | | | မြို့ | | |

No.1 အကွက်မှာ ဘုန်းကြီးတစ်ပါးရပ်နေတယ်။

ပုံစံကြည့်ရတာ ဘယ်လမ်းကသွားရမှန်းမသိလို့ အခက်တွေ့နေတဲ့ပုံပါပဲ။

ကျေးဇူးပြုပြီး ဘုန်းကြီးကို လမ်းပြပေးလိုက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## XX (b)

စာရွက်ကိုကြည့်၍ ထူးစစ်အံ့အားသင့်သွားသည်။ ဘာအဓိပ္ပာယ်နည်း။ ဒီစာရွက်ကိုရော ဘယ်သူကပ်သွားတာနည်း။

သိလိုစိတ်ဖြင့် ကောင်တာသို့ လှမ်းကြည့်စဉ်မှာပင် . . .

ဦးလူပျိုကြီးက သဘောပေါက်စွာ အော်ပြောသည်။

"မနက်အစောကြီး ကောင်မလေးတစ်ယောက်လာကပ်သွားတာပဲ။ ဘာအဓိပ္ပာယ်လဲတော့ ငါလည်းမသိဘူး . . . နာမည်မေးတော့လည်း မပြောဘူး . . ."

ထူးစစ်စဉ်းစားသွားရလေသည်။ ထိုစဉ် သူ့ခေါင်းထဲ၌ အကြံတစ်ခုသွားရသည်။



နံရံပေါ်မှ စာရွက်ကိုဆွဲခွာ၍ ဖော်ကို့ဘက်သို့လှည့်ကာ . . .

"ငါတို့သွားရအောင်"

ထိုသို့သာပြော၍ ထူးစစ်ဆိုင်ထဲမှထွက်ခဲ့တော့သည်။ ဖော်ကိုက နောက်မှပါလာပါ၏။ အပြင်ရောက်တော့ ဖော်ကိုကမေးသည်။

"ဟေ့ကောင် . . . ဘယ်သွားမှာလဲ"

"ကိုလက်ရုံးကို သွားစောင့်မလို့"

"ဟင် . . . လက်ရုံးရှိမယ့်နေရာ မင်းသိလို့လား။ ဒီနေ့ တနင်္လာနေ့လေ။ ဒီအချိန် သူဘယ်မှာရှိမယ်ဆိုတာ သူကိုယ်တိုင်ကလွဲပြီး ဘယ်သူမှသိမှာမဟုတ်ဘူး"

"အဲဒါကြောင့်မို့လို့ အတန်းထဲမှာသွားစောင့်နေမှာ"

"အတန်းထဲမှာ သူရှိမှာလား"

ထူးစစ်ခေါင်းတစ်ချက်ခါလိုက်သည်။ ထို့နောက် . . .

"မဟုတ်ဘူး။ (၁၀)နာရီထိုးမှရောက်လာမှာ"



www.burmeseclassic.com

www.burmeseclassic.com

## XXI

ထူးစစ်စကားမှန်ပါ၏။ (၁၀)နာရီထိုးတော့ လက်ရုံးအတန်းထဲ ရောက်လာသည်။ တော်သေးသည်။ ဆရာမအတန်းချိန်ပြီး၍ ထွက်သွားသည်နှင့်ကြုံသွားသည်။

လက်ရုံးရောက်ရောက်ချင်း ဇော်ကိုက ဆီးမေးပါ၏။

"ဟေ့ကောင် . . . မင်းကိစ္စပြီးပြီလား"

လက်ရုံးခေါင်းညိတ်ပြသည်။

"မင်းကို ဘယ်သူရှာတွေ့လဲ"

ဒီတစ်ခါတော့ လက်ရုံးကခေါင်းကိုရမ်းသည်။ ပြီး နှုတ်မှလည်း

"မတွေ့ဘူး"

"ဟင် . . . ဒါဆို ဒီတစ်ပတ်လည်း မင်းကိုရှာတွေ့သူ မရှိဘူးပေါ့"

"အေး"



လက်ရုံး၏အဖြေကြောင့် ဇော်ကိုစကားထပ်ဆက်သည်။

"ကောင်းတာပေါ့ကွာ။ စကားထာ နောက်တစ်ခုမဝှက်ရတော့ဘူးပေါ့။ မင်းကိုရှာတွေ့သူမပေါ်မချင်း တစ်ပတ်ပြီးတစ်ပတ် ဒီအတိုင်းပဲ ဆက်သွားမှာဆိုတော့ . . ."

လက်ရုံး ပြုံးမိပါသည်။

ထိုအချိန်မှာပင် ထူးစစ်က လက်ရုံးလက်ထဲသို့ စာရွက်တစ်ရွက်ကို ပေးပါ၏။

"အစ်ကို . . . ဒီမှာကြည့်ဦး"

သူ ထူးစစ်ပေးသည့်စာရွက်ကို ကြည့်လိုက်မိတော့ . . .

"ဟင်"

သူ အံ့ဩသွားရလေသည်။ ထူးစစ်က စကားထပ်ဆက်သည်။

"အသည်းကွဲကဖီးမှာ မနက်အစောကြီး ကောင်မလေးတစ်ယောက်လာကပ်သွားတာတဲ့။ ကျွန်တော်လည်း အမိပွာယ်မဖော်တတ်လို့ အစ်ကို့ကိုစောင့်နေတာ"

ထူးစစ်စကားကြောင့် သူထပ်မံအံ့ဩသွားရသည်။ ကောင်မလေးတစ်ယောက်ဟူသောကြောင့်လည်း အံ့ဩသွားရခြင်းဖြစ်ပါ၏။ အမည်မဖော်လိုသူများလား . . .

သူစိတ်ထဲမှ တွေးမိသွားသည်။

စာရွက်ကိုကိုင်၍ အချိန်အတော်ကြာသွားပါ၏။ ဖြစ်နိုင်ခြေဝိုးတဝါးတွေလည်း စိတ်ထဲမှာ တသီကြီးပေါ်သွားသည်။ နောက် သင့်တော်သောအချိန်တစ်ခုကို ဖြန်သန်းသွားပြီးချိန်တွင်မတော့ . . .

"ငါတို့ ကဗျာစာအုပ်ထဲမှာပါချင်တဲ့ သူတစ်ယောက်နဲ့တူတယ်"

"ဟင်"

"ဘာဖြစ်လို့လဲ"

လက်ရုံးစကားကြောင့် နှစ်ယောက်စလုံး ကြောင်သွားသည်။ ဟုတ်သည်လေ။ စာရွက်ထဲမှာ လမ်းမသိသောဘုန်းကြီးနှင့် ကဗျာစာအုပ်



www.burmeseclassic.com

www.burmeseclassic.com

က လားလားမျှမဆိုင်။ ယောင်နနဖြစ်သွားသော ဇော်ကိုနှင့်ထူးစစ်ပုံစံ တို့ကြောင့် လက်ရုံးက သေချာရှင်းပြသည်။

"ဒီဖယားကွက်ကိုကြည့်စမ်း . . . ဘာနဲ့တူသလဲလို့"

ဇော်ကိုနှင့် ထူးစစ်နှစ်ယောက်လုံး ဖယားကွက်ကို သေချာကြည့် လိုက်သည်။ နောက်နှစ်ယောက်လုံး ခေါင်းရမ်းကာ . . .

"မသိဘူး"

"သေချာကြည့်ပါဦး။ အလျား (၈)ကွက်၊ ခေါင်လိုက် (၈)ကွက် ဆိုတော့ စစ်တုရင်ကစားကွက်နဲ့ မတူဘူးလား"

လက်ရုံးစကားကြောင်း ဇော်ကိုနှင့်ထူးစစ် မျက်လုံးပြူးသွား သည်။

နောက် အကွက်တွေကို တစ်ကွက်ချင်းရေကာ . . .

"ဟာ . . . အေး . . . ဟုတ်တယ်။ စစ်ဘုရင်ကစားကွက်နဲ့ တူတယ်။

လက်ရုံးပြုံးလိုက်သည်။ ထို့နောက် . . .

"ဘုန်းကြီးဆိုတာဘာလဲ"

"ဟင်"

ကြောင်သွားရပြန်ပါသည်။ ထူးစစ်က . . .

"ဘုန်းကြီးဆိုတာ . . . ဘုန်းကြီးပဲပေါ့"

"ကျွတ်"

လက်ရုံးစုပ်သပ်လိုက်သည်။

"မဟုတ်ဘူး . . . စစ်ဘုရင်အရုပ်တွေထဲမှာ ဘုန်းကြီးဆိုတာ ဘာလဲလို့မေးတာ"

"Bishop"

လက်ရုံး ခေါင်းညိတ်လိုက်သည်။

"Bishop က ဘယ်လိုအကွက်တက်လဲ"

"ဒေါင့်ဖြတ်မျဉ်းအတိုင်းတက်တယ်"



"အဲဒါပဲလေ သူပြောထားတဲ့အတိုင်း ပထမအကွက်က ဘုန်းကြီး ကို Bishop တက်တဲ့အတိုင်း ဒေါင့်ဖြတ်တက်လိုက်ရင် အဖြေထွက်ပြီ"

လက်ရုံးစကားကြောင့် ထူးစစ်တို့နှစ်ယောက် အပြုံးအပြစာရွက် ကိုကြည့်ကြသည်။

"အေး . . . ဟုတ်တယ်။ ကဗျာတစ်ပုဒ်ရှိတယ် . . . လို့ ထွက် တယ်"

လက်ရုံးခေါင်းညိတ်ထောက်ခံမနေတော့ပါ။ ထူးစစ်ကိုကြည့်၍ စကားတစ်ခွန်းပြောသည်။

"ကဗျာတစ်ပုဒ်လောက်ဆိုရင်တော့ ထည့်ပေးလိုက်ပါကွာ။ တစ်ကျောင်းတည်းသားချင်းတွေပဲ။ ဘယ်သူဖြစ်ဖြစ်ပေါ့"

"ထည့်ပေးတာက ဟုတ်တယ်။ ဒါပေမယ့် ကျွန်တော်မနက်ဖြန် ကစပြီး ကျောင်းတက်တော့မှာမဟုတ်ဘူး။ ခွင့်ယူပြီး ကဗျာစာအုပ်အတွက် လုံးတော့မှာ။ အဲဒါ သူ့ကဗျာက ဘယ်လိုလုပ်မှာလဲ"

ထူးစစ်စကားကြောင့် လက်ရုံးအပြင်ကို ငေးသွားသည်။ ဇော်ကို ကတော့ အတန်းရှေ့မှဘောကို အကြောင်းမဲ့ကြည့်နေပါ၏။

အတော်ကြာမှ လက်ရုံးက သက်ပြင်းတစ်ခုကိုချရင်းဆိုသည်။

"အဲဒါကတော့ သူ့ကံပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com

# XXII

ကန်တင်းထဲတွင် မိန်းကလေးအချို့ထိုင်နေပါ၏။ ထိုမိန်းကလေးများသည် ကျောင်းတော်၏ နာမည်ကြီးစာရင်းဝင်သူများ။

လပြည့်ဝန်း၊ သိမ့်သိမ့်နွေး၊ ရွှန်းဝင့်စံနှင့် သွန်းလဲ့ရွှေစင်။ သူမတို့လေးယောက်မှာ ကျောင်းသူတစ်ယောက်ကို စောင့်နေခြင်းဖြစ်ပါသည်။ ရှင်းရှင်းပြောရလျှင် သူမတို့နှင့်အရမ်းခင်သော ကျောင်းသူတစ်ယောက်ကိုစောင့်နေခြင်းဖြစ်ပါ၏။

သူမတို့လေးယောက်စလုံးလည်း လည်ပင်းရှည်နေပါပြီ။ ဒါပေမယ့် သူမတို့စောင့်နေသော ကျောင်းသူကမလာသေး။ ထိုစဉ်မှာပင် တစ်ယောက်ကနာရီကိုပင်ကြည့်၍ ပြောသည်။

“ဒီတစ်ခါလည်း ယွန်းထက်ငါတို့ကို ဘတ်သွားပြန်ပြီ”

“အေးဟာ . . . တို့စောင့်နေတာလည်း နှစ်နာရီကျော်နေပြီ။ ဒီတစ်ခါလည်း လာမှာမဟုတ်တော့ဘူး”



“ငါပြောသားပဲ ယွန်းထက်ဆီက နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ဘယ်လိုပဲတောင်းတောင်း ပေးမှာမဟုတ်ပါဘူးလို့။ ဘယ်နှခါရှိပြီလဲ ဒီလိုပဲရှောင်နေတာ”

ထိုတစ်ယောက်၏စကားကြောင့် အကုန်လုံးတိတ်သွားသည်။ ပြီးမှ ပထမတစ်ယောက်က . . .

“ဒီလိုမှန်းသိရင် လက်ရုံးကို ဒီနေ့မနက် ငါတို့ကိုယ်တိုင်သွားရှာပါတယ်”

“နာရီကိုလည်းကြည့်ဦး။ (၁၀)နာရီကျော်နေပြီ။ ဒီအချိန်ဆို လက်ရုံးရဲ့စကားထာက အချိန်စေ့ပြီ။ ရှာလို့မရတော့ဘူး”

ထိုစကားကို နောက်တစ်ယောက်က ထောက်ခံပါ၏။

“အေး . . . ဟုတ်တယ်။ ဒါပေမယ့် လက်ရုံးရဲ့စကားထာကို ပြီးခဲ့တဲ့အပတ်တည်းက ဘယ်သူမှမဖြည်နိုင်ကြဘူးကြားတယ်။ ဒီအပတ်တော့မသိဘူး”

ထိုတစ်ယောက်၏စကားကို မည်သူမျှ အဖြေမပေးနိုင်ကြပါ။ အတော်ကြီးကြာမှ တစ်ယောက်က တည်ငြိမ်စွာပြောသည်။

“ဆန္ဒစောမနေတော့ပါဘူးဟာ။ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းက သူ့ကိစ္စအောင်မြင်ရင်သိရမှာပဲ။ အဲဒီတော့ သူ့ကိစ္စကိုပဲ အောင်မြင်အောင် အာရုံစိုက်ပေးကြတာပေါ့”

အကုန်လုံးခေါင်းညိတ်လိုက်သည် ထင်သည်။ ပြီးမှတစ်ယောက်က . . .

“ဒီက မမကရော ဘယ်လိုလဲ။ နီးပြီလား”

ထိုသို့အမေးကြောင့် ကြည်လင်အေးမြသော အသံလေးတစ်သံထွက်လာပါ၏။

“သိပ်မဝေးတော့ပါဘူး၊ နီးပါပြီ”



www.burmeseclassic.com

www.burmeseclassic.com

## XXIII

ထိုနေ့မှစ၍ လက်ရုံးနှင့်ထူးစစ်နှစ်ယောက်စလုံးကို ကောင်မလေးတစ်ယောက်က အပြိုင်ကြိုက်နေသည်ဟူသောသတင်းသည် ကျောင်းတွင်း၌ နာမည်ကြီးသွားပါသည်။ (နံရံ၌ စာကပ်ပြီးသည့်နေ့မှ ဖြစ်လေသည်။)

ဒါတွေကို လက်ရုံးနှင့်ထူးစစ်နှစ်ယောက်စလုံးသိကြသည်။ ဒါပေမယ့် သူတို့နှစ်ယောက်ပုံစံက ကျောင်းမှာပြန့်နေသော သတင်းများသည် သူတို့နှင့်မဆိုင်သလို၊ မပတ်သက်သလို ဂရုစိုက်ခြင်းသိပ်မရှိ။ ပုံမှန်အတိုင်းသာ သွားမြဲ၊ လာမြဲဖြစ်သည်။ ယခုလည်း သူတို့နှစ်ယောက် အပြင် လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင်ထိုင်ရင်း တစ်စုံတစ်ခုကို ဆွေးနွေးနေသည်။ သူတို့နှစ်ယောက် ဆွေးနွေးနေသည့်အကြောင်းအရာကား သူတို့ထုတ်မည့် ကဗျာစာအုပ်ကိစ္စ။



"စာအုပ်က ဘယ်အဆင့်ထိရောက်ပြီလဲ"

လက်ရုံးက မေးလိုက်ခြင်းဖြစ်သည်။

"အချောထုတ်ပြီးသွားပြီအစ်ကို။ ကျောင်းမှာဖြန့်ဖို့ပဲ ကျန်တော့တယ်။ ကျွန်တော်ပြီးခဲ့တဲ့အပတ်က ခွင့်ယူပြီး စာအုပ်ကိစ္စလုံးလိုက်တာ တော်တော်ကောင်းသွားတယ်။ မဟုတ်ရင် တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး ကြာဦးမှာ။ ဒါနဲ့ကျောင်းမှာ ဘာသတင်းထူးသေးလဲအစ်ကို"

"မင်းမလာတဲ့ရက်အတွင်း တော်တော်တော့ ထူးသွားတယ်ကွ။ ငါနဲ့မင်းနှစ်ယောက်စလုံးကို ကောင်မလေးတစ်ယောက်က ကြိုက်နေတယ်ဆိုတဲ့သတင်းက ကျောင်းမှာနာမည်တော်တော်ကြီးနေတယ်"

လက်ရုံးစကားကြောင့် ထူးစစ်ဆီမှ ခပ်ဟာဟာရယ်သံတချို့ထွက်လာသည်။

"ဟုတ်မှာပါ။ နာမည်က နှစ်မျိုးဖြစ်နေတာကိုး။ နောက်ပြီး ကျွန်တော်တို့နှစ်ယောက်စလုံးနဲ့ သွားတိုက်ဆိုင်တော့ . . . အဟင်း . . . ဟင်း"

ထူးစစ်စကားကြောင့် လက်ရုံးခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။

"အေးကွာ . . . ငါတို့နှစ်ယောက်လည်း ကြုံမှကြုံတတ်ရတယ်လို့"

"နာမည်ချင်းတူသွားတာက အရေးမကြီးဘူး။ နာမည်နှစ်မျိုးစလုံးကလည်း ကျွန်တော်တို့နှစ်ယောက်စလုံးဖြစ်နေတော့ . . . အဟင်း . . . အစ်ကိုသတင်းနားထောင်သူတွေတော့ တိုင်ပတ်ကုန်တော့မှာပဲ"

လက်ရုံးရှေ့မှ ရေနွေးဖန်ခွက်ကိုကျင်းလိုက်ပြီး ရေနွေးအသစ်ထည့်လိုက်သည်။ ပြီး ရေနွေးငွေ့တို့ဖြင့် ဖိတ်လျှံနေသောဖန်ခွက်ကို လက်ဖြင့်ကိုင်ထားရင်းမှ . . .

"ဒါနဲ့ ဟိုတစ်ယောက်ရော ကဗျာရောက်လာသေးလား"

"ဘယ်တစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"အသည်းကွဲကဖီးမှာ စာလာကပ်တဲ့တစ်ယောက်လေကွာ"

"မရောက်လာဘူး"

ထူးစစ် ခေါင်းရမ်းရင်းဆိုသည်။

"ဘယ်တတ်နိုင်မလဲကွာ။ ငါတို့နဲ့အနုပညာသူငယ်ချင်းဖြစ်ဖို့ ဇာတာမပါဘူးလို့ပဲ ပြောရမှာပေါ့"

လက်ရုံးထင်မြင်ချက်ကို ထူးစစ်ကတော့ ဘာမှမပြော။ ဒါပေမယ့် တစ်စုံတစ်ရာသောမသိစိတ်၏လှုံ့ဆော်မှုကြောင့် သူ့ခံစားချက်တွေ ဝေဝါးနေသည်ကတော့ သူ၏မျက်ဝန်းတွေက သက်သေခံနေပါသည်။

ထို့နောက် သူတို့နှစ်ယောက် စကားမဆိုဖြစ်တော့ . . .

ကိုယ်စီကိုယ်စီအတွေးတွေဖြင့် ငြိမ်သက်သွားကြသည်။ လက်ဖက်ရည်ဆိုင်ကဖွင့်ထားသောသီချင်းကို နားထောင်နေတာလား၊ အမည်မဖော်လိုသူအကြောင်းပဲ တွေးနေတာလား၊ နံရံတွင်စာကပ်သွားသောကောင် မလေးအကြောင်းကိုပဲ စဉ်းစားခန်းဝင်နေတာလားမသိ။ နှစ်ယောက်စလုံး စကားမဆိုဖြစ်ကြ။

ဒါပေမယ့် မကြာခင်မှာပင် လက်ရုံးက တိတ်ဆိတ်နေသော နှုတ်ငြိမ်ရပ်ဝန်းတစ်ခုကို စတင်ဖြိုခွဲလိုက်သည်။

"ဩော် . . . ဒါနဲ့ထူးစစ်၊ မင်းကိုငါ မေးမယ်မေးမယ်နဲ့ မမေးဖြစ်သေးတာ။ အခုကြုံတုံးမေးရဦးမယ်။ မင်းကဗျာစာအုပ်အတွက် ကလောင်နာမည်ရွေးသေးလား"

သူ၏အမေးကို ထူးစစ်က လေးလေးပင်ပင် ခေါင်းရမ်းရင်း အဖြေပေးသည်။

"သီးသန့်မရွေးဖြစ်ဘူးအစ်ကို။ ဒီအတိုင်းပဲ သဘောကျလို့ ကျွန်တော့်နာမည်အရင်းကိုပဲ ထည့်လိုက်တယ်။ ကျွန်တော်လည်း ကြိုက်တယ်လေ"

ထို့နောက်တော့ သူတို့နှစ်ယောက်မှာ တိတ်ဆိတ်မှုတို့ အင်အားသာသွားပြန်ပါသည်။ ထိုအချိန်မှာပင် လက်ဖက်ရည်ဆိုင်မှ နာရီက



(၁၂)နာရီထိုးပြီဖြစ်ကြောင်း အချက်ပေးလာသည်။

ထို့ကြောင့် နှစ်ယောက်စလုံး တစ်ယောက်ကိုတစ်ယောက်ကြည့် ရင်း ထရပ်လိုက်ကြသည်။ ပြီး နှစ်ယောက်စလုံးအောက်ဆီဂျင်ကို တဝ ကြီးရှူကာ လက်ဖက်ရည်ဆိုင်တွင်းမှ ထွက်ခဲ့ကြတော့သည်။

ယနေ့သည် စနေနေ့ဖြစ်ပါသည်။ ထို့ထက်သေချာစွာ ပြော လျှင် စနေနေ့နေ့လယ် (၁၂)နာရီဖြစ်ပါသည်။

လက်ရုံးစိတ်ထဲ၌ တစ်စုံတစ်ရာသည် အတိုင်းမသိ အေးချမ်း နေပါ၏။ နောက်ပြီး ပျော်နေသည်။ ဆိုင်ပြင်ရောက်၍ လမ်းခွဲကာနီးတွင် သူတို့နှစ်ယောက် စကားအချို့ပြောဖြစ်ကြသည်။

"မင်း တနင်္လာနေ့ကျောင်းလာမှာလား"

ထူးစစ်ခေါင်းညိတ်ပြလိုက်ရင်း သူ့ဆီမှလည်း စကားသံအချို့ ရှန်းထွက်သွားပါ၏။

"ကျွန်တော်တို့နှစ်ယောက်တော့ စူဠသုဘဒ္ဒါနဲ့ သောနုတ္တရမုဆိုး လိုဖြစ်ပြီနဲ့တူတယ်"

"ဘာဖြစ်လို့လဲ"

"ဆန္ဒန်ဆင်မင်းနဲ့ သောနုတ္တရမုဆိုး စကားပြောခန်းကို သတိ ရမိလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

အစွယ်လိုသူမိဖုရား၊ အသွားစေခိုင်းသူ မင်းကောရာဇ်
လေးပစ်သူ ဘုရားကျွန်တော်၊
ကြံ့ဖော်ကြံ့ဖက် သုံးယောက်သားအနက်တွင်မှ
ကံကွက်ကြား၍ ဖေါက်သားမှုဆိုးလေ
နင့်ချည်းပင် သေပေတော့ . . .



# XXIV

"ရှင် . . . အခုဘာလုပ်နေလဲ . . . "

စွာတာတာ အသံလေးကြောင့် သူပြုံးမိသွားသည်။ သူမျှော်နေသောဖုန်းက မထင်ထားသော အချိန်တွင် ရင်ခုန်မြန်သွားစေပါ၏။

"ပိုင်စိုးပိုင်နင်းနဲ့၊ ငါ့ဘာသာဘာလုပ်လုပ် မင်းနဲ့ ဘာဆိုင်လဲ"

သူ၏ ဘုဆတ်ဆတ်အဖြေကြောင့် တစ်ဖက်မှ ခပ်ဟဟရယ်သံတစ်သံကို ကြားရသည်။ သူတမင်နောက်လိုက်ခြင်းဖြစ်ပေသည်။

"မဟုတ်ပါဘူး . . . ကျွန်မအခုပြောမယ့်စကားက အရေးကြီးလို့ . . . တော်ကြာ ရှင်မအားရင် ကျွန်မရဲ့ Second Arrow ကိုမရလိုက်မှာစိုးလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com

Second Arrow ဆို၍ လက်ရုံးစိတ်ဝင်စားသွားသည်။

"ရှင်အခု . . . အားနေတယ်မလား"

သံလိုက်စာတ်နှင့် ညှို့စာတ်တို့ အချိုးညီစွာပေါင်းစပ်ထားသော အမေးသံတစ်ခုက ထပ်ထွက်လာပြန်ပါ၏။

"မအားဘူး . . . ငါအခု စာအုပ်ဖတ်နေတယ် . . ."

"ဘာစာအုပ်လဲ . . ."

လက်ရုံးစိတ်ထဲမှ စုပ်တစ်ချက်သပ်လိုက်သည်။ ပြီးတော်တော် စပ်စုသည်။ မိန်းမပီသလိုက်တာဟုလည်း ပျစ်ပျစ်နှစ်နှစ် ပြောပစ်လိုက်သည်။

"ပဟေဠိစာအုပ် . . . ဘာလဲ . . . ဖြေကြည့်ချင်လို့လား"

"အဟွန်း . . . မဆိုးပါဘူး . . . ကောင်းသားပဲ . . . ဦးနှောက် နည်းနည်းနွေးသွားတာပေါ့ . . ."

တစ်ဖက်မှစကားကြောင့် လက်ရုံးယောကျ်ားဆန်ဆန်မဲ့သွားသည်။

"အပြောမကြီးနဲ့နော် . . ဒီထဲကတစ်ပုဒ်ဆိုရင် ညနေကတည်းက ငါတွက်နေတာ ခုနကမှအဖြေရတယ် . . . ဘယ်လိုလဲ . . . အဲဒါ စဉ်းစားကြည့်မလား . . ."

"ပြောကြည့်လေ . . ."

တစ်ဖက်မှစကားကြောင့် လက်ရုံးအကြိမ်ကြိမ်စဉ်းစားတွက်ချက်၍ အလွတ်ရနေပြီဖြစ်သော ပုစ္ဆာတစ်ပုဒ်ကို ရွတ်ပြလိုက်သည်။

"သေချာနားထောင် . . . ရွာနှစ်ရွာရှိတယ်တဲ့ . . . ပထမတစ်ရွာမှာ ရောက်သီးတစ်လုံးကို တစ်ကျပ်ဈေးရှိတယ် . . . ဒုတိယတစ်ရွာမှာ ရောက်သီးတစ်လုံးကို ငါးကျပ်ဈေးရှိတယ် . . . ရောက်သီးတွေကို နွားလှည်းနဲ့တင်ရင် နွားလှည်းတစ်စီးကို ရောက်သီးအလုံး(၁၀၀) တင်နိုင်တယ်တဲ့။ အဲဒီရွာနှစ်ရွာခြားလမ်းမှာ အကောက်ဌာနကင်းတဲ (၁၀၀)ရှိတယ်။ အဲဒီကင်းတဲတစ်ခုက နွားလှည်းတစ်စီးကို ရောက်သီးတစ်လုံး



အခွန်ကောက်ယူတယ်။ အဲဒါကြောင့် ပထမရွာက ရောက်သီးကို ဒုတိယရွာမှရောင်းရင် အမြတ်ရအောင် အနည်းဆုံးမည်သို့မည်မျှ ဝယ်ယူရမလဲတဲ့။ ကဲ . . . မေးခွန်းကတော့ဒါပဲ . . . ဖြေနိုင်ရင်ဖြေကြည့်ပါဦး"

မေးခွန်းဆုံးသွားပြီး နောက်တစ်ဖက်မှ အသံတိတ်သွားသည်။ စဉ်းစားသွားတာဖြစ်နိုင်ပါ၏။ ဒါပေမယ့် မကြာပါ။ ခဏအတွင်းမှာပင် သူ့နားထဲသို့ သံလိုက်စာတ်တွေပျော်ဝင်လာပြန်ပါ၏။

"အာ . . . ရှင့်ဟာကလည်း သိပ်လည်းခက်တာမဟုတ်ဘဲနဲ့။ ကျွန်မဖြေကြည့်မယ်နားထောင်။ ကျွန်မလှည်းတစ်စီးကို အလုံး (၁၀၀)နှုန်းနဲ့ လှည်းနှစ်စီးအလုံး(၂၀၀)တင်မယ်ရှင် . . ."

အကောက်ခွန်ကင်းတဲပေါင်း(၅၀)ကို ကျော်ပြီးသွားရင် ကျွန်မလှည်းတစ်စီးစီမှာ အလုံး(၅၀)စီပဲ ကျန်တော့မယ်။ အဲဒီတော့ လှည်းနှစ်စီးကို တစ်စီးဖြစ်အောင်ပေါင်းပြီး ကျွန်မခရီးဆက်မယ်။ နောက်ထပ် အကောက်ခွန်ကင်းတဲ(၅၀)ကို ထပ်ကျော်ပြီး ဒုတိယရွာကိုရောက်သွားရင် ကျွန်မလှည်းပေါ်မှာ ရောက်သီးအလုံး(၅၀)ကျန်ဦးမယ်ရှင့်။ အဲဒါကို ပေါက်ဈေးအတိုင်းရောင်းရင် ကျွန်မအမြတ်ရမှာပေါ့"

"ဘယ်လောက်မြတ်မယ်ထင်လဲ"

"အင်း . . . အရင်းက (၂၀၀)၊ ပေါက်ဈေးနဲ့အလုံး (၅၀)ကို ရောင်းရင် (၂၅၀)ဆိုတော့ ကျွန်မ (၅၀)မြတ်မှာပေါ့"

"မှန်ပါတယ်"

အားရပါးရတော့ သူထောက်ခံမပေး။ ဒါပေမယ့် အားမပါသော ထောက်ခံချင်းမျိုးလည်း မဟုတ်ပေ။ 'ထမင်းစားပြီးပြီလား' 'ပြီးပြီ' ဟူသော သဘောမျိုးလောက်သာရှိသည်။

"ဒါနဲ့ မင်းငါ့ဆီဖုန်းဆက်တာက . . ."

တစ်ဖက်မှ ဖုန်းခွက်လှုပ်ရှားသံတစ်ခုလိုလိုကို သူကြားလိုက်ရသည်။

"ဟုတ်ပါတယ်၊ ကျွန်မရဲ့ Second Arrow နဲ့ပတ်သက်ပြီး ရှင်



www.burmeseclassic.com

www.burmeseclassic.com

သိထားသင့်တဲ့အချက်တွေကို ပြောပြချင်လို့ပါ။ နောက်ပြီး Second Arrowကို ဘယ်လိုရှာရမယ်ဆိုတာလည်း နည်းပေးချင်လို့"

လက်ရုံးစိတ်ဝင်စားသွားသည်။ အထူးအဆန်းဆိုလျှင် စိတ်ဝင်စားတတ်သော သူ့အကျင့်ကဖျောက်လို့မရ။

"ကျွန်မရဲ့ Second Arrow ကိုရှာဖို့က ရှင်ခုနဝှက်သလိုပဲ။ ပဟေဠိလေးတစ်ခုနဲ့ ရှာရပါမယ်"

"ပဟေဠိ"

သူ့စိတ်ထဲမှ သံယောင်လိုက်မိခြင်းဖြစ်သည်။

"ဒါပေမယ့် အဲဒီပဟေဠိကိုဖြေပြီး ကျွန်မရဲ့ Second Arrow ကိုရှာဖို့က ရှင်ငွေနည်းနည်းသုံးမှရမယ်။ သိပ်မများပါဘူး"

"ဘယ်လောက်သုံးရမှာလဲ"

"တစ်ထောင်မပြည့်ဘူးဆိုပါတော့ . . . သုံးလို့ဖြစ်မလား"

"ဖြစ်ပါတယ် . . . အဲလောက်က ကိစ္စမရှိပါဘူး"

"ဟုတ်ပါပြီ။ အဲဒါဆိုရင်တော့ ကျွန်မရဲ့ပဟေဠိကို စပြောပါပြီ။ ဒီလိုပါ"

"နေရာသုံးခုရှိတယ်တဲ့ . . . အိမ်သုံးအိမ်ပေါ့။ တစ်အိမ်စီမှာ အပေါက်စောင့်တစ်ယောက်နဲ့ အိမ်ရှင်တစ်ယောက်ရှိတယ်။ တစ်အိမ်နှစ်ယောက်နဲ့ လူခြောက်ယောက်ပေါ့။ အရင်ဆုံး ရှင်လုပ်ရမှာက ပထမအိမ်ကိုတွေ့အောင်ရှာရမယ်။ ပထမအိမ်ကိုတွေ့လို့ရှိရင် အပေါက်စောင့်ကို ရှင့်ဆီမှာပါတဲ့ ပိုက်ဆံအချို့တဝက်ပေးရမယ်။ ဥပမာ ရှင့်ဆီမှာ ငွေ (၁၀၀၀)ပါရင် (၅၀၀) ပေးလိုက်တယ်ပဲထားပါတော့။ အဲဒါဆိုရင် ရှင့်ဆီမှာ (၅၀၀)ပဲကျန်မယ်။ အဲဒီ (၅၀၀)ကိုကိုင်ပြီး ရှင်အိမ်ထဲကို ဝင်သွားရမယ်။ အထဲရောက်ရင် အိမ်ထဲမှာရှိတဲ့ သူဌေးက ရှင်ကိုင်လာတဲ့ငွေ အလျောက်ပြန်ပေးမယ်။ ဆိုလိုတာက ရှင် (၅၀၀)ကိုင်ပြီးဝင်လာရင် (၅၀၀) ပြန်ပေးမယ်။ ဒါဆိုရှင့်ဆီမှာ (၁၀၀၀)ပြန်ဖြစ်ပြီပေါ့။ ဒုတိယအိမ်ကိုလည်း ပထမအိမ်မှာပေးခဲ့တဲ့ငွေအတိုင်းပေးပြီး ဝင်ရမယ်။ အထဲက



သူဌေးကလည်း ရှင့်ဆီမှာကျန်ခဲ့တဲ့ငွေအတိုင်းပဲ ပြန်ပေးမယ်။ အဲ . . . တတိယအိမ်ကျတော့ ထူးဆန်းတယ်။ ဝင်ဝင်ချင်းမပေးရဘူး။ အထဲရောက်မှ သူဌေးကိုပါလာသမျှပိုက်ဆံ အကုန်ပေးခဲ့ရမယ်။ ဒါပေမယ့် ရှင်ပေးလိုက်တဲ့ပိုက်ဆံဟာ ပထမအိမ်နဲ့ ဒုတိယအိမ်နဲ့က တံခါးစောင့်ကို ပေးခဲ့တဲ့ပိုက်ဆံအတိုင်းပဲဖြစ်ရမယ်။ ပိုလည်းမပိုရဘူး၊ လျော့လည်း မလျော့ရဘူး၊ သဘောပေါက်လား"

"အင်း . . . .နည်းနည်းတော့ ပေါက်သလိုပဲ။ ဒါပေမယ့် သိပ်မရှင်းဘူး"

"အဲဒါဆို ကျွန်မနောက်တစ်ခေါက်ပြန်ပြောပါ့မယ်"ဟုဆိုကာ နောက်တစ်ခေါက်ထပ်ပြောပြပါ၏။

"ရှင်းပြီလား"

"အင်း . . . ရှင်းပါပြီ"

"ဒါဆိုရင် ကျွန်မရဲ့ပဟေဠိအတွက် အရေးကြီးတာတွေ ထပ်ပြောပါမယ်။ အရေးကြီးဆုံးအချက်က အိမ်သုံးအိမ်က လူခြောက်ယောက်လုံးကို မကြည့်ရဘူး"

"ဟင်"

လက်ရုံး အံ့သြသွားသည်နှင့်ထပ်တူ . . .

"မင်းလူတွေကိုမကြည့်ဘဲနဲ့ ငါကပိုက်ဆံဘယ်လိုလုပ်ပေးမှာလဲ။ ငါ့မျက်လုံးကို အဝတ်စည်းထားရမှာလား"

"အဲလောက်ထိ မလိုပါဘူး။ အရမ်းကြီးမကြည့်ရင် ရပါပြီ။ ဒါပေမယ့် အရာရာကို သတိထားတတ်တဲ့အလေ့အကျင့်ရှိရင်တော့ အဲဒီသူတွေကို ရှင်မကြည့်ဘဲနဲ့သိမှာပါ"

လက်ရုံးမျက်နှာ မဲ့သွားသည်ထင်သည်။

"ဟုတ်ပါပြီ . . . မကြည့်ပါဘူး"

"နောက်တစ်ခုက ဒုတိယအိမ်ရဲ့တည်နေရာကို ပထမအိမ်က လမ်းညွှန်ပါလိမ့်မယ်။ တတိယအိမ်ရဲ့တည်နေရာကို ဒုတိယအိမ်က လမ်း



www.burmeseclassic.com

www.burmeseclassic.com

ညွှန်ပါလိမ့်မယ်"

"ဒါဆို ပထမအိမ်အတွက်ကရော"

"ပထမအိမ်ကိုရှာဖို့က ကျွန်မကဗျာတစ်ပုဒ်ရွတ်ပြပါ့မယ်။ အဲဒီကဗျာကို အခြေခံပြီးရှာပါ။ အဲဒီကဗျာက . . . "

"ခဏလေး . . . ခဏလေး . . . ငါစာအုပ်ထဲမှာ မှတ်လိုက်ဦးမယ်"

ထို့နောက် လက်ရုံးခဏအလုပ်ရှုပ်သွားသည်။ ပြီးနောက် . .

"နေပါဦး၊ ငါမရှင်းတာတစ်ခုရှိလို့ မေးပါဦးမယ်။ မင်းပြောသလို ငါတတိယအိမ်ကိုတွေ့ပြီပဲ ထားပါတော့။ အိမ်ထဲကလူကို ငွေပေးပြီး ငါကဘာဆက်လုပ်ရမှာလဲ"

"ဘာမှလုပ်စရာမလိုပါဘူး။ တတိယအိမ်က နောက်ဆုံးလူဆီမှာ ကျွန်မရဲ့ Second Arrow ရှိပါတယ်"

"ဩော် . . . ဒါဆိုငါက တတိယအိမ်ထဲထိရောက်မှ ရမှာပေါ့"

"အမှန်ပါပဲ"

"ဟုတ်ပါပြီ။ ငါမင်းရဲ့ကစားနည်းကို လက်ခံပါတယ်။ ဘယ်တော့စရမယ်သာပြောပါ"

တစ်ဖက်မှ အသံလှိုင်း ခေတ္တရပ်သွားသည်။ နောက်မကြာခင်မှာတင် . . .

"မနက်ဖြန်မနက် ထောင့်မှန်ကျတဲ့အချိန်"

သူတို့နှစ်ဦးကြားတွင် ဆက်သွယ်ထားသော ရေဒီယိုလှိုင်းတာန်သည် တစ်ဦးဦး၏ချို့ယွင်းမှုကြောင့် ပြတ်တောက်သွားလေပြီဖြစ်သည်။



# လည်ဆွဲချစ်သူ

မည်းမည်းရှည်ရှည် အစွယ်နှစ်ပေါက် သတ္တဝါတစ်ယောက်

သူကြားချင်တယ် အသံတစ်ပေါက် ဗိုက်ကိုတခေါက်ခေါက်

ဟုတ်ကဲ့ . . . မြန်မာစံတော်ချိန် မွန်းတည့် ၁၂ နာရီ ထိုးပါပြီရှင်"



www.burmeseclassic.com

www.burmeseclassic.com

# XXV

သန်ဘက်ခါသည် ဗုဒ္ဓဟူးနေ့ဖြစ်ပြီး ပြီးခဲ့သောဖန့်ခါသည် သောကြာနေ့ဖြစ်ကာ ရက်သတ္တပတ်၏ ဒုတိယနေ့ဆိုလျှင်လည်း မ သော စနေနေ့နှင့်ကြားမှာ လေးရက်ခြားသည့်နေ့ကိုပြပါဆိုလျှင် ယ ခေါ် ဒီနေ့ကိုပြရပါလိမ့်မည်။

ဟုတ်ပါသည်။ ဒီနေ့သည် ရက်သတ္တပတ်၏ ဒုတိယမြော မနက်ခင်းဖြစ်သည့်အားလျော်စွာ ပုံမှန်အတိုင်း ကျောင်းကြီး၏နိုးထချိ သည် လတ်ဆတ်လို့နေပါ၏။

S-days ခေါ် စနေ၊ တနင်္ဂနွေနှစ်ရက်နား၍ မူး–day ခေ Mondayဖြစ်သဖြင့် ကျောင်းလာသူအားလုံးတို့မှာလည်း အာရုံသစ် နှင့် လန်းနေကြသည်။ မလန်းနိုင်သူက လက်ရုံးတို့သုံးယောက်။



လက်ရုံး ဒီနေ့မနက်သူ၏ အလုပ်ကိစ္စတွေကို အမြန်ဆုံးဖြတ်၍ ကန်တင်းဆီရောက်နေသည်။ ရောက်ရောက်ချင်း ဇော်ကိုနှင့်ထူးစစ်ကို ညကအမည်မဖော်လိုသူနှင့် ဖုန်းပြောဖြစ်သည့်အကြောင်း ပြောပြတော့ သူတို့စိတ်ဝင်စားသွားကြသည်။ ပြီး သူနှင့်ဖုန်းပြောသည့်အကြောင်းလည်း ပြောပြလိုက်ရော ဇော်ကိုတို့နှစ်ယောက်မှာ စိတ်ဝင်စားလွန်းသဖြင့် မျက်တောင်ပင်မခတ်တော့။

နောက်ဆုံးညက သူရေးမှတ်ထားသည့်ကဗျာကိုလည်း ပြလိုက်ရော ယခုလို အသံတွေကြားရတော့သည်။

"ကဗျာခေါင်းစဉ်က ဘာကြီးလဲဟ။ ကိုရီးယားကားနာမည်လိုလို ဘာလိုလိုနဲ့"

"အေးလေကွာ . . . စပိုင်ချစ်သူကို ကော်ပီယူထားတာလား မသိဘူး"

လက်ရုံးကတော့ ဘာမှမှတ်ချက်မပေး ခေါင်းစဉ်အောက်မှ စာသားတွေကိုသာ စဉ်းစားနေသည်။

"မည်းမည်းရှည်ရှည် အစွယ်နှစ်ပေါက် သတ္တဝါဆိုတာ ဘာလို့မင်းတို့ထင်လဲ"

လက်ရုံး၏အမေးကို ထူးစစ်က နှုတ်ခမ်းတစ်ချက်သပ်လိုက်ရင်းမှ . . .

"မြွေလို့တော့ထင်တာပဲ"

"အေး . . . ငါလည်း အဲလိုပဲထင်တယ်။ ဒါပေမယ့် မည်းမည်းရှည်ရှည်ဆိုတော့ မြွေဟောက်ကိုများပြောတာလား မသိဘူး"

"အေး . . . ဟုတ်တယ်၊ မြွေဟောက်ကိုပြောတာဖြစ်မယ်"

ဇော်ကိုက ထောက်ခံသည်။ ပြီးတစ်ဆက်တည်းပင် . . .

"ဒါဆို ဒုတိယအကြောင်းကရော . . . "

"သူကြားချင်တယ် အသံတစ်ပေါက်ဗိုက်ကို တစ်ခေါက်ခေါက်"

လက်ရုံးတိုးတိုးလေးရွတ်သည်။ ပြီးတစ်ဆက်တည်းပင် . . .



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အထင်ပြောရရင် သူကြားချင်တယ် အသံတစ်ပေါက်နဲ့ ဗိုက်ကိုတစ်ခေါက်ခေါက်နဲ့က သပ်သပ်စီဖြစ်မယ်။ နောက်ပြီး အောက်ကစာကြောင်းနဲ့ သူကြားချင်တယ် အသံတစ်ပေါက်က သွားစပ်ဆက်နေတယ်"

"ဘယ်လို"

ဇော်ကိုတို့ နားရှုပ်သွားကြသည်။

"ဒီလိုကွာ . . . သူကြားချင်တယ် အသံတစ်ပေါက်က အောက်မှာရှိတဲ့ (၁၂)နာရီထိုးပါပြီရှင်ဆိုတဲ့အသံကို ညွှန်းထားတာ။ (၁၂)နာရီထိုးပြီဆိုတဲ့အသံကိုလည်း ကြားချင်တယ်၊ နောက်ပြီး ဗိုက်ကိုလည်းခေါက်တယ်ဆိုတော့ ထမင်းဆာလို့ပဲဖြစ်ရမယ်"

"အေး . . . ဟုတ်တယ်"

အခုမှ သဘောပေါက်သွားသလို ဝမ်းသာအားရ ထောက်ခံကြသည်။

"ဒါဆို အပေါ်က 'မြွေဟောက်' နဲ့ အောက်က 'ထမင်းဆာ' ကို တွဲကြည့်ရင် 'မြွေထမင်း'လို့တော့ရှိမှာမဟုတ်ဘူး။ ဒါဆို . . ."

"ဟောက်စားပေါ့"

လက်ရုံးခေါင်းညိတ်ပြလိုက်သည်။ ဇော်ကိုက သူပြောတာမှန်တယ်ဟူသော သဘောဖြင့် 'ဟေး'ဟု ထအော်သည်။ ထိုအချိန်မှာပင် လက်ရုံးမျက်နှာ ချက်ချင်းတည်သွားပါ၏။ နောက်နာရီတစ်ချက်ပင့်ကြည့်ကာ . . .

"အချိန်မရှိဘူး . . . လာ . . . သွားရအောင်"

ဟုဆိုကာ အလျင်စလို ထထွက်သွားသည်။ ထို့ကြောင့် ဇော်ကိုတို့နှစ်ယောက်လည်း ဘုမသိ၊ ဘမသိဖြင့် လက်ရုံးနောက်ကို အမီလိုက်ရပါ၏။

"ဟေ့ကောင် . . . လက်ရုံး၊ ခဏနေပါဦးဟ"

ဇော်ကိုက လှမ်းအော်သည်။ ဇော်ကို၏အော်သံကြောင့် လက်ရုံးသူ့လက်မှနာရီကို တစ်ချက်ပင့်ကြည့်ကာ . . .



"ဟာ . . . မြန်မြန်လာကြကွာ။ ဒီမှာ နာရီထောင့်မှန်ကျတော့မယ်"

"ဟင်"

လက်ရုံးစကားကြောင့် ထူးစစ်တို့နှစ်ယောက် ကြောင်သွားပါသည်။ ထိုအချိန်မှာပင် လက်ရုံးကိုမီသွားကြပါ၏။

"ဘာလဲ . . . နာရီထောင့်မှန်ကျတာ"

ရောက်ရောက်ချင်း ဇော်ကိုက သူနားမလည်တာကို တန်းမေးသည်။

"ဒီမှာလေကွာ" ဟုဆိုရင်း လက်ရုံးက သူ့နာရီကိုပြသည်။

နာရီက ကိုးနာရီထိုးဖို့ရန် စက္ကန့်အနည်းငယ်သာ ကျန်တော့သည်။

"ဩော် . . . မင်းနာရီက မှန်လေးထောင့်နဲ့မို့လို့ L-မှန်လို့ပြောတာလား"

ဇော်ကို၏ အူလည်လည်အမေးကြောင့် လက်ရုံးရယ်ချင်စိတ်ဖြင့် စုတ်တစ်ချက်သပ်လိုက်ကာ . . .

"ကျွတ် . . . အဲဒါကိုပြောတာမဟုတ်ဘူး။ ဒီမှာ လက်တံတစ်ဖက်က ကိုးကိုပြပြီး တစ်ဖက်က ဆယ့်နှစ်ကိုပြနေလို့။ L-မှန်လို့ပြောတာ။ ရှင်းပြီလား"

လက်ရုံး၏စကားကြောင့် ဇော်ကိုက သူ့လက်မှနာရီကို သူပြန်ကြည့်သည်။ ပြီး 'အေး . . . ဟုတ်သားပဲ' ဟု ပြောပါ၏။

"ဒါနဲ့ နေပါဦး။ အစ်ကိုက အခုဘယ်သွားမှာလဲ"

ထူးစစ်က မေးခြင်းဖြစ်သည်။

"ကျောင်းဝက ဂိတ်ပေါက်ကို"

"ဟင်"

နှစ်ဦးစလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း မေးငေါ့ပြကြသည်။ နားမလည်ဘူးဆိုသည့်သဘော . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့"

"ဟောက်စားလေကွာ"

ထူးစစ်၏အမေးကို လက်ရုံးပီပြင်စွာ တစ်ချက်ပြုံးရင်းဖြေသည်။

"ဟော့ကောင် . . . ဂိတ်ဝန့်ဟောက်စားနဲ့က ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ကွ . . . မင်းတို့ကဗျာခေါင်းစဉ်ကို မေ့နေပြီနဲ့တူတယ်။ လည်ဆွဲချစ်သူဆိုတာလေ . . . စဉ်းစားကြည့်လိုက်။ ဝင်လာသမျှလူတွေရဲ့ လည်ပင်းကိုကြည့်ပြီး ကျောင်းသားကဒ်ဆွဲမဆွဲ ဟောက်စားလုပ်နေတာ သူတို့ပဲရှိတယ်"

လက်ရုံးစကားကြောင့် ထူးစစ်တို့နှစ်ယောက်စလုံး စဉ်းစားသွားကြသည်။

"အေး . . . ဟုတ်သားပဲ"

ဇော်ကိုက ခေါင်းညိတ်ရင်း ထောက်ခံပါ၏။

"ဒါဆို မင်းဆိုလိုတာက ကျောင်းဝလုံခြုံရေးဂိတ်က အမည်မဖော်လိုသူရဲ့ ပထမအိမ်ပေါ့"

"အသေအချာပဲ"



# XXVI

လုံခြုံရေးဂိတ်ဝတွင် လူတစ်ယောက်ထိုင်နေပါ၏။ သူ၏ပုံစံက လူမသိစေရန် တမင်တကာ ရုပ်ဖျက်ထားသည့်ပုံစံမျိုး။ ဂျင်းဘောင်ဘီရှည်ကို ရှူးအဖြူတစ်ရံနှင့်တွဲစီး၍ အပေါ်က Rain Coat ကို ခေါင်းစွပ်ထုတ်ဆောင်းကာ ထိုအပေါ်မှ လျှာထိုးဦးထုပ်တစ်လုံး ထပ်တင်ထားပါ၏။ တော်ရုံကြည့်ရုံမျှနှင့် သူ၏ရုပ်ကိုမမြင်နိုင်။ ဒါပေမယ့် ပုံစံအနေအထား၊ ဝတ်ပုံစားပုံအရတော့ တော်တော်ကြည့်လို့ကောင်းသည်။

"ဒါ ပထမအိမ်ဟုတ်ပါသလား"

အဝတွင်ခြေစုံရပ်၍ မေးလိုက်သော လက်ရုံးအသံကြောင့် ထိုသူက မဆိုစလောက်လေး မော့ကြည့်သည်။ ပြီး ခေါင်းကိုညိတ်လိုက်တာ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လောက်ပါလာပါသလဲ"

"ဟင်"

မထင်မှတ်စွာထွက်လာသော အသံတစ်ခုကြောင့် လက်ရုံး ကြောင်သွားသည်။ ချက်ချင်းပင် ထိုသူကိုကြည့်မိတော့ . . .

ဟုတ်သည်။ သူလုံးဝမထင်ထားမိ။

ပထမအိမ်၏တံခါးစောင့်က မိန်းကလေးတစ်ယောက်။

သို့ပေမယ့် သူချက်ချင်းပင် တွေးမိသွားသည်။

"ဟုတ်မှာပါ။ အမည်မဖော်လိုသူက မိန်းကလေးပဲ။ သူ့ကိုကူ ညီတဲ့သူတွေကလည်း မိန်းကလေးပဲဖြစ်မှာပေါ့"

ထိုသို့တွေးလိုက်ရင်းမှ လက်ရုံးပိုက်ဆံအိတ်ကို တစ်ချက်ကြည့် လိုက်ကာ . . .

"ငါးရာနှစ်ဆယ့်ငါးကျပ်"

"ဘယ်လောက်ပေးမှာလဲ"

စကားတို့ကပြတ်သည်။

"သုံးရာ"

ထိုသူက ခေါင်းညိတ်ကာ လက်ဝါးကိုဖြန့်သည်။ လက်ရုံး ပိုက် ဆံအိတ်ထဲမှလဲယူလာသော တစ်ရာတန်သုံးရွက်ထုတ်ပေးလိုက်ပါ၏။

ပြီး အထဲဝင်မည်ပြုစဉ်မှာပင် . . .

"မဆိုင်တဲ့လူတွေ ဝင်လို့မရပါဘူး။ အပြင်မှာပဲ ခဏနေခဲ့ပါ"

ထိုစကားကြောင့် ဇော်ကိုနှင့်ထူးစစ်မှာ အလိုလိုအပြင်မှာ ကျန် ခဲ့ရပါ၏။ လက်ရုံးတစ်ယောက်တည်းပဲ ရဲတင်းစွာ အထဲသို့ဝင်သွား လိုက်သည်။ အထဲတွင် စားပွဲခုံတစ်လုံး။ ထိုစားပွဲခုံ၏နောက်တွင် ခုံတစ် လုံးနှင့် လူတစ်ယောက်ထိုင်နေပါ၏။ ထိုသူ၏ ဝတ်စားဆင်ယင်ပုံမှာ လည်း အပြင်မှာကျန်ခဲ့သော မိန်းကလေးဝတ်ထားပုံနှင့်တစ်ပုံစံတည်း။

သူအလိုလိုသိလိုက်သည်။ ဒါဟာလည်း မိန်းကလေးတစ် ယောက်ဆိုတာ . . .



ဒါပေမယ့် ထိုမိန်းကလေး၏ ထိုင်နေပုံဟန်ပန်မှာ အရမ်းကြည့် လို့ကောင်းပေသည်။ စတိုင်ကျသည်။ အနီးစပ်ဆုံးပြရလျှင် ကင်မရာ ရှေ့၌ ဓာတ်ပုံအရိုက်ခံနေသော မော်ဒယ်တစ်ယောက်၏ပုံစံမျိုး။

"ထိုင်ပါ"

ထိုမိန်းကလေးက မော့မကြည့်ဘဲပြောသည်။ လက်ရုံးဝင်ထိုင် လိုက်ပါ၏။

"ဘယ်လောက်ပါလာပါသလဲ"

"နှစ်ရာနှစ်ဆယ့်ငါးကျပ်"

လက်ရုံး၏အဖြေစကားအဆုံးမှာ ထိုမိန်းကလေးက စားပွဲပေါ် သို့ နှစ်ရာတန်တစ်ရွက်၊ နှစ်ဆယ်တန်တစ်ရွက်နှင့် ငါးကျပ်တန်တစ် ရွက်တင်ပေးသည်။ ကြိုတင်စီစဉ်ထားပုံရပါ၏။

"ယူပါ"

တိုးညှင်းရှတစွာပြောရင်းမှ . . .

"ကျွန်မတို့ရဲ့ ပထမအိမ်ကိုရှာနိုင်တာရော၊ ပဟေဠိပထမအဆင့် ကိုဖြေနိုင်တာရော နှစ်ခုစလုံးအတွက် ကျွန်မ ကိုလက်ရုံးကိုဂုဏ်ယူပါ တယ်။ အခု ကျွန်မတို့အလှည့်ပြီးပါပြီ။ ကျန်တာက ကိုလက်ရုံးအလှည့် ပါ"

"ဘယ်လို"

"ကိုလက်ရုံးကြိုက်နှစ်သက်ရာ မေးခွန်းတစ်ခု ကျွန်မကိုမေး နိုင်ပါတယ်။ သဘောတူညီမှုကစားပွဲထဲမှာတော့ မပါပါဘူး။ ဒါကျွန်မ ကိုလက်ရုံးကို ဂုဏ်ပြုတာပါ"

လက်ရုံးတစ်ချက်ပြုံးလိုက်သည်။

"မေးခွန်းတော့ မမေးချင်ပါဘူး။ ကျွန်တော်က မြန်မာစာပေ ဆိုပေမယ့် သင်္ချာကို စိတ်ဝင်စားတယ်။ အဲဒီတော့ ကျွန်တော်စိတ်ဝင်စား လောက်မယ့် သင်္ချာနည်းလေးတစ်ခုခုပေးပါလား။ ဘယ်သူမှ မစဉ်းစား ဖူးတဲ့နည်းလေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ထိုမိန်းကလေးက လက်ခံခေါင်းညိတ်ကာ သူ့ဆီမှစာရွက်နှင့် ဘောလ်ပင်တောင်းပါ၏။ လက်ရုံးလည်း ထုတ်ပေးလိုက်ပြီး ထိုမိန်းကလေးရေးမည့်အကြောင်းအရာတွေကို စိတ်ဝင်စားစွာကြည့်နေလိုက်သည်။

စာရွက်နှင့်ဘောလ်ပင်မှာ ထိသွားသည်။

| | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၀ | |
| − | ၀ | ၉ | ၈ | ၇ | ၆ | ၅ | ၄ | ၃ | ၂ | ၁ | ပြောင်းပြန်ရေး - နုတ် |
| | | ၂ | ၄ | ၆ | ၉ | ၁ | ၃ | ၅ | ၆ | ၉ | နုတ်လဒ် |
| + | | ၉ | ၆ | ၅ | ၃ | ၁ | ၉ | ၆ | ၄ | ၂ | ပြောင်းပြန်ရေး - ပေါင်း |
| | ၁ | ၂ | ၁ | ၂ | ၂ | ၃ | ၃ | ၂ | ၁ | ၁ | ပေါင်းလဒ် |
| + | ၁ | ၁ | ၂ | ၃ | ၃ | ၂ | ၂ | ၁ | ၂ | ၁ | ပြောင်းပြန်ရေး - ပေါင်း |
| | ၂ | ၃ | ၃ | ၅ | ၅ | ၅ | ၅ | ၃ | ၃ | ၂ | ပေါင်းလဒ် |
| − | ၂ | ၃ | ၃ | ၅ | ၅ | ၅ | ၅ | ၃ | ၃ | ၂ | ပြောင်းပြန်ရေး - နုတ် |
| | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | ၀ | |

"အဲဒီကိန်းစဉ်ကို ကျွန်မက (M2PM of 1 To O) လို့ အမည်ပေးထားတယ်။ တစ်မှသုညကိန်း၏ အနုတ်–အပေါင်း၊ အပေါင်း–အနုတ်ကိန်းစဉ်ပေါ့။ အဲလောက်ဆိုရင်ဖြစ်လား"

လက်ရုံး ကိုယ်မသိတာကိုသိရသည်မို့ လေးစားသလိုလိုတောင်ရှိသွားသည်။ စားပွဲပေါ်မှစာရွက်ကို သူဆွဲယူလိုက်ရင်း . . .

"ဖြစ်ပါတယ်"

သူ့မျက်နှာပေါ်တွင် ရွှင်ပြုံးစိတ်တို့ ထင်ဟပ်နေပါသည်။ အထင်ကြီးသွားသည်လားတော့မသိ။ ဒါပေမယ့် သူပျော်နေသည်။

"ရော့ . . . ဒါက ဒုတိယအိမ်ကိုရှာဖို့"

ထိုမိန်းကလေးကမ်းပေးသော စာရွက်ခေါက်ဖြူဖြူကို လှမ်းယူရင်း သူ့အထဲမှ လှည့်ထွက်ခဲ့ပါတော့သည်။ အပြင်ကိုရောက်တော့ . . .



"ဟော့ကောင် . . . မင်းမျက်နှာကြီးက ဘာဖြစ်နေတာလဲ"

အပြင်ရောက်ရောက်ချင်း ဇော်ကိုက ဆီးမေးပါ၏။

"ဘာဖြစ်လို့လဲ"

"ပြုံးနေသလားလို့"

လက်ရုံးတစ်ချက်ရယ်လိုက်သည်။

"မဟုတ်ပါဘူး၊ ငါတစ်ခုခု သိလိုက်ရလို့ပါ"

ထို့နောက် လက်ရုံး ဒုတိယအိမ်ကိုရှာရန်ပေးလိုက်သော စာရွက်ဖြူကို ဖွင့်ကြည့်လိုက်သည်။

A4 စာရွက်အကြီးကြီး၏ အလယ်တည့်တည့်တွင် စာလုံးသုံးလုံးသာ ရေးထားပါ၏။ ထိုစာလုံးသုံးလုံးက အောက်ပါအတိုင်းသာ . . .

**E 70**

"ဟင် . . . ဘာလဲဟ"

"E 70 . . . အဲဒါ ဘာအဓိပ္ပာယ်လဲ"

လက်ရုံး လုံချည်ကိုပြင်ဝတ်လိုက်ရင်း . . .

"အရှေ့ဘက်ကို ခြေလှမ်း 70 လို့ပြောတာ"

မကြာပါ။ သူတို့သုံးယောက်ပါးစပ်မှ အသံတွေထွက်လာပါတော့သည်။

"တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း . . . လေးလှမ်း"

ဒုတိယအိမ်က ဘာဖြစ်မည်ဆိုတာကို သူတို့ကိုယ်စီစိတ်ထဲတွင် ရေးတေးတေး ပေါ်လာနေပြီဖြစ်သည်။

"ငါးဆယ့်ခြောက် . . . ငါးဆယ့်ခုနစ် . . . "

သေချာပါပြီ။ အမည်မဖော်လိုသူ၏ ဒုတိယအိမ်ကား . . .

"ခြောက်ဆယ့်ကိုး . . . ခုနစ်ဆယ်"

သူတို့ခြေလှမ်းရပ်တန့်သွားနေရာကား R.C (ကျောင်းသားများ



www.burmeseclassic.com

www.burmeseclassic.com

နားနေဆောင်)၏ ရှေ့တည့်တည့်။

နားနေဆောင်သည် ယနေ့အဖို့ လူတော်တော်ရှင်းနေပါ၏။ RC ၏ဝင်ပေါက်ဝတွင်လည်း မိန်းကလေးတစ်ယောက်ထိုင်နေပါ၏။ သူမ၏ပုံစံကလည်း ပထမအိမ်မှ လူတွေ၏ပုံစံနှင့် ဘာမှမခြား။

လက်ရုံးအပေါက်ဝသို့ ဦးတည်သွားလိုက်ပါသည်။ ထိုအခါတွင် . . .

"ဒုတိယအိမ်ဟုတ်ပါတယ်။ ဘယ်သောက်ပါလာပါသလဲ"

လက်ရုံးပြုံးလိုက်သည်။ သူ့ဆီမှာ လက်ကျန်နှစ်ရာနှစ်ဆယ့်ငါးကျပ်နှင့်ပထမအိမ်မှပေးလိုက်သော နှစ်ရာနှစ်ဆယ့်ငါးကျပ် . . . ပေါင်းလေးရာ့ငါးဆယ်"

"လေးရာ့ငါးဆယ်"

"ဘယ်လောက်ပေးခဲ့မှာလဲ"

"သုံးရာ"

"ဟုတ်ပါတယ်"ဟု ချိုသာစွာပြောရင်း လက်ဖြန့်သည်။ ထို့ကြောင့် လက်ရုံးလည်း ပထမအိမ်မှရခဲ့သော နှစ်ရာတန်နှင့် မိမိလက်ကျန်နှစ်ရာနှစ်ဆယ့်ငါးကျပ်ထဲမှ တစ်ရာတန်တစ်ရွက်ကိုထုတ်ရင်း ထိုမိန်းကလေးလက်ပေါ်သို့ တင်ပေးလိုက်သည်။ ထိုမိန်းကလေး ခေါင်းညိတ်သည်လား၊ မညိတ်သည်လား မသဲကွဲတော့။ သူအထဲသို့ရောက်သွားပြီ ဖြစ်သည်။

ဇော်ကိုနှင့်ထူးစစ်ကတော့ ထုံးစံအတိုင်းပဲ အပြင်မှာကျန်ခဲ့ပါ၏။ အထဲမှာက ပထမအိမ်နှင့်မကွာခြားသော အပြင်ဆင်တစ်ခု။ စားပွဲတစ်လုံးနှင့် မိန်းကလေးတစ်ယောက်။ လက်ရုံးဖိတ်ခေါ်သံ စောင့်မနေတော့ဘဲ ခုံတွင်ဝင်ထိုင်လိုက်ပါ၏။ သူ့ခန္ဓာကိုယ်နှင့် ခြေလေးချောင်းထောက် သက်မဲ့အရာဝတ္ထုတို့ထိတွေ့မှုအဆုံးမှာပင် . . .

"ဘယ်လောက်ပါလာသလဲ"

"တစ်ရာ့ငါးဆယ်"

ထိုအခါ မိန်းကလေးက တစ်ရာတန်တစ်ရွက်နှင့် ငါးဆယ်တန်တစ်ရွက် စားပွဲပေါ်တင်ပေးပါ၏။ ယခု သူ့ဆီတွင် ဒုတိယအိမ်မှ အိမ်ရှင်ကိုပေးခဲ့ဖို့အတွက် သုံးရာပြည့်ပြီဖြစ်လေသည်။

"ကျွန်မတို့ရဲ့ ဒုတိယအိမ်နဲ့ ပဟေဠိကို မှန်ကန်စွာအဖြေရှာနိုင်တဲ့အတွက် ကိုလက်ရုံးကို ကျွန်မတို့အဖွဲ့က လေးစားပါတယ်။ ဒီတော့ ပထမအိမ်မှာလို ကိုလက်ရုံးကြိုက်နှစ်သက်ရာ မေးခွန်းနှစ်ခု ကျွန်မကို မေးနိုင်ပါတယ်"

ထိုမိန်းကလေးစကားပြောပုံက ညို့အားပါသလို၊ ဟန်ပန်အမူအရာတွေကလည်း ဆွဲဆောင်မှုရှိသည်။ လက်ရုံးစိတ်မှတ်မှားတာလားမသိ။ ထိုမိန်းကလေး၏ ဟန်ပန်အမူအရာတွေကို သူတစ်နေရာရာမှာတွေ့ဖူးနေသည်။

နောက် . . .

သူဘာလုပ်ရမှာလဲ . . . ဘာမေးရမှာလဲ။

"ကြိုက်ရာမေးပါ"

ဒုတိယဖိတ်ခေါ်သံအဆုံးမှာပင် လက်ရုံးစိတ်ဝင်စားမှုတွေနှင့် တက်ကြွခဲ့ပြီဖြစ်သည်။

"အလိုကြီး၊ အရနည်းဆိုတဲ့စကားပုံကို ယုံကြည်ပါသလား"

ချက်ချင်းပင် ထိုမိန်းကလေးဆီမှ အဖြေထွက်လာသည်။

"မယုံကြည်ပါဘူး"

"ဘာကြောင့်ပါလဲ"

"ပုံပြင်ထဲမှာ တစ်နေ့ရွှေတစ်လုံး၊ တစ်လုံးဥတဲ့ ငန်းတစ်ကောင်ရှိတယ်လို့ပါပါတယ်။ ဒါပေမယ့် ငန်းထီးဆိုတာတော့ မပါပါဘူး။ အဲဒါကြောင့်မို့လို့ မယုံကြည်တာပါ"

"ဟင် . . . ဘာဆိုင်လို့လဲ"

"လောကမှာ ဘယ်အမသတ္တဝါမှ အဖိုမရှိဘဲ ဥမအုသားမမွေးပါဘူး။ ချွင်းချက်အနည်းငယ်က လွဲလို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com

လက်ရုံးကြိုက်သွားသည်။ ဒီလိုပွင့်လင်းရဲတင်းမှုကို သူသဘောကျပါ၏။

"အဲဒီ . . . အလိုကြီး၊ အရနည်းဆိုတဲ့စကားပုံက ဘယ်အချိန်လောက်ကတည်းက ပေါ်ပေါက်ခဲ့တာပါလဲ"

"အင်း . . . ကျွန်မအထင်ပြောရရင်တော့ ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက်လောက်လို့ ထင်တာပဲ"

"ဗျာ"

"ဟုတ်ပါတယ်။ အဲဒီအချိန်လောက်ကတည်းက ပေါ်နေခဲ့တာပါ"

"ရှင်းပါဦး"

ထိုမိန်းကလေးက ချက်ချင်းမဖြေ။ တစ်စုံတစ်ခုကို စဉ်းစားနေပါ၏။ ပြီး . . .

"ကျွန်မက ဘယ်အရာမဆို ပွင့်လင်းတာပဲ သဘောကျတယ်။ ကျွန်မကိုယ်တိုင်လည်း ပွင့်လင်းတယ်။ ဒီတော့ အခုမေးခွန်းမှာ ကျွန်မရဲ့စကားပြောပွင့်လင်းမှုနဲ့ ပတ်သက်ပြီး အထင်မသေးဘူးဆိုရင်တော့ ပြောပြပါ့မယ်"

ထိုမိန်းကလေး၏ စကားအဆုံးမှာပင် လက်ရုံးထိုမိန်းကလေး ဘယ်သူဘယ်ဝါဆိုတာကို ရေးတေးတေးလေးပေါ်သွားလေသည်။ သူမ၏ စကားပြောပုံ၊ ဟန်ပန်အမူအရာတွေက လေ့ကျင့်ရည်ပြည့်ဝနေသော တက်သစ်စမင်းသမီးတစ်ယောက်လို စကားလုံးတိုင်းမှာ mood အပြည့်နှင့် . . .

ဒါပေမယ့် . . .

"ငါကိုယ်တိုင်က ပွင့်လင်းသူတစ်ယောက်ဆိုရင် မင်းအဖြေကို နားထောင်ခွင့်ရမှာပါ။ မင်းကိုငါ လုံးဝအထင်မသေးပါဘူး"

တစ်ဖက်မှ ပြုံးသွားသည်ထင်သည်။ ပြီးနောက် . . .

"ဒီလိုပါ . . . ကုန်းဘောင်ခေတ်နှောင်းပိုင်း မင်းတုန်းမင်းလက်ထက်မှာ စာဆိုအကျော်အမော်တွေ ပေါ်ပေါက်ခဲ့တယ်လေ။ လှိုင်ထိပ်ခေါင်တင်၊ စလေဦးပုည၊ အချုပ်တန်းဆရာဖေတို့ပေါ့။ အဲဒီထဲမှာမှ စလေဦးပုညရဲ့ပြဇာတ်တစ်ပုဒ်မှာ 'အလိုကြီး၊ အရနည်း'ဆိုတဲ့ စကားပုံနဲ့ ပတ်သက်ပြီး အာဝဇ္ဇန်းရွှင်ရွှင် ရေးထားတာတစ်ခုရှိတယ်။ ခဏနားထောင်ကြည့်ပါ။ ကျွန်မပြောပြပါ့မယ်"

ဟုဆိုကာ ထိုမိန်းကလေးက စားပွဲပေါ်တွင်အသင့်တင်ထားသော အချိုရည်ဘူးကိုဖောက်ကာ တစ်ငုံသောက်သည်။ ထိုမိန်းကလေးပြောနေသောစကားတို့မှာ အရမ်းပင်စိတ်ဝင်စားဖို့ကောင်းနေပါ၏။

"တစ်ခါတုန်းက . . . မဇ္ဈိမဒေသ၊ ဗင်္ဂလားတိုင်း၊ ဝင်္ကပြည်မှာ ဝင်္ကမင်းကြီးစိုးစံတယ်တဲ့။ အဲဒီမင်းကြီးမှာ သုပ္ပတိဒေဝီလို့ခေါ်တဲ့ သမီးတော်တစ်ပါးရှိတယ်။ အဲဒီသမီးတော်ဟာ အရွယ်ရောက်လို့ အိမ်ထောင်ရက်သားကျပြီး ကေသရီဆိုတဲ့မင်းသမီးလေးကို ဖွားမြင်တယ်။ ကေသရီမင်းသမီးလေးဟာ အရွယ်ရောက်တဲ့အခါမှာ ကာမဆန္ဒအရမ်းကျူးတဲ့အတွက် မင်းကြီးနဲ့မယ်တော်တို့အရှက်ရပြီး ကေသရီမင်းသမီးလေးကို တိုင်းပြည်ကနေ နှင်ထုတ်လိုက်တယ်။ အဲဒီကေသရီမင်းသမီးလေးဟာ တိုင်းပြည်ကထွက်ပြီးတဲ့နောက် လမ်းမှာ လုည်းသားငါးရာနဲ့တွေ့တယ်။ အဲဒီလုည်းသားငါးရာနဲ့ ကေသရီမင်းသမီးလေးတို့ဟာ ကာမစစ်ပွဲတွေ ဆင်နွှဲကြတယ်ပေါ့"

ပြောသူတော့မသိ။ လက်ရုံးတော့ အနည်းငယ်ရယ်ချင်သွားသည်။ သူမကတော့ ဟန်မပျက် အေးဆေးတည်ငြိမ်စွာပင် ဆက်ပြောသည်။

"ဒါနဲ့ လုည်းသားငါးရာလွန်တော့ မင်းသမီးလေးဟာ ကောသရာဇာလို့ခေါ်တဲ့ ခြင်္သေ့မင်းနဲ့ထပ်တွေ့တယ်။ အဲဒီခြင်္သေ့မင်းနဲ့ ထပ်မှားကြပြန်တယ်။ နောက်ဆုံး ကေသရီမင်းသမီးလေးဟာ ကောသရာဇာဆိုတဲ့ ခြင်္သေ့မင်းနဲ့ပဲ ယှဉ်လိုက်တယ်ပေါ့။ အဲဒီတော့ ရှင်ပြောတဲ့ 'အလိုကြီး၊ အရနည်း'ဆိုတဲ့စကားပုံဟာ အဲဒီအချိန်ကတည်းက ပေါ်လာခဲ့တယ် ထင်

www.burmeseclassic.com

www.burmeseclassic.com

တာပဲ"

"ဗျာ"

လက်ရုံးမျက်လုံးပြူးသွားသည်။ ပြီး ရယ်လည်းတော်တော်ရယ်ချင်သွား၏။

"ဟုတ်တယ်လေ . . . လှည်းသားငါးရာတောင်မှ အလိုမပြည့်တာ နောက်ဆုံး တိရစ္ဆာန်နဲ့ပဲရတော့ 'အလိုကြီး၊ အရနည်း' ဆိုပြီး ဖြစ်သွားတာပေါ့"

လက်ရုံး တဟားဟားနှင့်ကို အော်ရယ်မိပါသည်။ သူမလည်း ရယ်နေမည်ထင်ပါ၏။ ပြီး ရယ်သံတစ်ဝက်နဲ့ပင် . . .

"မင်းလည်း ပေါက်ကရ တော်တော်ပြောတတ်သားပဲ"

လက်ရုံးစကားကြောင့် သူမက အတင်းအကန်ငြင်းသည်။

"မဟုတ်ပါဘူး။ အဲဒါ ဦးပုညရဲ့ တကယ့်ပြဇာတ်"

"ဟုတ်မှာပါ။ အဲဒီပုံပြင်ကနေပြီးတော့ ဆင်းသက်လာတဲ့စကားနဲ့တူတယ်။ ဟိုဟာလေ . . . ဘာတဲ့ . . . ငါ့သမီးလေးက တစ်သက်မှာ တစ်ခါပဲမှားဖူးတာပါ။ လှည်းသားငါးရာနဲ့ဆိုတာလေ"

ခွီးခနဲပင် ရှေ့မှမိန်းကလေး၏ရယ်သံကို ကြားရသည်။ မျက်နှာတစ်ပြင်လုံးလည်း ရဲနေမည်ထင်ပါ၏။ လက်ရုံးလည်း သူ့စကားသူ သဘောကျရင်း တဟားဟားလိုက်ရယ်သည်။

နောက်ဆုံး လက်ရုံးရှေ့မှမိန်းကလေးကို အားနာစွာအပြင်ထွက်ရန်ပြင်စဉ်မှာပင် ထိုမိန်းကလေးက ရယ်သံတစ်ဝက်ဖြင့် လှမ်းတားသည်။

"နေပါဦး . . . ဒီမှာ တတိယအိမ်ကိုရှာဖို့ စာရွက်ယူသွားဦးလေ"

လက်ရုံး လှည့်ပင်မကြည့်တော့ပါ။ ထိုမိန်းကလေးတင်ပေးသောစာရွက်ကို စားပွဲပေါ်မှလက်နောက်ပြန်ယူရင်း . . .

အခန်းထဲမှ ထွက်ခဲ့ပါတော့သည်။



# XXVII

"ဟော . . . ဟိုမှာ . . . ရယ်လာပြန်ပြီ"

"ဒီတစ်ခါ ခုနထက်ပိုပြင်းတယ်"

ရယ်ချင်ပက်ကျိမျက်နှာဖြင့် ထွက်လာသောလက်ရုံးကို သူငယ်ချင်းများက တအံ့တသြမှတ်ချက်ပြုကြသည်။

လက်ရုံးမျက်နှာကိုတည်လိုက်ရင်း တစ်စုံတစ်ခုကို ပြောပြလိုက်ပါ၏။ ပြီးတော့ . . .

"ဒါကိုလည်းကြည့်ဦး"

ပြောပြောဆိုဆို လက်ရုံးက သူ့လက်ထဲမှစာရွက်အား ထူးစစ်ထံသို့ထိုးပေးရင်းဆိုသည်။ ထူးစစ်လည်း ဘာမှန်းညာမှန်းမသိ၊ လက်ရုံးပေးသောစာရွက်ကိုလှမ်းယူရင်း ဖွင့်ကြည့်လိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

SW 24

S 308

SE 56

"ခုနလိုပဲပေါ့"

"အေး . . . SW ဆိုတော့ အနောက်တောင်ပေါ့"

"ခဏလေး . . . ခဏလေး . . . ကျွန်တော်ဆွဲကြည့်လိုက်ဦးမယ်"ဟုဆိုရင်း ထူးစစ်က ဟုတ်မဟုတ် အရှေ့၊ အနောက်၊ တောင်၊ မြောက်မြေပုံကို မြေကြီး၌ ချဆွဲကြည့်သည်။

"အင်း . . . ဟုတ်တယ် . . . အနောက်တောင် . . . အနောက်တောင်ဆိုတော့ ဒီဘက်ပေါ့"

ထူးစစ်ညွှန်ပြရာဘက်သို့ သုံးယောက်လုံးကြည့်လိုက်ရင်း . .

"ဟာ . . . မဟုတ်ပါဘူးကွာ . . . မင်းဟာက လမ်းလည်းမရှိဘူး . . . တောကြီး"

ဖော်ကိုက မဟုတ်ကြောင်းငြင်းသည်။ လက်ရုံးကတော့ ထူးစစ်ခုနဆွဲထားသော မြေကြီးပေါ်မှမြေပုံကို သေချာကြည့်ရင်းမှ . . .

"ငါတို့ အခုရပ်နေတဲ့နေရာကို ထူးစစ်ဆွဲထားတဲ့ မြေပုံအလယ်ဗဟိုပေါ်ချကြည့်လိုက်ရင် အနောက်တောင်ဆိုတော့ ဒီဘက်ပေါ့"

"ဟေ . . . ဟုတ်လား"

ဟုဆိုရင်း နှစ်ယောက်သား လက်ရုံးလုပ်သလို လိုက်လုပ်ကြည့်ကြသည်။ ပြီး . . .

"အေး . . . ဟုတ်တယ်ဟ . . . ဒီဘက် . . . ဒီမှာလမ်းလည်းရှိတယ်"

"ဒါဆို . . . စလှမ်းကြစို့"

လက်ရုံး၏ ဆော်ဩသံအဆုံးမှာပင် . . .

"တစ်လှမ်း . . . နှစ်လှမ်း . . . သုံးလှမ်း . . လေးလှမ်း . ."

"နှစ်ဆယ့်သုံး . . . နှစ်ဆယ့်လေး . . . "



နှစ်ဆယ့်လေးအရောက်တွင် သူတို့သုံးယောက်စလုံး၏ ခြေထောက်တွေခိုင်းစေမှုအင်အားမဲ့စွာ ရပ်တံ့သွားကြသည်။ ထိုအချိန်မှာပင် ဖော်ကို့ဆီမှစကားသံ ထွက်လာပါ၏။

"လက်ရုံး . . . ငါတော့ သဘောပေါက်သလို ရှိလာပြီ"

ကိုယ်လုံးတီးစကားတွေကြောင့် (အရင်းမရှိ၊ အဖျားမရှိကို ဆိုလိုခြင်းဖြစ်သည်။) လက်ရုံးကြောင်သွားသည်။ ထူးစစ်ကိုလှမ်းကြည့်တော့ ထူးစစ်က အေးဆေး။

"ငါတို့ နောက်နှစ်ကွက်လောက် ထပ်ရွှေ့လိုက်ရင် အမည်မဖော်လိုသူကို သိပြီ"

"ဟင်"

ဖော်ကို့စကားကြောင့် လက်ရုံး ရင်ခုန်သွားသည်လားမသိ။ ဒါပေမယ့် သိချင်စိတ်တော့ ပြင်းထန်သွားသည်။

"ဘယ်သူလဲ . . . မင်းဘယ်လိုတွက်ထားလို့လဲ"

"ခဏလေး . . . ငါပြောပြမယ်"

လက်ရုံး၏သိချင်စိတ်တို့ မဖုံးဖိနိုင်သောစကားတို့ကို ဖော်ကိုက သေသပ်စွာဟန့်တားလိုက်ရင်း . . .

"မင်းပြောပုံအရဆို ဒုတိယအိမ်ရဲ့အိမ်ရှင်က လပြည့်ဝန်းဆိုတာ သေချာတယ်နော်"

"သေချာတယ်ကွာ။ အသံကအစ၊ စကားပြောပုံဆိုပုံ၊ ဟန်ပန်အနေအထား လပြည့်ဝန်းမှလပြည့်ဝန်းအစစ် . . . သေချာတယ်"

"ဟုတ်ပြီ . . . အဲဒါဆို လပြည့်ဝန်းကို ဖယ်ထားလိုက်။ နောက်ပြီး ယွန်းထက်အိန္ဒြေက မျိုးလင်းရှိတယ်ဆိုတော့ ဖယ်ပြီးသား။ အဲဒီနှစ်ယောက်ကိုဖယ်လိုက်ရင် သူတို့အဖွဲ့မှာ သုံးယောက်ပဲကျန်မယ်"

"အင်း . . . ဟုတ်တယ်၊ သိမ့်သိမ့်နွေးရယ်၊ ရွှန်းဝင့်ဖြူရယ်၊ သွန်းလဲ့ရွှေစင်ရယ် . . . သုံးယောက်ပဲကျန်မယ်"

ထူးစစ်က ဝင်ထောက်ခံပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ပထမအိမ်ထဲက အိမ်ရှင်ကရော ဘာတွေထူးခြားသေးလဲ"

လက်ရုံးအနည်းငယ် စဉ်းစားလိုက်သည်။

"အကုန်လုံးကတော့ တပြေးညီပဲ။ ထူးထူးခြားခြား တစ်ယောက်မှမရှိဘူး။ ဒါပေမယ့် ပထမအိမ်ရဲ့အိမ်ရှင်ကတော့ အနေအထိုင် တော်တော်လှတယ်။ ကုလားထိုင်ပေါ်မှာထိုင်နေတဲ့ပုံစံက မသိရင် Studio ခန်းထဲမှာ ဓာတ်ပုံရိုက်ခံဖို့ထိုင်နေတဲ့ပုံစံမျိုး။ အနေအထားလှတယ်"

လက်ရုံးစကားကြောင့် . . .

"ဒါဆို ပထမအိမ်ရဲ့အိမ်ရှင်က ဓာတ်ပုံမော်ဒယ် သိမ့်သိမ့်မွေးများဖြစ်နေမလား"

ဇော်ကိုက မှတ်ချက်ပြုသည်။ ဇော်ကို့စကားကို ထူးစစ်က . .

"တရားသေတော့ ပြောလို့မရဘူး။ ဘာဖြစ်လို့လဲဆိုတော့ သွန်းလဲ့ရွှေစင်လည်း မယ်ဘွဲ့ရထားတာပဲဟာ။ သူလည်းအိုက်တင်ပေးတတ်တာပဲ"

ထူးစစ်စကားကလည်း မှန်နေပါ၏။

ဟုတ်တော့လည်းဟုတ်သည်။ နေပုံထိုင်ပုံကိုကြည့်၍တော့ ခွဲခြား၍မရနိုင်။ ထိုအချိန်မှာပင် ဇော်ကိုက အဖြစ်သင့်ဆုံးစကားတစ်ခွန်းကို ဆိုပါ၏။

"ဘာပဲဖြစ်ဖြစ် . . . ဒုတိယအိမ်ရဲ့အိမ်ရှင်ကိုသိရင်တော့ ရှေးရလွယ်သွားလိမ့်မယ်"

"ဟုတ်တယ် အစ်ကို။ ဒုတိယအိမ်ရဲ့အိမ်ရှင်ကို သိအောင်သာလုပ်ခဲ့ဗျာ"

ထို့နောက်တွင်တော့ . . .

တောင်ဘက်သို့ (308)လှမ်း။

" . . . ငါးလှမ်း . . . ခြောက်လှမ်း . . . ခုနစ်လှမ်း . . . ရှစ်ဆယ် . . . "

ခြေလှမ်း (308)လှမ်းကို သုံးခါကျ အစမှပြန်လှမ်းရသည်အထိ



သူတို့သုံးယောက်သေချာခဲ့သည်။ နောက် အရှေ့တောင်အရပ်သို့ (56) လှမ်း . . .

ဒီတစ်ခါတော့ သုံးယောက်စလုံး ဂရုစိုက်ကြသည့်အတွက် မမှားတော့။ (56)လှမ်းအဆုံးတွင် ရောက်သွားသောနေရာက အသုံးမပြုရသေးသော သီရေတာအသစ်တစ်ခု၏ရှေ့တည့်တည့်။

အသွင်ကွဲ၍ ပုံစံတူသောဝတ်စုံနှင့် မိန်းကလေးတစ်ယောက်က အဝတွင် ထုံးစံအတိုင်းရပ်နေသည်။

ပဟေဠိအရ ပိုက်ဆံပေးရမည့်လူထဲတွင် ထိုလူမပါသည့်အတွက် လက်ရုံးအေးအေးဆေးဆေးစွာပဲ ဖြတ်ကျော်ဝင်ရောက်သွားလိုက်သည်။

အထဲရောက်တော့ စားပွဲတစ်လုံးနှင့် မိန်းကလေးတစ်ယောက်။ သူဝင်လာမှ ထိုမိန်းကလေးက နားမှနားကြပ်ကိုချွတ်သည်။ လက်ရုံးဝင်ထိုင်အပြီးမှာပင် အမေးကိုစောင့်မနေတော့ဘဲ လက်ကျန်ပိုက်ဆံသုံးရာကို စားပွဲပေါ်တင်ပေးလိုက်သည်။ သို့တိုင်အောင် . . .

"အရင်အိမ်တွေမှာရော ဝင်ဝင်ချင်းဘယ်လောက်ပေးဝင်ပါသလဲ"

"သုံးရာပါ"

"ဒါဆိုအခုလည်းသုံးရာဆိုတော့ ဒီပဟေဠိကို ရှင်ဖြေနိုင်ခဲ့ပြီပေါ့"

လက်ရုံးခေါင်းညိတ်ပြလိုက်သည်။ ဒါပေမယ့် ထိုမိန်းကလေးမှာ ဦးထုပ်ဆောင်းထားသည့်အတွက် သူခေါင်းညိတ်ပြလိုက်သည်ကို မြင်မည်မထင်။

"ဂုဏ်ယူပါတယ် . . . ကဲ . . . အရင်အိမ်တွေအတိုင်းပဲ ကျွန်မကို ကြိုက်နှစ်သက်ရာ မေးခွန်းသုံးခုမေးနိုင်ပါတယ်"

လက်ရုံး တစ်ချက်စဉ်းစားလိုက်သည်။ ပြီး ဒုတိယအိမ်မှပေးလိုက်သောစာရွက်ကို တစ်ချက်ဖွင့်ကြည့်လိုက်ရင်း . . .

"ကျွန်တော်မေးပါ့မယ်။ ဒါပေမယ့် မှန်တယ်၊ မမှန်ဘူးဆိုတာပဲ



www.burmeseclassic.com

www.burmeseclassic.com

ဖြေပေးပါ။ ပထမမေးခွန်းက မင်းနာမည်ရဲ့အစစာလုံးတွေဟာ . . S.WE နဲ့ ငြိရမယ်"

လက်ရုံးစကားကိုရပ်ရင်း ရှေ့မှမိန်းကလေးကို ကြည့်လိုက်သည်။

"ဟုတ်ပါတယ်"

လက်ရုံးနှုတ်ခမ်းထောင့်စွန်း အပေါ်သို့ ကျနစွာ တွန့်ကွေးသွားပါ၏။

"နောက် မေးခွန်းတစ်ခုက မင်း ဒုတိယနှစ်ကျောင်းသူ"

"ဟုတ်ပါတယ်"

"ဒါဆို နောက်ဆုံးတစ်ခုက မင်းရဲ့အထူးပြုဘာသာဟာ . . . Chemistry"

ထိုမိန်းကလေး မငြင်းသာတော့ပါ။ ခေါင်းပဲ ညိတ်ပြလိုက်ရသည်။ လက်ရုံးကတော့ ပီပီပြင်ပြင်ပြုံးမိသွားပါ၏။ စိတ်ထဲတွင် ခွေဝေးနေသော ပန်းကုံးတွေကို ပြန်လက်လှမ်းမီလိုက်သလိုမျိုး ခံစားလိုက်ရသည်။

"ဒါနဲ့ တစ်စိတ်လောက် . . . ဒီမေးခွန်းတွေကို ရှင်ဘယ်လိုနည်းနဲ့ ရှိုက်ထုတ်လိုက်တာလဲ . . . သိခွင့်ရှိမလား"

"ဩော် . . . ဒါလား . . လွယ်လွယ်လေးပါ။ ဒီမှာကြည့် . ."

ဟုဆိုရင်း သူ့ဒုတိယအိမ်မှုရခဲ့သော စာရွက်ပေါ်တွင် 24,308, 56ကိုဖျောက်ပြီး ရှေ့မှတည်နေရာတွေကို တန်းစီရေးပြလိုက်သည်။


**SWSSE**

"ပထမမေးခွန်းက တူနေတဲ့ S-နှစ်လုံးကိုဖျောက်ပြီး မေးလိုက်တာလေ။ ဒုတိယမေးခွန်းက S- တွေချည်းပဲများနေလို့ Second Year လို့ယူလိုက်တာ။ အဲ . . . ဒါပေမယ့် တတိယမေးခွန်းကျတော့ နည်းနည်း



ရှုပ်တယ်။ သူက ဒီလို . . ."

ဟုဆိုရင်း စာရွက်ပေါ်၌ အသေအချာပုံဆွဲပြပါ၏။




"အဲဒီပုံကိုမှ အရပ်မျက်နှာမြေပုံတွေကို ဖယ်လိုက်ရင် (C)ဆိုပြီး ကျန်တယ်လေ။ ဒါကြောင့်မို့လို့ Chemistry လို့ပြောလိုက်တာ"

လက်ရုံးစကားအဆုံးမှာ ထိုမိန်းကလေးက ခေါင်းတဆတ်ဆတ် ညိတ်၍ တစ်စုံတစ်ရာကိုပြောသည်။

"လက်ခံလောက်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

ပြီးနောက် ထိုမိန်းကလေးက သူ့ရှေ့တည့်တည့်သို့ တစ်စုံတစ်ရာကို ကမ်းပေးပါ၏။ ထိုအရာက စာအိတ်တစ်အိတ်။ စာအိတ်၏ရှေ့မျက်နှာစာပေါ်တွင်ကား စာတန်းတစ်ခုထိုးထားသည်။ ထိုစာတန်းက . . .

**Second Arrow**

လက်ရုံးစာအိတ်ကိုယူကာ လှည့်ထွက်မည်ကြံပြီးမှ ဖော်ကိုနှင့်ထူးစစ်ပြောလိုက်သော စကားများကို သတိရသွားသည်။

သူမမည်သူနည်း?

လက်ရုံး ချက်ချင်းပင် နောက်သို့ပြန်လှည့်၍ . . .

"ကျွန်တော့်ကို မေတ္တာလက်ဆောင် မေးခွန်းတစ်ခုလောက် ဖြေပေးလို့ရမလား"

သူ့စကားကြောင့် တစ်ဖက်မှ ခေတ္တတွေဝေသွားသည်။

"ကျွန်မဖြေနိုင်မယ့် မေးခွန်းလောက်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

လက်ရုံး ခေါင်းညိတ်လိုက်ပါသည်။ ပြီးတော့ . . .

"ခင်ဗျား . . . အဆိုတော် ရွှန်းဝင့်စံမလား"

တစ်ဖက်မှ ပြန်မဖြေပါ။

"ဒီမေးခွန်းကိုရော . . . ရှင်ဘယ်လို နိုက်လိုက်တာလဲ"

"ဒါကတော့ ခင်ဗျားကို ကျွန်တော်ခုနရေးပြထားတဲ့ စကားလုံးတွေအတိုင်းပဲ S.W.E နဲ့လည်း ငြိနေတယ်။ နောက်ပြီး နားမှာလည်း earphone တပ်ထားလို့ မေးလိုက်တာ"

"ဘာဖြစ်လို့"

"သီချင်းဆိုတဲ့သူတွေအကုန်လုံးဟာ ဂီတကိုရူးသွပ်ကြတယ်လေ"

လက်ရုံး အဖြေကိုပင် စောင့်မနေတော့ပါ။ ချက်ချင်းပဲ လှည့်ထွက်ခဲ့ပါတော့သည်။



အပြင်ရောက်တော့ . . .

"ဟော့ကောင် . . ဘယ်လိုလဲ"

"သေချာတယ် . . . ရွှန်းဝင့်စံ"

အမည်မဖော်လိုသူသည် မည်သူဖြစ်မည်နည်း။

သိမ့်သိမ့်နွေးလား?

သွန်းလဲ့ရွှေစင်လား?

အခုလတ်တလောအတွင်း ထိုကိစ္စသည် အရေးမကြီး။ ယခုလောလောဆယ် အရေးကြီးနေသည်ကား . . .

လက်ရုံးချက်ချင်းပင် လက်ထဲမှ Second Arrow ဟူသော စာအိတ်ကို ဖွင့်ဖောက်လိုက်ပါ၏။ ထိုအခါ စာအိတ်ထဲမှ စာရွက်နှစ်ရွက်ပြုတ်ကျလာပါသည်။

ပထမတစ်ရွက်က – မှတ်ပုံတင်မိတ္တူ

ဒုတိယတစ်ရွက်က – သန်းခေါင်စာရင်းမိတ္တူ

ထိုနှစ်ရွက်လုံးက လက်ရုံးဆိုသော သူ၏ . . .

သူ၏ နောက်ဆုံးပေါ်ချစ်ရေးဆိုနည်းကို ပိုမိုလေးနက်အောင် အကြံဉာဏ်ပေးချင်သည်ဆိုသော အမည်မဖော်လိုသူ၏ စိတ်ကူးအား လက်ရုံးတစ်ပိုင်းတစ်စ သိမြင်ခွင့်ရလိုက်ပါပြီ။

ပြီး သူ၏ ရင်ခုန်နှုန်းသည်လည်း ရိပ်ရိပ်လေးအရှိန်တိုးလာပါတော့သည်။

အိမ်ဖြေရှိရှိ ရင်ခုန်သွားသည်ပေါ့။

ယခုလောလောဆယ် လက်ရုံး၏လက်ဝယ်၌ ရှိနေသည်ကား–

မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာနှင့် . . .

ရန်ခုန်ရဦးမည့် Third Arrow



www.burmeseclassic.com

www.burmeseclassic.com

## XXVIII

လက်ရုံး၏ ကံမကောင်းသောနေ့ကိုပြပါဆိုလျှင် ဒီနေ့ကိုပြရပါလိမ့်မည်။ မနက်နိုးလျှင်နိုးချင်းမှာပင် သူ့အချစ်တော်ခွေး၏ နှိပ်စက်သွားမှုကြောင့် စောင်တွေ၊ အိပ်ရာခင်းတွေ ရေတိမ်နစ်ခဲ့ရသည်။ နောက် ကျောင်းသွားမည်လုပ်တော့ သူ့ကားမှာစက်နိုးလို့မရသဖြင့် လိုင်းကားဖြင့်ပဲ ကျောင်းသို့လာခဲ့ရသည်။ လိုင်းကားပေါ်မှဆင်းတော့ သူ့လက်ထဲတွင်ကိုင်ထားသည့် ဖိုင်တစ်ခုမှာပါမလာတော့။

ကားပေါ်တွင် မေ့ကျန်ခဲ့ခြင်းဖြစ်ပေသည်။ တော်သေးသည် အရေးကြီးစာရွက်စာတန်းတွေ မပါသွားလို့။



ပြီး တစ်နေ့လုံးလည်း စာသင်ရသည်မှာ အဆင်မပြေ။ ထူးစံနှင့်ဖော်ကိုက ကျောင်းမလာတော့ ပိုလို့ပင်ဆိုးတော့သည်။ အခုစာသင်ချိန်ပြီး၍ အိမ်ပြန်မည်လုပ်တော့လည်း စိတ်ကတစ်ခုခုကို မလုံမလဲဖြစ်နေသည်။ နောက်ကျောမလုံသလို၊ သူ့နောက်မှပဲ တစ်စုံတစ်ယောက်လိုက်လာနေသလို သင်္ကာမကင်းဖြစ်နေသည်။

ထိုခံစားမှုမှာ သူအဆောင်ထဲကထွက်စဉ်မှစလို့ အခု ကျောင်းပြင်ရောက်ခါနီးအချိန်အထိ ခံစားနေရခြင်းဖြစ်သည်။

လက်ရုံးခြေလှမ်းကိုရပ်လို့ ဆတ်ခနဲ နောက်လှည့်ကြည့်လိုက်သည်။ သူ့အာရုံနှင့်သူ သွားလာနေကြသော ကျောင်းသားများမှလွဲလို့ မသင်္ကာစရာ ဘာမှမတွေ့။ ဘေးဘီကြည့်မိတော့လည်း ထုံးစံအတိုင်း ကျောင်းတက်သူ၊ ဘေးချင်းယှဉ်လျှောက်သူတွေနှင့် သူသူငါငါ ကျောင်းပြင်ရောက်ရန် ဆန္ဒစောနေကြသည်။ ထူးခြားမှုတစ်စုံတစ်ရာမတွေ့သည်မို့ သူ့ခေါင်းကို ရှေ့ပြန်လှည့်ရင်း လမ်းဆက်လျှောက်မိတော့ . . .

ချက်ချင်းဆိုသလို ခုနခံစားမှုမျိုးမှာ ပြန်လည်ဝင်ရောက်လာပြန်ပါ၏။ လက်ရုံးစိတ်ထင်ယောင်မှားမှုဟု ကိုယ့်ဟာကိုယ်ဖြေသိမ့်ရင်း ရှေ့ကိုသာ ဆက်လျှောက်သွားလိုက်သည်။

သို့သော် မကြာပါ။ တဖြည်းဖြည်းနှင့် ထိုခံစားမှုမှာ နီးသထက်နီးလာသလိုခံစားရပါ၏။

လက်ရုံးဦးခေါင်းတို့လည်သွားသည်။ ဒါပေမယ့် သူလိုချင်သောအဖြေကို ရှာမတွေ့။

ထိုစဉ်မှာပင် . . .

"ဒုတ်"

"ဟာ"

'ဒုတ် နှင့် ဟာ' မှာ သူ့နှုတ်မှ ဆက်တိုက်ဆိုသလို ထွက်သွားသည်။

'သွားပြီ'ဟုလည်း စိတ်ထဲမှ အလိုလိုရေရွတ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

သူဘယ်လိုမှ လမ်းဆက်လျှောက်လို့ မဖြစ်တော့။

ကြံရာမရဖြစ်ကာ ကျောပိုးအိတ်ကိုဖွင့်၍ ဟိုဟာရှာသလို၊ ဒီဟာရှာသလိုဖြင့် အရှုးကွက်နင်းနေခိုက်မှာပင် . . .

"အစ်ကိုကြီး . . . အစ်ကိုကြီးကို ဖိနပ်တစ်ရံ အစ်မကြီးတစ်ယောက်ကပေးခိုင်းလိုက်လို့။ နောက်ပြီး ပြောလိုက်သေးတယ်။ မိန်းမငီဆိုပေမယ့် ယောကျ်ားလေးတွေလည်း စီးလို့ရတယ်တဲ့"

သူကြောင်တောင်တောင်ဖြင့် ဈေးသည်ကောင်မလေးလက်ထဲမှ အိတ်ကိုယူကြည့်မိတော့ . . .

အထဲမှာ တံဆိပ်ပင်မခွာရသေးသော All Star ရှူးဖိနပ်တစ်ရံ။

နံပါတ်ကိုကြည့်လိုက်သည်။

သူစီးသောနံပါတ်နှင့် သုံးခုလောက်ကွာနေပါ၏။ ဒါပေမယ့် သေချာစီးလျှင်တော့ရနိုင်သည်။

လက်ရုံးတွေဝေမနေဘဲ ချက်ချင်းပင် ကောက်စွပ်ကြည့်လိုက်လေသည်။ ကြပ်တော့ နည်းနည်းကြပ်သည်။ ဒါပေမယ့် မတတ်နိုင်။

ပြီးတော့ နောက်တစ်ဖက် . . .

နှစ်ဖက်စလုံးစွပ်ပြီးသွားချိန်မှာတော့ ဖိနပ်လာပေးသည့် ကောင်မလေးရှိမနေတော့ပါ။ ဘယ်သူပေးခိုင်းတာလဲပင် မမေးလိုက်ရ။ သောင်ဘီကို သူငေးကြည့်လိုက်သည်။ အရိပ်အယောင်မမြင်ရတော့ပါ။

ထို့နောက်မှာတော့ သူ၏ သဲကြိုးပြတ်ဖိနပ်ကို ကုန်းကောက်ရန် ပြင်လိုက်စဉ်မှာပင် . . .

"ဟင်"

သူ၏ သဲကြိုးပြတ်ဖိနပ်တစ်ရံက ပျောက်ချင်းမလှပျောက်သွားလေပြီဖြစ်သည်။

* * *



# XXIX

ဒီနေ့လည်း လက်ရုံးတစ်ယောက် ကန်တင်းသို့ စောစီးစွာကြိုရောက်နေပါ၏။ သူ့စိတ်တို့ ယောက်ယပ်ခတ်ကာ ထွက်ပေါက်ပျောက်နေသည်။

ယခုအချိန်အထိ အမည်မဖော်လိုသူကို မဖော်ထုတ်နိုင်သေး။ နောက် မနေ့ကအချိန်ကိုက် ဖိနပ်ပေးသွားသည့်မိန်းကလေးကရော မည်သူနည်း။ အဆိုးဆုံးက ပုစ္ဆာပေးပြီး ဖြေခွင့်မပေးသေးသည့် အမည်မဖော်လိုသူ၏မြားများ . . .

Third Arrow သူ့ဆီဘာကြောင့် မရောက်လာသေးတာလဲ။ အမှန်ဆို ဒီနေ့သည် Second Arrow ရပြီး နှစ်ရက်မြောက်ပြီဖြစ်သော နေ့ဖြစ်ရာ Third Arrow ရောက်ရမည့်နေ့ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ ပဟေဠိတွေအားလုံး အဆုံးသတ်ပြီပေါ့။ ထိုသို့ တွေးနေရင်းဖြင့် လက်ရုံးဘေးထိုင်ခုံပေါ်မှ အရာတစ်ခုကို လှမ်းကြည့်ဖြစ်သည်။

ရင်တစ်ခုလုံး နွေးခနဲနေအောင်ပင် တစ်ချက်ခုန်သွားသည်။ ထိုအရာက All Star ဖိနပ်အဖြူလေးတစ်ရံ။ ရှင်းရှင်းပြောရလျှင် မနေ့က သူ့အား အကူအညီပေးခဲ့သော မိန်းကလေး၏ဖိနပ်။

ထိုမိန်းကလေးက မည်သူနည်း။ ကြိုတင်ကြံစည်ထားသည်တော့မဖြစ်နိုင်။ သူ့ဖိနပ်ပြုတ်သည်ကိုမြင်၍ သူမအတွက်ဝယ်ထားသော ဖိနပ်ကိုပေးခိုင်းခြင်း ဖြစ်ပေလိမ့်မည်။

ဘာကြောင့် သူမကိုယ်တိုင်လာမပေးသနည်း။

သူမမည်သူဆိုတာ သိမည်စိုးသောကြောင့်လား။ ဒါဆိုရင် ထိုမိန်းကလေးသည် အမည်မဖော်လိုသူနှင့် တစ်ခုခုပတ်သက်မှုရှိနေပါသလား။

လက်ရုံးတစ်ယောက် မရေရာသော အတွေးများနှင့် ချာချာလည်နေပါသည်။

ထိုအချိန်မှာပင် ဆူညံဆူညံဖြင့် ဆိုင်ထဲသို့ ဇော်ကိုနှင့်ထူးစစ်ဝင်လာပါ၏။

"ထူးတော့ထူးဆန်းတယ်ကွ။ ငါတို့တောင် မနက်ဖြန်မှဖြန့်ဖို့စဉ်းစားထားတာ။ ဒီကဗျာစာအုပ်က ဘာလို့သူများလက်ထဲ ရောက်နေတာလဲ"

"ကျွန်တော် စဉ်းစားလို့မရတာလည်း အဲဒါပဲ။ ဒါ ကျွန်တော်တို့စာအုပ်မှ ကျွန်တော်တို့စာအုပ်အစစ်"

ပေါက်ကွဲသံစဉ်တွေကြောင့် လက်ရုံးခေါင်းထောင်မိသွားသည်။ ထိုစဉ်မှာပင် . . .

"ရော့ . . . ဟော့ကောင် . . . မင်းကို ကောင်မလေးတစ်ယောက် ပေးခိုင်းလိုက်တာ"



စာအုပ်တစ်အုပ်ကို စားပွဲပေါ်ပစ်တင်လိုက်ရင်းဆိုသည့် ဇော်ကို့စကားကြောင့် လက်ရုံးကြောင်သွားသည်။

"ဘယ်ကကောင်မလေးလဲ။ ဒါကရောဘာလဲ . . . "

"ဘယ်သူလဲတော့ မသိဘူး။ ကျောင်းသူတော့ ကျောင်းသူပဲ။ အဲဒါ ငါတို့စုထုတ်ထားတဲ့ ကဗျာစာအုပ်။ ငါတို့ပေါက်ကွဲနေတာလည်း အဲဒါပဲ"

"ဟုတ်ပါ့ဗျာ။ အစ်ကို့ကိုတောင် ဒီနေ့မနက်မှပေးမယ်ဆိုပြီး ယူလာတာ။ ဒါကို ဘယ်လိုဘယ်လိုလုပ်ပြီး ကျွန်တော့်စာအုပ်က သူများလက်ထဲရောက်သွားလည်းမသိဘူး။ ကျွန်တော်တို့စီစဉ်ထားတာက မနက်ဖြန်မှကျောင်းမှာဖြန့်ဖို့"

လက်ရုံး စိတ်ဝင်စားသွားရပါသည်။ ထို့ကြောင့် စာအုပ်ကို ကောက်ကိုင်လိုက်သည်။

စာအုပ်၏ကာဗာက ချစ်သူနှစ်ဦးကျောခိုင်းထားသည့်ပုံ။ သူတို့နှစ်ယောက်၏အလယ်မှာ ထက်ခြမ်းကွဲနေသော အသည်းလှလှတစ်လုံး

ပြီး စာအုပ်၏နာမည်ကား . . .

**"ကျဆုံးသူများ၏ လွမ်းချင်းကဗျာများ"**

လက်ရုံးအဖုံးကိုလှန်လိုက်တော့ ပထမဆုံးတွေ့ရသည်ကား —

ဤစာအုပ်ပါ ကဗျာဝါသနာရှင်များ၏ ကလောင်အမည်များ။

နောက်တစ်ရွက်လှန်လိုက်တော့ စာမျက်နှာပေါ်တွင်ပေါ်လာသည်ကား ကဗျာတစ်ပုဒ်။

သူ၏ကဗျာတော့ မဟုတ်ပါ။ ဒါပေမယ့် သူကဗျာကို အစအဆုံးဖတ်လိုက်ပါသည်။ အကြောင်းကား . . .

သူ့ကိုတောင်းထားသော ကဗျာမှလွဲ၍ ဤစာအုပ်ပါကဗျာများကို တစ်ခါမှမြင်စမ်းဖူးခြင်းမရှိခဲ့သေးခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com

## ပိုက်ဆောကြောက်လို့ပါ

ဟမ်းဖုန်းရှိမှ စဉ်းစားမယ်ဆို
ကြိုတင်ပြီးတော့ ပြောထားစေချင်
ငါ့ဘဝက ကျေးစေအဆင့်မှာပါ။
ကားပါမှ ကြိုက်မယ်ဆိုလည်း
အခုတည်းက လေ့လာစေချင်
ငါနင်းနေတာ သုံးဘီးတစ်ယာဉ်။
အင်းယားမြိုင်မှာ နေချင်တယ်ဆို
ခဏတဖြုတ်လောက် လိုက်လည်ကြည့်နော်
ငါ့နှုတ်နန်းက မီးကောင်းတဲပေါ်။
သူတောင်းစားသာသာ ငါကလည်း
ကြိုတင်ပြီးတော့ ပြောထားလိုက်မယ်
မင်းပိုက်ပူရင် အလေးတွက်သွားကွယ်
ပိုက်ဆောသည်းခံ တို့တောင်းပန်။

ဘိမိုး

မဆိုးဟု လက်ရုံးတွေးမိလိုက်သည်။



## သီးသန့်ပုဒ်မ

ခြောက်ဆယ်ဝင်မီးသီးရဲ့
ဖျော့တော့သော အလင်းရောင်အောက်မှာ
မင်းအတွက်ဆိုပြီး ကဗျာတွေထိုင်ရေးဖူးပါရဲ့
ညှိစို့နံ့လှောင်တဲ့ အခန်းကျဉ်းထဲမှာ
ကိုယ့်သွေးကို ခြင်တွေထံပေးလှူရင်း
ရှူးရှူးမိုက်မိုက် တမ်းတဖူးပါရဲ့။
ကားအကောင်းစားကြီးပေါ်က
မင်းပုံရိပ်ကို
ထောင့်ကျကျစားပွဲမှာ ရေနွေးကြမ်း
တေင်းသောက်ရင်း နှလုံးသားထက်မှာ
မှတ်တမ်းတင်ဖူးပါရဲ့။
တကယ်တော့လေ ကွာဟမှုဆိုတဲ့စည်းဟာ
ရွှေဘုံပေါ်က မင်းသမီးကို
ရှူးမိုက်စွာ စွဲလမ်းချင်တဲ့
လမ်းဘေး နှလုံးသားတွေအတွက်
သီးသန့်ချမှတ်ထားသော ပုဒ်မတစ်ခုပါ။

ထူးစစ်ငြိမ်း



www.burmeseclassic.com

www.burmeseclassic.com

## တစ်ချိန်က 'မ'

တိုးတိတ်တဲ့ည လမ်းမီးအောက်မှာ
လေပြေကိုအဖော်ပြု လေညင်းကို စစ်ကူတောင်းရင်း
'မ' တမ်းချင်းလေးတွေဆိုဖူးတာပေါ့...
ဆောင်းနှင်းတွေဝေ ချမ်းအေးတဲ့မြေမှာ
အရုဏ်မလင်း အမှောင်တွင်း၌
'မ' အတွက် ပန်းတွေပို့ဖူးတာပေါ့...
တက္ကသိုလ်သွားတဲ့ 'မမ' ဘေးမှာ
အဖြူ၊ အစိမ်းဝတ်စုံလေးနဲ့
ချစ်ခွင့်ပန်တဲ့ ကျွန်တော့်အသံကို
ညှာတာကင်းစွာ ဂရုမစိုက်ခဲ့သည့် 'မ'
'အဲလက်စ်' လိုပဲ ငယ်သေးတဲ့အချစ်ဗို့ မလေးစားတာလား
တက္ကသိုလ်ရောက်တော့ထပ်ပြီးပြောတယ်
ကျောင်းပြီးသွားရင် အဖြေပေးမယ်
လက်ချိတ်သွားတဲ့မတို့အတွဲကို
တွေ့ရတဲ့ခဏ ဒီဒေသမှာပင် ကျွန်တော့်အသည်းကို
မြေမြှုပ်လိုက်ပြီ 'မမ' ပျော်ရွှင်ကြည်လင်တော့နော်...
ဒါပေမဲ့ပေါ့ 'မ' ရယ်
'ငယ်ဆုံး' လိုပဲ နေ့တိုင်းတော့ စောင့်မျှော်ဆဲပါ။

စရိုင်း



"ကဗျာလေးတွေက လန်းသားပဲကွ ... တကယ်ခံစားထား
နဲ့တူတယ်"

လက်ရုံးမှတ်ချက်ပေးရင်း နောက်တစ်ရွက်လှန်လိုက်တော့ ..

ပထမတော့ ဘာရယ်မဟုတ်။ သာမန်ကာလျှံကာ၊ နောက်ကဗျာ
မှအကြောင်းအရာကား ...

ယခု သူကြုံတွေ့နေရတာ ကိစ္စတွေနှင့်အားလုံးနီးပါးသွား
တိုက်ဆိုင်နေသည်ဟုထင်ရသော ကဗျာတစ်ပုဒ်ကြောင့် လက်ရုံးသေချာ
ဖတ်မိသွားသည်။ ထိုကဗျာကား ...

## အလုပ်လျှောက်ခြင်း

- ကိုယ်ရဲ့အချစ် အင်မဖြစ်ကြောင်း
ရပ်ကွက်ရုံးစခန်း ထောက်ခံခိုင်းမယ်
- သန်းခေါင်စာရင်းမှတ်ပုံတင်ထပ်လောင်းတင်၍
လေးစားသမှုလျှောက်လွှာပြုမယ်
- ရပ်ကွက်ရုံးစခန်းထောက်ခံစာ
မှတ်ပုံတင်သန်းခေါင်စာရင်းမိတ္တူစာနှင့်
လိုသည့်လျှောက်လွှာ တစ်စုံတရာကို
စီစစ် စစ်ဆေးဝေဖန်ပေး၍
မင်းရင်ခွင်မှာ အလုပ်ခန့်ပါလေ
လျှောက်ပါရစေ ...

ထူးစစ်

ကဗျာဆုံးတော့လက်ရုံးခဏတွေဝေသွားသည်။ သူ့ခေါင်းထဲ
တွင် အကြောင်းအရာတွေသည် ရှုပ်ထွေးသွားပါ၏။ ဒီကဗျာသည် သူ့ကို
ဦးတည်ထားတာလား။ ကဗျာရေးသူက 'ထူးစစ်'။



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . ဒီ . . . ဒီကဗျာကို ဘယ်သူရေးတာလဲ"

လက်ရုံး ကြောင်အ,စွာ မေးလိုက်သည်။ လက်ရုံးပုံစံကိုကြည့်၍ ထူးစစ်က ကဗျာစာအုပ်ကိုဆွဲယူကြည့်ကာ . . .

"အစ်ကို . . . ဟင် . . . မဟုတ်ပါဘူး"

ထူးစစ်ကဗျာကိုကြည့်၍ တွေဝေသွားပါ၏။ ပြီး . . .

"ဒီကဗျာက ပါလို့လား"ဟုဆိုကာ ဇော်ကိုထံ ထိုးပေးသည်။ ဇော်ကိုလည်း ကြည့်နေရာမှ . . .

"မပါဘူး . . . ငါတို့ထဲမှာမပါဘူး"

ဟုဆိုကာ လွယ်အိတ်ထဲမှ ကဗျာစာအုပ်တစ်အုပ်ကိုထုတ်ကာ တိုက်ကြည့်သည်။

"ဟုတ်တယ် . . . မပါဘူး . . . ဒါဆိုဘာဖြစ်လို့ . . ."

သုံးယောက်စလုံး ဆွံ့အသွားပါသည်။ ထိုစဉ်မှာပင် လက်ရုံး ခေါင်းထဲမှတ်ဉာဏ်တစ်ခုက ရှင်းကနဲ လင်းသွားသည်။

'အသည်းကွဲကဖီး'၏နံရံသို့ မနက်အစောကြီး စာရွက်လာကပ်သွားသည့်ကောင်မလေးနှင့် လမ်းမသိသောဘုန်းကြီး။

နောက် ကဗျာအောက်ဆုံးမှနာမည်။ ပြီးတော့ ပထမမြားထဲမှ နာမည်နှစ်မျိုး။ ထိုနာမည်၏ ဦးတည်ရာကား . . .

အဖြေက သေချာသလောက်ရှိသွားလေပြီ။

"ဒီစာအုပ်ပေးလိုက်တဲ့ ကောင်မလေးကို မင်းတို့မှတ်မိလား"

"မြင်ရင်တော့ မှတ်မိမှာပဲ။ ကျောင်းရှေ့မှာက လူတွေရှုပ်နေတော့ သေချာသတိမထားလိုက်မိဘူး။ နောက်ပြီး ကဗျာစာအုပ်ကိုတွေ့တော့ ငါတို့နှစ်ယောက် အံ့ဩသွားတာလည်းပါတယ်။ ဒါပေမယ့် အနီရောင် ဝမ်းဆက်လေး ဝတ်ထားတယ်ဆိုတာတော့ ငါမှတ်မိတယ်"

လက်ရုံးကျောင်းရှေ့သို့ ရောက်သွားလေပြီ။ ဇော်ကိုနှင့် ထူးစစ်တို့သည်လည်း အူလျားဖားလျား သူ့နောက်ပြေးလိုက်လာကြပါ၏။ ကျောင်းရှေ့ရောက်တော့ လက်ရုံးမျက်ဝန်းတွေက နေရာအနှံ့ပြေးလွှား



ကာ အနီရောင်ဟူသမျှကို လိုက်ကြည့်မိသည်။ ပန်းရောင်စုံတွေ ပွင့်လန်းနေကြသော ရောမပန်းခင်းထဲ၌ အနီရောင်ပန်းတစ်ပွင့်ကိုရှာဖို့က ထင်သလောက် မလွယ်ကူလှ။ ထိုစဉ်မှာပင် သူ့နောက်မှရပ်နေသောဇော်ကိုက တစ်နေရာကို လက်ညှိုးထိုးကာ . . .

"ဟာ . . . ဟိုမှာ . . . ဟိုမှာ . . ."

ဇော်ကိုလက်ညှိုးထိုးပြရာနေရာကား ကားလမ်းတစ်ဖက်မှာရပ်နေသော အနီရောင်ထက်အောက် ဆင်တူဝတ်ထားသည့် ကောင်မလေး။

ထိုကောင်မလေးလည်း လက်လှမ်းပြသော သူတို့သုံးယောက်ကို မြင်သွားကာ လက်ပြန်လှမ်းပြသည်။ လက်ရုံးစိတ်တို့ အရမ်းလှုပ်ရှားနေပါပြီ။ လက်ရုံး နောက်မှနှစ်ကောင်ကို စောင့်မနေတော့။

ကားလမ်းဟိုဘက်ခြမ်းကိုသာ ဦးတည်သောစိတ်တို့ဖြင့် ကတ္တရာရောင်မည်းမည်းအခင်းပေါ်သို့ သုံးပုံတစ်ပုံ ခြေချပြီးသွားသည့်အချိန်မှာတော့ . . .

"တီ . . ."

"ဟေ့ကောင် . . . ဘေးမှာကား . . ."

"ဟင်"

"လက်ရုံး . . ."

"ဟာ"

"ဝုန်း"

"ကျွိ"

သူ့နားထဲသို့ 'လက်ရုံး'ဟူသော ခေါ်သံစူးစူးနှင့်အတူ သူ့ခန္ဓာကိုယ်သည် လမ်းဘေးပလက်ဖောင်းပေါ်သို့ လွင့်စင်ကျသွားပါ၏။ သို့သော် ချက်ချင်းပင် သူကုန်းရုန်းထကြည့်လိုက်တော့ . . ."

သူလဲကျရာဆီသို့ စိုးရိမ်တကြီးပြေးလာသော သူငယ်ချင်းများ။ နောက် ကတ္တရာလမ်းမပေါ်၌ တစ်ဖက်စီကျဲလွင့်နေသော မနေ့ကပြုတ်သွားသည့် သူ၏ဖိနပ်တစ်ရံ။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ အရှိန်နှင့် မောင်းဝင်လာသော ကားတစ်စီး၏ အလင်းကို အပြင်းထန်ဆုံး အန်တုလိုက်ရမှုကြောင့် ကားရှေ့တစ်လံအကွာလောက်တွင် ဖရိုဖရဲလဲပြိုနေသော မိန်းကလေးတစ်ယောက်။

ထိုမိန်းကလေးကား . . .



## XXX

ချက်ချင်းပင် လူတို့ဝိုင်းလာကြသည်။ ကျောင်းမှဆရာတွေရော၊ ကျောင်းသားတွေရော၊ ပတ်ဝန်းကျင်မှလူတွေရောဖြင့် အခြေအနေမှာ ချက်ချင်းရှုပ်ထွေးသွားပါ၏။ ထို့နောက် ဆက်လက်ဖြစ်ပျက်သည့် အကြောင်းအရာတွေက သူ့အာရုံမှာ ဝေဝါးသွားလေသည်။

လက်ရုံးစိတ်နှင့်ကိုယ် ကပ်မိသည့်အချိန်ရောက်တော့ သူကား ဆေးရုံပေါ်ရောက်နေပါပြီ။ သူ့ရှေ့မှာကား . . .

တစ်ကိုယ်လုံး သွေးတို့ရှင်းချင်းနီနေသည့် ကယ်တင်ရှင် မိန်းကလေး။ နောက် သူ့ရင်ဝသို့ တလှိုက်လှိုက်ဆို့တက်လာသော ကရုဏာစိတ်။ သွေးစေးတို့ဖြင့်ပေကျံနေသော သူမ၏ဆံပင်နုလေးများကို နဖူးမှာ ပေါ်မှသပ်ဖယ်ပေးရင်း သူ့မျက်ဝန်းအိမ်သို့ မျက်ရည်များတို့တက်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ကရဏာသက်သောရင်ဝယ်တွင် ဝမ်းနည်းမှုတို့ ဖြစ်တည်အိုင်ထွန်းလျက် . . .

မနေ့က သူ့အားအကူညီပေးခဲ့သော မိန်းကလေးနှင့် သူ့အသက်ကယ်ခဲ့သောမိန်းကလေးကို ကံကြမ္မာကြီးက ရက်စက်စွာ ထပ်တူကျေးခဲ့လေပြီ။

အကောင်းအတိုင်းဖြစ်နေပြီဖြစ်သော ဖိနပ်လေးတစ်ဖက်အား သူတင်းကြပ်စွာ ဆုပ်ကိုင်ထားရင်း ပါးပြင်တစ်လျှောက် ပူနွေးသွားသည်။ သူမျက်ရည်ကျလေပြီ။ ဒဏ်ရာများကို အစွမ်းကုန်အန်တုထားရသည့် မျက်နှာလေး ရင်နင့်ဖွယ်ရန့်အပြည့်။

ဆေးရုံရောက်သည်ထိ လက်ရုံးစိတ်တွေတည်ငြိမ်မှု မရသေး။ မျက်နှာမကောင်းစွာ ဝိုင်းကြည့်နေကြသော သူငယ်ချင်းများအလယ်၌ ဖိနပ်သဲကြိုးလေးကိုသာ အသားထဲနစ်ဝင်မတတ် ဆုပ်ညှစ်ထားမိတော့သည်။ မျက်ဝန်းမှ မျက်ရည်ကြည်တွေကတော့ အနစ်နာခံသူအတွက် တစ်စက်ပြီးတစ်စက် ပေးဆပ်နေပါသည်။

ဆုတောင်းရုံမှလွဲ၍ သူဘာတတ်နိုင်မည်နည်း။

"ကယ်တင်သူ၏ စိတ်နှင့်ကိုယ် ကမ္ဘာတည်သရွေ့မြဲပါစေ"

ကာဆီးထားသော ခွဲစိတ်ခန်းတံခါးကြီးကို ဖြစ်နိုင်လျှင် သူဖြတ်ဝင်သွားချင်မိသည်။

နာရီလက်တံတွေကတော့ တစ်ပတ်ပြီး တစ်ပတ်လည်ပတ်လျက်ရှိနေသည်။

ပထမမိနစ်အနည်းငယ် နောက်မိနစ်အတော်များများ၊ နောက်နာရီအဖြစ် ပြောင်းလဲရန်တဲ့တဲ့မှာပင် . . .

သူစိုးရွံ့ထိတ်လန့်စွာ စောင့်မျှော်နေသည့် တံခါးကြီးမှာ ပွင့်လို့လာခဲ့ပါပြီ။

ထိုအထဲမှ ခွဲစိတ်ခန်းဝတ်စုံဝတ်ထားသော ဝဖိုင့်ဖိုင့်ဆရာကြီးတစ်ယောက်ထွက်လာကာ လူနာရှင်ကိုမေးသည်။ လက်ရုံး မဆိုင်းမတွပင်



ခေါင်းညိတ်လိုက်ပါ၏။ ထိုအခါ ဆရာဝန်ကြီးက သူ့အားသေချာကြည့်ရင်းလက်ထဲသို့ တစ်စုံတစ်ခု ထည့်ပေးသည်။

"ဒါ . . . လူနာ့အင်္ကျီအိတ်ကပ်ထဲက တွေ့တာ။ အခြေအနေအားလုံးကောင်းသွားပါပြီ။ မကြာခင် သတိရလာတော့မှာပါ"

လိုက်ခနဲ ဆို့တက်လာသော အပျော်လှိုင်းတွေနဲ့အတူ ဆရာဝန်ကြီးပေးသော အရာကို လက်ရုံးဆွဲယူကြည့်လိုက်မိတော့ . . .

စာအိတ်တစ်အိတ်။ ထိုစာအိတ်၏ ရှေ့မျက်နှာစာအပေါ်တွင် Third Arrow ဟူသော စာတန်းထိုးထားသည်။ စာအိတ်တွင် သွေးစေးတို့ပေကျံနေသည့်အတွက် Third Arrow ဟူသောစာကိုပင် အတော်ကြီးဖတ်ယူရပါ၏။

လက်ရုံးစာအိတ်ကို ဖောက်နေစဉ်ခဏမှာ ရင်ခုန်သံတွေ မိုင်ဝေးဝေးသို့ သွားနေပါ၏။ စိတ်တွေလည်း ယိုင်လဲလုလုလှုပ်ရှားနေသည်။

စိုစွတ်စွတ် ငွေ့ရည်ပျံ မျက်ရည်များကြားမှာပင် အမည်မဖော်လိုသူ၏ နောက်ဆုံးမြားကို ရင်ခုန်စွာဖွင့်ဖောက်ကြည့်လိုက်စဉ်တွင်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးသော ချစ်ရေးဆိုနည်း

(သို့)

## သူကိုယ်တိုင်တွင်ထားသော
## လက်ရုံး၏ အချစ်များ



www.burmeseclassic.com

www.burmeseclassic.com

# အချစ်တောင်းခံလွှာ

ဓါတ်ပုံ

အမည် ----------------------

အဖအမည် ----------------------

အမျိုးသားမှတ်ပုံတင်အမှတ် ----------------------

မွေးသက္ကရာဇ် ----------------------

ပညာအရည်အချင်း ----------------------

လူမျိုး ------------------------------------

ကိုးကွယ်သည့်ဘာသာ ------------------------------------

အလုပ်အကိုင် ------------------------------------

အိမ်ထောင်ရှိ/မရှိ ------------------------------------

အချစ်အတွေ့အကြုံရှိ/မရှိ ------------------------------------

(ရှိပါက ဖြည့်ရန်) ------------------------------------

------------------------------------

ဝါသနာ ------------------------------------

အိမ်ထောင်ရေးရည်မှန်းချက် ------------------------------------

အပြောချင်ဆုံးစကား ------------------------------------

ကျွန်တော်-----------သည် အမှတ် ----၊---------လမ်း၊-------၊

ကျွန်တော်-----------သည် အမှတ် ----၊---------လမ်း၊-------၊

ရပ်ကွက် (သို့မဟုတ်) မြို့နယ် --------- မြို့နေ အဖ ---------- အမိ ---------- တို့၏ သမီး ---------- ...မှန်သောချစ်မေတ္တာဖြင့်တစ်ဘဝလုံးရည်မှန်းကာ ချစ်မြတ်နိုးကြောင်း ဤ ကမ္ဘာမြေထုကို သက်သေပြု၍ သစ္စာဆိုအပ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် မ ----------- ၏ တုံ့ပြန်ချစ်မေတ္တာကို လွယ်လင့်တကူ ရရပါစေသား။

ကျွန်တော် -----------မှတ်ပုံတင်အမှတ်-------------- ကိုင်ဆောင်ထားသူသည်အထက်ပါ ------------၏ သစ္စာစကားတို့ တိကျမှန်ကန်ပါကြောင်း ရဲရဲဝံ့ဝံ့ ထောက်ခံအပ်ပါသည်။

အချစ်တောင်းခံသူ၏ လက်မှတ်

အသိသက်သေလက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

နောက်စာခေါက်သေးသေးလေး တစ်ခေါက်။ ထိုစာခေါက်လေး၏ အတွင်းစာမျက်နှာတွင် ရင်ခုန်ဖွယ် ရေးခြစ်ထားသည်ကား . .

မိန်းကလေးတစ်ယောက်ရဲ့ ဣန္ဒြေသိက္ခာကို တန်ဖိုးထား
လေးစားသောအားဖြင့် နှလုံးသားတစ်နေရာအတွက်
အလုပ်လျှောက်ထားရာတွင်
အချစ်တောင်းခံလွှာ (CV) နှင့်တကွ
ရင်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊
မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူတို့ကိုပါ
ပူးတွဲလျှောက်ထားသင့်ကြောင်း အကြံဉာဏ်ပေး
ဆွေးနွေးအပ်ပါတယ်။
လက်ခံသည်၊ မခံသည်ကတော့ ပိုင်ရှင်ကိုယ်တိုင်ပဲ
ဆုံးဖြတ်ပါ။

အမည်မဖော်လိုသူ

သူရှုံးသွားခဲ့ပါပြီ။ သူမပေးသော အကြံဉာဏ်များနှစ်စင်းသည်လည်း နှလုံးသားထဲထိတိုင်အောင် ထိုးဖောက်ဝင်ရောက်သွားခဲ့ပါတော့သည်။ အမည်မဖော်လိုသူဟူသော ပဟေဠိနတ်သမီးလေးသည်လည်း သူ့နှလုံးသား၏ ဟိုးအနက်ရှိုင်းဆုံးကြမ်းပြင်တိုင်အောင် . . .

ချက်ချင်းပင် လက်ရုံးအခန်းထဲသို့ပြေးဝင်၍ ပတ်တီးအဖွေးသားနှင့်ရှိနေသော သွန်းလှဲ့ရွှေစင်၏ပုံစံကိုကြည့်ကာ . . .

သူ အားပါးတရ ငိုချလိုက်ပါတော့သည်။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com

# XXXI

ဒီနေ့သည် အရာအားလုံးကြည့်ကောင်းစွာ အသက်ရှူမှုတို့ လတ်ဆတ်သော နေ့တစ်နေ့ဖြစ်ပါသည်။ တူညီစွာလှုပ်ရှားနေကြသော သက်ဝင်မှုတွေထဲမှ တချို့တလေကို ဒါရိုက်တာတစ်ယောက်အဖြစ် မွေးဖွားပြရလျှင် . . .

ပထမ နောက်ဆုံးပေါ်ကားတစ်စီး ဆေးရုံဝင်းထဲမောင်းဝင်လာပုံကို ရိုက်ပြသည်။

ဒုတိယကားတံခါးကိုရိုက်ပြသည်။ ပြီး ဆတ်ခနဲပွင့်သွားသော ကားတံခါးနောက်မှ စတိုင်လ်ပင်နှင့်အတူ လိုက်ဖက်စွာထွက်လာသည့် လယ်သာရှူးအနက်တစ်စုံ။



တတိယ အသက်ရှူမှားလောက်သော ညှို့ငင်မှုတွေနှင့် ကားအောက်သို့ ရဲတင်းစွာရောက်လာသည့် တည်ငြိမ်ခံ့ညားသောလူတစ်ယောက်ကို ခပ်ဝေးဝေးမှတစ်ချက်။ သူ့လက်ထဲမှ အဖြူရောင်ပန်းပွင့်တို့ဖြင့် ပေါင်းစုထားသည့်ပန်းစည်းကို အနီးကပ်တစ်ချက်။ ပန်းစည်းကြားမှာညှပ်ထားသော စာရွက်ကိုတစ်ချက် အနေးရိုက်ပြသည်။

စတုတ္ထ သူ့ခြေလှမ်းတို့ စတင်လိုက်ပုံကိုတစ်ချက်။ ဆေးရုံစင်္ကြံတလျှောက် အချိုးကျနစွာလျှောက်လှမ်းလာသည့်သူ့ပုံစံကို ရှေ့မှတစ်ချက်၊ ဘေးတိုက်အနေအထားမှတစ်ချက်။ သူဦးတည်ရာ အခန်းတစ်ခုကို အသားပေး ရိုက်လိုက်သည့် နောက်ကျောဘက်မှ ရိုက်ချက်တစ်ချက်။

ပြီးတော့ တံခါးဝတွင်ရပ်လိုက်သော ရင်ခုန်မှုတို့ရောစွက်နေသည့် တည်တံ့သောမျက်နှာကို အနီးကပ်တစ်ချက်ရိုက်၍ ရိုက်ကွင်းကို အဆုံးသတ်လိုက်ပါတော့သည်။

"သမီးက လျှို့ဝှက်ချက်တွေ အကုန်သိနေတော့ သားတော့ တော်တော်အံ့သြသွားမှာပဲ"

"ဟင် . . . မေမေ"

အခန်းတွင်းမှကြားလိုက်ရသော မေမေ့အသံကြောင့် ကြောင်သွားသည်။

"သူ့မှာ နာမည်နှစ်မျိုးရှိတာတွေရော . . . သူ့ရဲ့အချစ်မြားကိုရောသိနေတော့ မအံ့သြရင်တောင် တော်တော်တော့ ခံပြင်းသွားမှာပဲ။ အဲဒါ အန်တီ့ကိုကျေးဇူးတင်ရမယ်။ အန်တီ့ကြောင့်သာမဟုတ်ရင် လွယ်မှာမဟုတ်ဘူး"

အခုတော့ လက်ရုံးအားလုံးကို နားလည်သွားရလေပြီ။

"ဒါဆိုသမီးက အန်တီတို့ လူကြီးချင်းသဘောတူထားတာကို လက်ခံပြီပေါ့"

"ဟင့်အင်း . . .လက်မခံသေးဘူး"

လက်ရုံး ရင်တစ်ချက်ဆောင့်ခုန်သွားသည်။ ခုံလုံးသားထက်မှ



www.burmeseclassic.com

www.burmeseclassic.com

လည်း စစ်ခနဲ တစ်ချက်အောင့်သွားသည်။

"ဘာ . . . ဘာဖြစ်လို့လဲ သမီးရဲ့"

အသံတို့ ခဏာတိတ်သွားစဉ်

"သူ သမီးကို တစ်ခုပေးဖို့ကျန်သေးတယ်'

"ဘာလဲ"

"သူကိုယ်တိုင်ပစ်တဲ့ . . . သူ့ရဲ့အချစ်မြား"

လက်ရုံး ပီပီပြင်ပြင်ပြုံးမိသွားလေသည်။ ထို့နောက် ပန်းစည်းကြားမှာညှပ်ထားသော စာကိုဖွင့်၍ နောက်ဆုံးတစ်ခေါက် စစ်ကြည့်လိုက်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"ရပြီ"

ထို့နောက်တွင်တော့ စေ့ရုံသာစေ့ထားသောတံခါးအား ငြင်သာစွာတွန်းလိုက်ခြင်းတို့ဖြင့် ဇာတ်လမ်းတစ်ပုဒ်၏ ဇာတ်သိမ်းအား . . .



www.burmeseclassic.com

www.burmeseclassic.com

# အချစ်တောင်းခံလွှာ

ဓါတ်ပုံ

အမည် ---မောင်လက်ရုံး---

အဖအမည် ---ဦးဘုန်းပြည့်---

အမျိုးသားမှတ်ပုံတင်အမှတ် ---၁၂/သဒခ (နိုင်) ၉၀၀၁၀၀---

မွေးသက္ကရာဇ် ---၁၅ . ၆ . ၈၉---

ပညာအရည်အချင်း ---ဒုတိယနှစ် (မြန်မာစာ)---

လူမျိုး ---ဗမာ---

ကိုးကွယ်သည့်ဘာသာ ---ဗုဒ္ဓဘာသာ---

အလုပ်အကိုင် ---ကျောင်းသား---

အိမ်ထောင်ရှိ/မရှိ ---မရှိ---

အချစ်အတွေ့အကြုံရှိ/မရှိ ---မရှိ---

(ရှိပါက ဖြည့်ရန်) ------

------

ဝါသနာ ---အဖြူရောင်တို့နှစ်သက်ခြင်းနှင့်တီထွင်မှု---

အိမ်ထောင်ရေးရည်ရွယ်ချက် ---သာယာပျော်ရွှင်သောမိသားစုဘဝကိုပိုင်ဆိုင်ရန်---

အပြောချင်ဆုံးစကား ---အရမ်းချစ်တယ်---

ကျွန်တော် ---မောင်လက်ရုံး--- သည် အမှတ် ---၁၅---၊ ---ရွှေပဒေသာ--- လမ်း၊ ---လှိုင်---၊ ရပ်ကွက် (သို့မဟုတ်) မြို့နယ် ---ရန်ကုန်--- မြို့နေ အဖ ---ဦးခန့်အောင်--- အမိ ---ဒေါ်သွန်းရတီ--- တို့၏ သမီး ---မသွန်း[illegible]--- [illegible]စစ်မှန်သောချစ်မေတ္တာဖြင့်တစ်ဘဝလုံးရည်ရွယ်ကာ ချစ်မြတ်နိုးကြောင်း ဤကမ္ဘာမြေထုကို သက်သေပြု၍ သစ္စာဆိုအပ်ပါသည်။ ဤမှန်သော သစ္စာစကားကြောင့် မ ---သွန်းလဲ့ရွှေစင်--- ၏ တုံ့ပြန်ချစ်မေတ္တာကို လွယ်လင့်တကူ ရရပါစေသား။

THIRD ARROW

ကျွန်တော် ---မောင်ထူးစစ်ငြိမ်း--- မှတ်ပုံတင်အမှတ် ---၁၂/ဘသန (နိုင်) ၉၀၀၈၀၀--- ကိုင်ဆောင်ထားသူသည်အထက်ပါ ---မောင်လက်ရုံး--- ၏ သစ္စာစကားတို့ တိကျမှန်ကန်ပါကြောင်း ရဲရဲဝံ့ဝံ့ ထောက်ခံအပ်ပါသည်။

အချစ်တောင်းခံသူ၏ လက်မှတ်

အသိသက်သေလက်မှတ်

www.burmeseclassic.com

www.burmeseclassic.com

# နောက်သုံးလကြာသောအခါ



## XXXII

စာပေလောက(၅) စာအုပ်တိုက်၏ရှေ့တွင် လူတွေစုရုံးစုရုံးဖြင့် တစ်စုံတစ်ခုသော အရာအတွက် ပေါင်းစုနေကြသည်။ ထိုသူတွေအားလုံးတို့၏လက်ထဲတွင် စာအုပ်တစ်အုပ်စီ ကိုင်ထားပါ၏။ တချို့ကလည်း နှစ်အုပ်။

ထိုစာအုပ်လေးများ၏ အရှေ့ဖုံးတွင် စာရေးသူနာမည်နှင့် စာအုပ်နာမည်ကို ထင်ရှားအောင် စာလုံးကြီးကြီးဖြင့် ရေးထိုးထားသည်။

ထိုစာနှစ်ကြောင်းကား . . .

**ထူးစစ်**

**အချစ်တောင်းခံလွှာ**

ဟူ၍ဖြစ်လေသည်။

ጙ ጙ ጙ



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

ထိုလူအုပ်ကြီး၏အလယ်တွင် လူတစ်ယောက်ထိုင်ကာ စာအုပ်များကို လက်မှတ်ထိုးပေးလျက်ရှိသည်။ ထိုသူ၏မျက်နှာသည် ကျေနပ်ပျော်ရွှင်သော အရိပ်အငွေ့တွေဖြင့် ယှက်သိုင်းလျက်ရှိသည်။ သူ၏ဘေးမှာကား အပြုံးကိုတန်ဖိုးထားပန်ဆင်ထားသည့် အဖြူရောင်ထက်အောက်ဝတ်ထားသော ကောင်မလေးတစ်ယောက် . . .


ထိုကောင်မလေး၏လက်ထဲတွင် စာရွက်ဖြူတစ်ရွက်ကိုင်ထားပါသေးသည်။

ထိုစာရွက်ကား . . .

**သိုးဆောင်း**

မြန်မာစံတော်ချိန်နံနက်(၃)နာရီ (၁၅)မိနစ်
ရှိပါပြီခင်ဗျာ

BURMESE CLASSIC .com




www.burmeseclassic.com